# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ခန္ဓာငါးပါးကို မပြတ်ရှုမြင်**

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသောပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၃)


၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက် | ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၅ ရက်၊ တနင်္လာနေ့ | အတွဲ (၆၂)၊ အမှတ် (၀၆၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကမ္ဘာ့ငါးသလောက်ဈေးကွက်၌ မြန်မာ့ငါးသလောက် နေရာတစ်နေရာရရှိရေး သုတေသနလုပ်ငန်းများ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်

ရန်ကုန် ဒီဇင်ဘာ ၄

အိမ်နီးချင်းနိုင်ငံများ နည်းတူ မြန်မာနိုင်ငံ၌ ငါးသလောက်သားဖောက်ခြင်းလုပ်ငန်း အောင်မြင်မှုရှိသော်လည်း သားပေါက်များ ရှင်သန်မှုမရှိသောကြောင့် ကမ္ဘာ့ငါးသလောက် ဈေးကွက်၌ အရသာကောင်းမွန်သော မြန်မာ့ငါးသလောက်နေရာတစ်နေရာရရှိရေးအတွက် သုတေသနလုပ်ငန်းများ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သိရသည်။

ရေငန်တွင် နေထိုင်ပြီး သားပေါက်ရာသီ၌ ရေချိုရှိရာမြစ်၊ ချောင်းတို့တွင် သားပေါက်လေ့ရှိသော ငါးသလောက်ကို အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် သားဖောက်လုပ်ငန်း အောင်မြင်သော်လည်း သားပေါက်မှ ဆက်လက်မွေးမြူစဉ် သေဆုံးမှုကြောင့် မူလအတိုင်း သဘာဝရေပြင်တို့၌သာ မွေးမြူလျက်ရှိကြသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ငါးသလောက်ကို သတ်မှတ်ကာလ

*စာမျက်နှာ ၃ ကော်လံ ၁* ❑



ပင်လယ်ပြင်မှ ဖမ်းဆီးရမိသော ငါးများ ဆိပ်ကမ်း၌ တင်ချစဉ်။


**ယနေ့**

*ဖတ်စရာ*

**ကျဆုံးလေပြီးသော သူရဲကောင်းစစ်သည်များအတွက် နဝမအကြိမ်မြောက် အောက်မေ့ဖွယ် ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနား ကျင်းပပြုလုပ်**

ပြည်တွင်းသတင်း စာ ၅

**အချိုးကျကိုယ်စားပြုစနစ် ( PR ) နှင့် မြန်မာနိုင်ငံ**

ဆောင်းပါး စာ ၈

**တာလီဘန်တို့၏ အုပ်ချုပ်မှုအောက်မှ အာဖဂန်နစ္စတန်အမျိုးသမီးတို့၏ ဘဝများ**

နိုင်ငံတကာရေးရာ စာ ၁၄


## ထူးခြားသည့် ညအပူချိန်များ

၄-၁၂-၂၀၂၂

| | | |
|---|---|---|
| ဟားခါးမြို့ | ၂ | ဒီဂရီစင်တီဂရိတ် |
| ပူတာအိုမြို့ | ၈ | ဒီဂရီစင်တီဂရိတ် |
| ကျောက်မဲမြို့ | ၈ | ဒီဂရီစင်တီဂရိတ် |
| တီးတိန်မြို့ | ၈ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင်မြို့ | ၈ | ဒီဂရီစင်တီဂရိတ် |
| မိုးကုတ်မြို့ | ၉ | ဒီဂရီစင်တီဂရိတ် |

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းတစ်ပိဿာ ငွေကျပ် ၄၆၃၀ ဖြစ်

နေပြည်တော် ဒီဇင်ဘာ ၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့ သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၅ ရက်မှ ၁၁ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၄၆၃၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

*စာမျက်နှာ ၃ ကော်လံ ၅* ◆

မြန်မာ့အလင်း

# နက်နဲသောအသိအမြင်ဖြင့်ခံယူ တက်တက်ကြွကြွပူးပေါင်းပါဝင်

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟူသည် ထိုနိုင်ငံတွင် အရင်းအနှီးများ စုဆောင်းထားနိုင်ခြင်း၊ ရေမြေသယံဇာတများ ပိုင်ဆိုင်ခြင်း၊ သဘာဝတွင်းထွက်များရှိခြင်း စသည်တို့နှင့်သာ သက်ဆိုင်သည်မဟုတ်ဘဲ ထိုနိုင်ငံတွင် ပိုမို၍ ကောင်းမွန်သော လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ ဖွဲ့စည်းမှုများရှိခြင်း၊ ပြည်သူ့ကျန်းမာရေးနှင့် ပညာရေးအဆင့်များကို တိုးမြှင့်ပေးနိုင်ခြင်း၊ ပြည်သူလူထုအား ရည်ရွယ်ချက်မြင့်မားအောင် လှုံ့ဆော်ပေးနိုင်ခြင်းတို့လည်း လိုအပ်သည်ဟု ပညာရှင်များက ဆိုသည်။

ယနေ့ကမ္ဘာပေါ်တွင် အင်အားကြီးနိုင်ငံနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအရေအတွက်ထက် ဖွံ့ဖြိုးဆဲနှင့် ဆင်းရဲနွမ်းပါးသည့် နိုင်ငံအရေအတွက်က ပို၍များနေသည်။ ကမ္ဘာ့နိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာခြားကြရခြင်းတွင် လူမျိုးတစ်မျိုးနှင့် တစ်မျိုး ကာယ၊ ဉာဏ၊ ဖွဲ့လုံ့လဝီရိယ စသည့်အရည်အချင်းများ ကွာခြားခြင်းကြောင့်ဖြစ်သည်ဟူသော ယူဆချက်များရှိသလို လူမျိုးတစ်မျိုးနှင့်တစ်မျိုးအကြား ဓလေ့ထုံးတမ်း ယဉ်ကျေးမှု၊ တွေးခေါ်မြော်မြင်မှု၊ ဘဝအပေါ်ခံယူချက် စသည့်ပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းတရားများ မတူညီခြင်းကြောင့်ဖြစ်သည်ဟူသော ယူဆချက်များလည်းရှိသည်။

ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနိုင်ငံ (LDCs) ၄၆ နိုင်ငံရှိရာ အာဖရိကမှ ၃၃ နိုင်ငံ၊ အာရှမှ မြန်မာနိုင်ငံအပါအဝင် ကိုးနိုင်ငံ၊ ကာရစ်ဘီယံဒေသမှ တစ်နိုင်ငံနှင့် ပစိဖိတ်ဒေသမှ သုံးနိုင်ငံတို့ပါဝင်သည်။ မိမိတို့နိုင်ငံသည် ကိုလိုနီနိုင်ငံဘဝ နှစ်ပေါင်းရာကျော် ကျရောက်ခဲ့ရပြီး ဒုတိယကမ္ဘာစစ်ကာလတွင်လည်း စစ်ဒဏ်ကို နှစ်ကြိမ်ခံခဲ့ရ၍ နိုင်ငံ့စီးပွားအရင်းအမြစ်များ ပြာပုံဘဝ ကျရောက်ခဲ့ရသည်။ လွတ်လပ်ရေးရပြီးနောက်တွင်လည်း ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ ဝဲဩဃထဲသို့ ရောက်ရှိသွားခဲ့ပြီး ဆိုရှယ်လစ်နိုင်ငံထူထောင်မှုတွင် စီမံခန့်ခွဲမှုအားနည်းချက်များနှင့် စီမံကိန်းချစီးပွားရေးစနစ် မအောင်မြင်မှုများ ကြုံတွေ့ရကာ LDC နိုင်ငံဘဝသို့ ရောက်ရှိသွားခဲ့ရခြင်းဖြစ်သည်။

သုတေသီများ၏ အဆိုအမိန့်များအရ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအဖို့ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲနွမ်းပါးမှုတို့ကို အဆုံးအဖြတ်ပေးနိုင်သော အကြောင်းအရာသည် ပြည်တွင်းအင်အားပင်ဖြစ်သည်။ ပြည်တွင်း၌ရှိနေသော ဓနငွေကြေး၊ ရုပ်ဝတ္ထုနှင့် လူ့စွမ်းအားတို့ကို မှန်မှန်ကန်ကန်အသုံးချ၍ နိုင်ငံဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင် ခိုင်မာအားကောင်းသည့် အမျိုးသားရေးအားမာန် လိုအပ်သကဲ့သို့ ယင်းအားမာန်ကို လက်တွေ့စွမ်းဆောင်မှုအဖြစ် ပြောင်းလဲပေးနိုင်သည့် အရည်အသွေးနှင့် အရည်အချင်းတို့ ခေါင်းဆောင်တွင်ရော ပြည်သူတွင်ပါ နှစ်ဖက်စလုံးမှာ ရှိနေရမည်ဟု အဆိုရှိသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာ၊ နည်းဗျူဟာများကို ရေးဆွဲပြီး ယင်းတို့ကို ပြည်သူလူထုက ဘဝင်ကျကျနားလည်လက်ခံလာသည်အထိ ရှင်းလင်းပြကြရန်နှင့် ပြည်သူလူထုက နက်နဲသောအသိအမြင်ဖြင့် ခံယူလာကာ တစ်စုံတစ်ရာ နှိုးဆော်မှုမပါဘဲ တက်တက်ကြွကြွ ပူးပေါင်းပါဝင်လာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းနိုင်မည်ဟုလည်း ဆိုထားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မိမိတို့ နိုင်ငံတွင် ဖြစ်ပေါ်နေသည့် ပကတိအခြေအနေများနှင့်အညီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၉) ရပ်တို့ကို အတိအလင်းချပြကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် သက်ဆိုင်ရာ ကဏ္ဍအလိုက်ပြည်သူလူထုတစ်ရပ်လုံးက တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သည်နှင့်အမျှ နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့်ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုတို့ အလျင်အမြန်ရရှိနိုင်ပါမည့်အကြောင်း။ ။

## SIM Card များ မှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များ မှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့်အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက် မှန်ကန်စွာဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ ဆင်းကတ်မှတ်ပုံတင်သည့် အမည် / နိုင်ငံသား စိစစ်ရေးကတ်အမှတ်တို့ကို မှန်/မမှန် စစ်ဆေးပြီး၊ ပြင်ဆင်ရန်လိုအပ်ပါက (၃၁-၁-၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏ အမည် / နိုင်ငံသားစိစစ်ရေး ကတ်အမှတ်တို့ မှန်မမှန် စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) အတွက် ***601#** ၊ Atom အတွက် ***979*3*3#** ၊ Ooredoo အတွက် ***666#** ၊ Mytel အတွက် ***966#** သို့ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာ အော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

## စုပေါင်းလမ်းလျှောက်ပွဲ



❊ ဟေမာန်ဆောင်းလ ဒီဇင်ဘာ
ခြေခင်းလက်ခင်းသာ၊
ငွေနှင်းမှုန်လွှာ ဖြန့်ဝေဆင်း
ကောင်းသော နံနက်ခင်း။

❊ မြောက်ပြန်လေညင်း သုန်သုန်ချီ
ကျေးငှက်တေးချိုသီ၊
တို့များတူညီ လမ်းလျှောက်ထွက်
နေဝန်းရောင်နီလက်။

❊ ကိုယ်လက်လှုပ်ရှား ကစားလျှင်
ချွေးများ စို့စို့လွှင်၊
စိတ်နဲ့ကိုယ်တွင် ရောဂါကင်း
သက်ရှည်ကျန်းမာခြင်း။

❊ လှပအဆင်း နုပျိုကာ
ဆေးဝါးမလိုပါ၊
ဖျားတာနာတာ ကိုယ်မငြိ
ကျန်းမာပကတိ။

❊ လမ်းလျှောက်ခြင်း၏ ကောင်းကျိုးတွေ
လူတိုင်းရနိုင်စေ၊
ဖော်သဟာဆွေ ကျန်းမာရေး
ကိုယ်လက်လှုပ်ရှားပေး။

❊ နွေးနွေးထွေးထွေး ပျော်ပျော်ရွှင်
သည်လ သည်ချိန်တွင်၊
အားလုံးပါဝင် ဆင်ယင်နွှဲ
စုပေါင်း လမ်းလျှောက်ပွဲ။ ။

**မောင်လေပြေ(တောင်တွင်း)**

## နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၄**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ မိုး/ဇလ

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) ဘော်လီဘော(ကျား / မ)ပြိုင်ပွဲ ဒီဇင်ဘာ ၅ ရက်မှ ၁၃ ရက်အထိကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၄**

၂၀၂၃ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး(အလွတ်တန်းဖိတ်ခေါ်) ဘော်လီဘော(ကျား/မ) ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အသင်းအုပ်ချုပ်သူများနှင့် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ကျင်းပသည်။

အခမ်းအနားတွင် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက မြန်မာ့ဘော်လီဘော အားကစား အဆင့်အတန်း တိုးတက် မြင့်မားလာစေရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးမှ မျိုးဆက်သစ်ဘော်လီဘော အားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် ယခုပြိုင်ပွဲမှတစ်ဆင့် ထူးချွန်ထက်မြက်သော ဘော်လီဘောအားကစားသမားများပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်၍ ပြိုင်ပွဲကို ကျင်းပ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။ ပြိုင်ပွဲတွင် ဆုကြေးငွေများအဖြစ် ပထမဆု ကျပ်သိန်း ၃၀၊ ဒုတိယဆု ကျပ် သိန်း၂၀၊ တတိယဆု ကျပ် ၁၅ သိန်း၊ စတုတ္ထဆု ကျပ် ၁၀ သိန်းနှင့် နေရာအလိုက်အကောင်းဆုံးဆုများအတွက် ဆုတံဆိပ်များအပြင် ငွေသားဆုကျပ် တစ်သိန်းနှုန်းဖြင့် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာသူများက တင်ပြဆွေးနွေးရာ ဒုတိယ ညွှန်ကြားရေးမှူးချုပ်က ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးပြီး အုပ်စုမဲနှိုက်ခြင်းနှင့် ပွဲစဉ်ဇယားရေးဆွဲခြင်းများကို ပြုလုပ်သည်။

အဆိုပါပြိုင်ပွဲကို ဒီဇင်ဘာ ၅ ရက်မှ ၁၃ ရက်အထိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အမျိုးသား ၁၅ သင်း၊ အမျိုးသမီး ၁၀ သင်း၊ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**အားကာမောင်**

# ဒီဇင်ဘာပထမပတ် အားကစားလှုပ်ရှားမှုအဖြစ် လူထုစုပေါင်းလမ်းလျှောက်ပွဲ ရွှေဘိုမြို့တွင် ကျင်းပ




**ရွှေဘို ဒီဇင်ဘာ ၄**

ဒီဇင်ဘာပထမပတ် လူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၃ ရက် နံနက် ၅ နာရီ ၁၅ မိနစ်က ရွှေဘိုမြို့ အမှတ်(၂)ရပ်ကွက် ရန်ကြီးအောင်ပန်းခြံထိပ်စုရပ်နေရာတွင် ကျင်းပသည်။

စုပေါင်းလမ်းလျှောက်ပွဲသို့ ရွှေဘိုခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးဦး၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံများ စုစုပေါင်း ၁၀၀၀ ခန့် တက်ရောက်နေရာယူကြပြီး စုရပ်နေရာမှရန်ကြီးအောင်လမ်း၊ ဆင်ဖြူရှင်လမ်း၊ အနော်ရထာလမ်းမှ အမှတ်(၃)ရပ်ကွက် ဘိုကုန်းလမ်းရှိ ရန်ကြီးအောင် အားကစားကွင်းအတွင်းအထိ စုပေါင်း လမ်းလျှောက်ပွဲကို ပျော်ရွှင်စွာ ဆင်နွှဲရောက်ရှိကာ စုပေါင်းကိုယ်လက်လှုပ်ရှားအတွဲ ၁/၂ Myanmar Fitness Dance လေ့ကျင့်ခန်းများ စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ ၀၄၀

# ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပသည့် “(၁၀) ကြိမ်မြောက် ရုရှားတရားသူကြီးများ ညီလာခံ” သို့ တက်ရောက်ဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၄

**ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ် H.E. Mr. Vyacheslav Lebedev နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားသူကြီးများကောင်စီဥက္ကဋ္ဌ H.E. Mr. Victor Momotov တို့၏ ဖိတ်ကြားချက်အရ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ကျင်းပသော “(၁၀) ကြိမ်မြောက် ရုရှား တရားသူကြီးများ ညီလာခံ”သို့ တက်ရောက်ဆွေးနွေးခဲ့သည်။**(ယာပုံ)

အဆိုပါ ညီလာခံသို့ အာမေနီးယားသမ္မတနိုင်ငံ၊ အဇာဘိုင်ဂျန်နိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံ၊ ကျူးဘားနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အီရန်နိုင်ငံ၊ ကာဇက်စတန်နိုင်ငံ၊ ကာဂျစ္စတန်နိုင်ငံ၊ တာဂျစ်ကစ္စတန်နိုင်ငံ၊ ဥဇဘက်ကစ္စတန်နိုင်ငံ၊ လွတ်လပ်သော နေသဟာရပြည်နယ်များ၊ ယူရေးရှမ်း စီးပွားရေးပြည်ထောင်စုနှင့် အက်ဘ်ခါဇီးယား သမ္မတနိုင်ငံတို့မှ တရားသူကြီးချုပ်များ၊ ဥက္ကဋ္ဌများ၊ တရားသူကြီးများနှင့် ကော်မတီအတွင်းရေးမှူးချုပ်များလည်း တက်ရောက်ကြသည်။

ယင်းညီလာခံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ H.E. Mr. Vladimir Putin တက်ရောက် အမှာစကားပြောကြားသည်။

ထို့ပြင် အဆိုပါညီလာခံ၌ ရုရှားနိုင်ငံ၏ လက်ရှိ တရားရုံးများစနစ်ကို သုံးသပ်အကဲဖြတ်ခြင်း၊ တိုးတက်မှုရှိမည့် အလားအလာများ ချမှတ်ခြင်းနှင့် ရုရှားနိုင်ငံ၌ ပိုမိုကောင်းမွန်သည့် တရားစီရင်မှု ဖြစ်ပေါ်လာရေးတို့နှင့်စပ်လျဉ်း၍ တရားစီရင်ရေးဆိုင်ရာ အဆိုပြုချက်များ ဖော်ထုတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရားရုံးချုပ်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စု တရားလွှတ်တော်ချုပ်တို့အကြား တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဥပဒေဆိုင်ရာကိစ္စရပ်များတွင် ဖြေရှင်းဆောင်ရွက်မှု အတွေ့အကြုံများကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

(၁၀) ကြိမ်မြောက် ရုရှားတရားသူကြီးများ ညီလာခံသို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦးလည်း တက်ရောက်ခဲ့သည်။

ရုရှားခရီးစဉ်အတွင်း ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားသူကြီးများ ကောင်စီဥက္ကဋ္ဌ H.E. Mr. Victor Momotov နှင့် သီးခြားတွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း ပြည်နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲသို့ တက်ရောက်အားပေး



နေပြည်တော် ဒီဇင်ဘာ ၄

၂၀၂၂ - ၂၀၂၃ ပညာသင်နှစ်၊ အခြေခံပညာ မူလတန်းနှင့် အလယ်တန်း ကျောင်းသား ကျောင်းသူများ (ပြည်နယ်အဆင့်) အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည် ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းခန်းမဆောင်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများအနေဖြင့် ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်နေသည့် ပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးပြီး ထူးချွန်ထက်မြက်သည့် အနာဂတ်သားကောင်းရတနာ၊ သမီးကောင်းရတနာလေးများ ဖြစ်လာစေရန် ကြိုးစားအားထုတ်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ပညာရေးမှူးက အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျောင်းသား ကျောင်းသူများ၏ ဝင်ရောက် ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြဆည်းဆာပရိယတ္တိစာသင်တိုက်၊ ဘိုးဘွားရိပ်သာနှင့် မိဘမဲ့ဂေဟာအတွင်း ဆောက်လုပ်လှူဒါန်း ပြီးစီးခဲ့သည့် ထွန်းသမဏသုခကျောင်းဆောင် အမှတ်(၁)နှင့် အမှတ်(၂)၊ အဖွားဆောင်၊ ဝန်ထမ်းဆောင်၊ အုတ်တံတိုင်းခြံစည်းရိုးနှင့် မုခ်ဦးတို့အား ဆောက်လုပ်လှူဒါန်းခြင်း ရေစက်ချ အလှူတော်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်ပြီး မြစေတီစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အရှင်သူမြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်၍ သံဃာတော် အရှင်သူမြတ်များ ရွတ်ပွား သရဇ္ဈာယ်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး အလှူရှင် အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးလှထွန်း (ငရုတ်သီးမှုန့်လုပ်ငန်း) မိသားစုမှ စုစုပေါင်းလှူဒါန်းငွေကျပ်သိန်း ၁၁၄၀၀ ကျော်ဖြင့် ဆောက်လုပ်လှူဒါန်းပြီးစီးခဲ့သည့် ကျောင်းဆောင်သစ်များ အပါအဝင် အခြားလှူဒါန်းမှု အစုစုတို့အတွက် အနုမောဒနာ တရားနာယူကြည်ညိုပြီး ရေစက်သွန်းချ အမျှပေးဝေကာ ဆရာတော် အရှင်သူမြတ်များကို နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**

❑ *ရှေ့ဖုံးမှ*

အတွင်းသာ ဖမ်းဆီးရန် ခွင့်ပြုထားပြီး မျိုးစိတ်များ ပျောက်ကွယ်မှု မရှိစေရန်နှင့် တရားမဝင်ဖမ်းဆီးမှုမရှိစေရန် ကြပ်မတ်ဆောင်ရွက်ထားကာ ကမ္ဘာ့ငါးသလောက်စားသုံးမှု လိုအပ်ချက်ကို ဟန်ချက်ညီ ထိန်းညှိ၍ ငါးသလောက် ရေထွက်ကုန်တင်ပို့မှုမှ နှစ်စဉ်နိုင်ငံခြားဝင်ငွေ ရရှိလျက်ရှိသည်။ ကမ္ဘာ့ငါးသလောက် ဈေးကွက်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဦးဆောင်ထားကာ နိုင်ငံ၏ အမျိုးသား ရေထွက်ကုန်အဖြစ် သတ်မှတ်ထိန်းချုပ်ထားသည်။

မြန်မာနိုင်ငံ၌ ဧရာဝတီမြစ်မှ ရရှိသော ငါးသလောက်သည် အရသာကောင်းမွန်သောကြောင့်မြန်မာ့ငါးသလောက်အဖြစ်နာမည်ကျော်လျက်ရှိပြီး မျိုးပွားရှင်သန်စေသော အရွယ်ပါမကျန် ဖမ်းဆီးခြင်းကြောင့် ငါးသလောက် မျိုးပွားခြင်းကွင်းဆက်ပြတ်ခဲ့ရာ ငါးသလောက် မျိုးဆက် ပြန်လည်ရှင်သန်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနက ထိန်းချုပ်ဆောင်ရွက်လျက်ရှိသည်။

“ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ငါးသလောက်ကို သုတေသနလုပ်ငန်းတွေ လုပ်ထားတာရှိတယ်။ မွေးမြူလို့တော့ မရသေးဘူး။ သဘာဝရေပြင်မှာပဲ ထားလို့ရတယ်၊ အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာလည်း သားဖောက်အဆင့်ပဲ အောင်မြင်ပြီး အကောင်ပေါက်အောင် မွေးမြူလို့မရခဲ့ကြဘူး။ ဒါကြောင့် သဘာဝရေပြင်မှာပဲ ဇရိယာသတ်မှတ်ပြီး ထိန်းသိမ်းစောင့်ရှောက်မှုနဲ့ သူတို့မွေးမြူလာကြတာ နှစ်ပေါင်း ၂၀ ကျော်ပြီ။ သဘာဝနေရာမှာပဲ ရှိနေတာဟာ အကောင်းဆုံးဖြစ်တာကြောင့် ဒါကိုပဲ ဆက်ပြီးထိန်းသိမ်းခဲ့ကြတယ်။ အကောင်ပေါက်ပြီး ရှင်သန်ကြီးထွားတဲ့အဆင့်ကို မြန်မာနိုင်ငံတစ်နိုင်ငံတည်း မဟုတ်ဘူး။ အိမ်နီးချင်းနိုင်ငံတွေလည်း မအောင်မြင် သေးဘူး။ ဘင်္ဂလားဒေ့ရှ်ကတော့ ငါးသလောက်ကို နိုင်ငံရဲ့ အမျိုးသားငါးအဖြစ် သတ်မှတ်ပြီး ပြည်ပကို ပို့နေတယ်။ မြန်မာ့ငါးသလောက် ဆက်ပြီးရှင်သန်ဖို့ ဆိုရင် သုတေသနလုပ်ငန်းတွေ များများလုပ်ဖို့လို မယ်။ တားမြစ်ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်တွေကို ရေလုပ်သားတွေ လိုက်နာဆောင်ရွက်ပြီး ကျန်တဲ့ဌာနဆိုင်ရာတွေ ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုရင် မြန်မာ့ငါးသလောက်ဟာ ပြည်ပပို့ကုန်တစ်ခုအဖြစ် နိုင်ငံခြားဝင်ငွေရရှိပြီး ဈေးကွက်မှာလည်း ရပ်တည်လာနိုင်မှာပါ” ဟု နေပြည်တော် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာ့ငါးသလောက် ပြန်လည်ရှင်သန်နိုင်ရန် အချိန်တစ်ခုရယူရန် လိုအပ်ပြီး ယခုနှစ်တွင် ငါးသလောက် ထိန်းသိမ်းရေးဇရိယာများကို ဖော်ထုတ်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး၌ သားပေါက် ဇရိယာ ၁၁ နေရာသတ်မှတ်၍ တစ်နှစ်ပတ်လုံး မဖမ်းဆီးရန် ဆောင်ရွက်လျက်ရှိကာ အချို့မြစ်၊ ချောင်းများ၌ သတ်မှတ်ထားသော ကာလအတွင်း ဖမ်းဆီးရန် ခွင့်ပြုထားသည်။ လက်ရှိတွင် မြန်မာ့ငါးသလောက်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့လျက်ရှိပြီး ဥကပ်နေသောငါးသလောက်များကို ငါးသလောက်ဥ ဈေးကွက်တစ်ခုအဖြစ် ပြည်တွင်း၌ ရောင်းချလျက်ရှိရာ မျိုးပွားရန် အသင့်ရှိနေသော ငါးသလောက်များကို ထိန်းသိမ်းရန်လိုအပ်လျက်ရှိကြောင်း သိရသည်။ **ညိမ်းသူ (သတင်းစဉ်)**

◆ *ရှေ့ဖုံးမှ*

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၄**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရွာနှုန်း ၆၀ ဖြစ်သည်။

**မိုး/ဇလ**

# အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် အားကစားပြိုင်ပွဲများသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်အားပေး

**ပဲခူး ဒီဇင်ဘာ ၄**

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်အမှာစကား ပြောကြားခဲ့ပြီး အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ကာ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ပေးပို့သည့် သဝဏ်လွှာ Video Clip နှင့် မသန်စွမ်းမှုအသိပညာပေး Video Clip တို့ကို ကြည့်ရှုကြသည်။

အဆိုပါ အခမ်းအနားတွင် မသန်စွမ်းကလေးငယ်များက အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခြင်း၊ မသန်စွမ်းကလေးငယ်များနှင့် မိဘများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခြင်းနှင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် ဆုရစာစီစာကုံးများ လှည့်လည်ကြည့်ရှု အားပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်၍ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြပြီး ဆုရရှိသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။(ယာပုံ)

သတင်းစဉ်



# ရှမ်းပြည်နယ်အတွင်း လယ်ယာကဏ္ဍနှင့် မွေးမြူရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၄**

စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာရေးနှင့် အကျိုးစီးပွား ဖြစ်ထွန်းစေမည့် ထုတ်လုပ်မှုဖြစ်စေရေးအတွက် လိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်ပေးရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ရှမ်းပြည်နယ် (တောင်ပိုင်း) တွင် ကွင်းဆင်းဆောင်ရွက်ကြသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းက အောင်ပန်းမြို့ သုတေသနဗဟိုဌာနသို့ သွားရောက်၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသအလိုက်၊ သီးနှံအလိုက် တောင်သူအကျိုးစီးပွား ဖြစ်ထွန်းစေမည့် သီးနှံပုံစံ အစီအမံများ ရေးဆွဲချမှတ်ဆောင်ရွက်ကြရန် လိုအပ်ချက်များ၊ ဒေသနှင့်ကိုက်ညီပြီး ရောဂါဒဏ်ခံနိုင်သည့် အထွက်ကောင်းမျိုးများနှင့်နည်းပညာများ ဖြန့်ဖြူးပေးနိုင်ရေးအတွက် တာဝန်ရှိသူများအပိုင်းက ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ချက်များနှင့် သီးထပ်သီးညှပ်တိုးမြှင့် စိုက်ပျိုးနိုင်ရေး လိုအပ်ချက်များကို ဆွေးနွေးမှာကြားကာ ရေငတ်ဒဏ်ခံ အထွက်ကောင်း ဂျုံမျိုးများ စံပြစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် စိုက်ပျိုးရေးသိပ္ပံ (ဟဲဟိုး)သို့ သွားရောက်၍ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ဟဲဟိုးနှင့် ဒီးမော့ဆို (ပထမနှစ်) ဝင်ခွင့်ရရှိသော ကျောင်းသားကျောင်းသူများ လက်ခံထားရှိမှုနှင့် မွေးမြူရေးဒီပလိုမာသင်တန်းအတွက် စာသင်ဆောင်၊ လက်တွေ့ဆောင်၊ အသေးစား ခတ်ခွဲခန်းနှင့် မွေးမြူရေးခြံများ တည်ဆောက်ထားရှိမှု၊ နွား၊ ဝက်၊ ဥစားကြက်၊ အသားတိုးကြက်၊ ဆိတ်များမွေးမြူရန် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်းနှင့်အတူ ရှမ်းပြည်နယ် (တောင်ပိုင်း) မွေးမြူရေး လုပ်ငန်းရှင်များ၊ မွေးမြူရေး တောင်သူများနှင့် တွေ့ဆုံကာ ရှမ်းပြည်နယ်၏ အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက် ထုတ်လုပ်နိုင်ရေးနှင့် မွေးမြူရေးကဏ္ဍ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေး ဆိုင်ရာများကို ညှိနှိုင်းဆွေးနွေးကြပြီး ရှမ်းပြည်နယ်အတွင်း ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ဘေးဒုက္ခခံစားနေရသောဒေသရှိ ပြည်သူများထံ အာဆီယံ အပေါင်းသုံး အရေးပေါ်ဆန် ရိက္ခာအစီအစဉ်-၃ အရ ဂျပန်နိုင်ငံမှ လှူဒါန်းသော ဆန်ရိက္ခာများကို ဒုတိယဝန်ကြီးက ပြည်နယ်ဝန်ကြီးချုပ်ထံ လွှဲပြောင်းပေးအပ်သည်။(ဝဲပုံ)

သတင်းစဉ်

# နေပြည်တော်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် နွေစပါး စီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် နွေစပါး စီမံကိန်း အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။(**အောက်ပုံ**)

ရှေးဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်က နိုင်ငံတော်၏ အဓိကစားနပ်ရိက္ခာ သီးနှံဖြစ်သည့် ဆန်စပါးစိုက်ပျိုးရေး ထုတ်လုပ်မှု တိုးတက်ရေးအတွက် နည်းလမ်းများစွာဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ သီးနှံများ၏ အထွက်နှုန်းတိုးတက်ခြင်း၊ ဈေးနှုန်းနှင့် ဈေးကွက်သေချာခြင်း၊ တောင်သူများ ဝင်ငွေပိုမိုရရှိစေခြင်းတို့ဖြင့် နိုင်ငံ့စီးပွားတိုးတက်မြင့်မားလာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရန်၊ အကျိုးတူလယ်ယာစနစ် ဆောင်ရွက်သူနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပြည်ပဈေးကွက်များသို့ ပိုမိုချိတ်ဆက်ရရှိစေရန်၊ အကျိုးတူ လယ်ယာစနစ်တွင် ပါဝင်သည့် အစုအဖွဲ့တိုင်း အကျိုးအမြတ်ရရှိစေရန်၊ ပူးပေါင်းဆောင်ရွက်သည့် စနစ်အပေါ် အလေ့အကျင့်ရရှိစေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အထွက်နှုန်းကောင်းမွန်သည့် စပါးများ စိုက်ပျိုးနိုင်ရေး၊ နွေစပါးစိုက်ပျိုးမည့် လျာထားစိုက်ပျိုးဧကများ ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေ လုံလောက်အောင်ရရှိရေးနှင့် စိုက်ပျိုးနည်းစနစ်အတတ်ပညာများ မျှဝေပေးရေးတို့ကို သက်ဆိုင်ရာဌာနများက ပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ နေပြည်တော်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် နွေစပါး စီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အလေးထားကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းနှင့် ဆန်စပါးလုပ်ငန်းရှင်များက ၂၀၂၂-၂၀၂၃ ခုနှစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် နွေစပါးစိုက်ပျိုးထုတ်လုပ်မည့် လုပ်ငန်းများ၊ ရေလှောင်တမံများ၏ ရေသိုလှောင်မှု အခြေအနေများနှင့် စိုက်ပျိုးရေပေးဝေနိုင်မှု အခြေအနေများ၊ ရေရရှိရေးနည်းလမ်းများအလိုက် စိုက်ပျိုးထုတ်လုပ်မည့် အစီအစဉ်များ၊ နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ်များ၊ စက်မှုလယ်ယာ ကိစ္စရပ်များနှင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်က တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်ချက်များကို ပြန်လည်ဖြည့်စွက်ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပဲခူးမြို့၌ (၈၂) ကြိမ်မြောက် ဝိနယတံခွန်ပရိယတ္တိအခြေပြု ရေးဖြေစာမေးပွဲ ကျင်းပ

**ပဲခူး ဒီဇင်ဘာ ၄**

ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး၌ ဒီဇင်ဘာ ၃ရက် မွန်းလွဲပိုင်းက ဝိနယတံခွန်ပရိယတ္တိ ပူဇာနုဂ္ဂဟ အသင်းကြီးက ကြီးမှူး၍ (၈၂)ကြိမ်မြောက် ဝိနယတံခွန်ပရိယတ္တိအခြေပြု ရေးဖြေစာမေးပွဲ ကျင်းပခဲ့သည်။

အဆိုပါ ဝိနယတံခွန် ဝိနည်းရေးဖြေစာမေးပွဲကို ဒီဇင်ဘာ ၃ ရက်မှ ၄ ရက်အထိ ကျင်းပခဲ့ပြီး ဒီဇင်ဘာ ၃ ရက်က ပဲခူးခရိုင်နှင့်ညောင်လေးပင်ခရိုင်တို့ရှိ မြို့နယ်များမှ စာသင်သားသံဃာတော် ၁၃၅၃ ပါးတို့က သာမဏေရသီလသိက္ခာ(အငယ်တန်း)နှင့် သာမဏေရသီလသိက္ခာ(အကြီးတန်း)တို့အား ဖြေဆိုတော်မူခဲ့ကြပြီး ဒီဇင်ဘာ ၄ ရက်တွင် ပါတိမောက္ခသီလသိက္ခာတန်းအား စာသင်သားသံဃာတော် ၂၆၉ ပါးတို့ ဖြေဆိုခဲ့ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ကျဆုံးလေပြီးသော သူရဲကောင်းစစ်သည်များအတွက် နဝမအကြိမ်မြောက် အောက်မေ့ဖွယ် ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်း အခမ်းအနား ကျင်းပပြုလုပ်



**နေပြည်တော် ဒီဇင်ဘာ ၄**

နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းပြည်တာဝန် ထမ်းဆောင်ရင်း အသက်ပေး ကျဆုံးသွားခဲ့သည့် ခေတ်အဆက်ဆက်မှ ကျဆုံး စစ်သည်များအား အောက်မေ့ဖွယ် ဂါရဝပြု ဆုတောင်းပွဲနှင့် အလေးပြုခြင်း အခမ်းအနားအား နဝမအကြိမ်မြောက်အဖြစ် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ သူရဲကောင်းဗိမာန် (နေပြည်တော်)၌ ကျင်းပပြုလုပ် သည်။**(ယာပုံ)**

အဆိုပါ ဂါရဝပြုဆုတောင်းပွဲတွင် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦး၊ စစ်ဦးစီးအရာရှိချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဖွဲ့ဝင်းမြင့်၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယ ဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံ စစ်မှုထမ်း ဟောင်း ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ် ကြီးစိန်ဝင်း (အငြိမ်းစား)နှင့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ပါတီခေါင်းဆောင် များ၊ ရောင်နီဦးနှင့် မိတ်ဆွေများ ပရဟိတအသင်း၊ ရွှေပြည်တော်သို့ ဆုံမှတ်ပရဟိတအသင်းနှင့် တပ်မတော်အား ချစ်မြတ်နိုးသူများ တက်ရောက် ကြသည်။

ဦးစွာ အောက်မေ့ဖွယ် ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်း အခမ်းအနားအား တက်ရောက် လာကြသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး နိုင်ငံတော် သီချင်းသီဆိုခြင်း၊ နိုင်ငံတော် အလံအား အလေးပြုခြင်း၊ ခေတ်အဆက်ဆက်က တိုင်းပြည် အတွက် အသက်ပေးလှူသွားကြသည့် သူရဲကောင်း စစ်သည်များအား အလေးပြုခြင်း၊ သစ္စာအဓိဋ္ဌာန် လေးချက် ရွတ်ဆိုခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ထို့နောက် တိုင်းပြည်အတွက် အသက်ပေးလှူသွား ခဲ့ကြသည့် သူရဲကောင်းစစ်သည်များအား ရည်စူး၍ ဝမ်းနည်းခြင်းအထိမ်းအမှတ် ၂ မိနစ် ငြိမ်သက်ခြင်း၊ သူရဲကောင်းစစ်သည်များ မြင့်မြတ်သော ကောင်းမွန် ရာ ဘုံဘဝရောက်ရှိစေရန် မိုးပျံပူဖောင်းများ လွှတ်တင်ခြင်း၊ ထာဝရငြိမ်းချမ်းရေး ရရှိစေရန် ရည်မှန်း၍ အထိမ်းအမှတ် ချိုးဖြူငှက်များလွှတ်ခြင်း တို့ကို ဆောင်ရွက်ကြသည်။

၎င်းနောက် တက်ရောက်လာကြသူများက ကျဆုံး စစ်သည်များအတွက် လွမ်းသူ့ပန်းခြင်းများဖြင့် ဂါရဝ ပြုခြင်းကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့ပြင် ယနေ့နံနက်ပိုင်းတွင်လည်း ကျဆုံး စစ်သည်များအား ရည်စူး၍ ပုဗ္ဗသီရိမြို့နယ် အေးမြင့် သာယာအုပ်စု ပေါက်တောကျေးရွာ သဒ္ဒါရုံကျောင်း တိုက်၌ သံဃာတော်များအား အရုဏ်ဆွမ်းနှင့်လှူဖွယ် ဝတ္ထုပစ္စည်းများ လှူဒါန်း၍ ရေစက်သွန်းချ အမျှပေး ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ တက်ရောက်လာကြသူများ၏ စကားသံများကိုလည်း ဖော်ပြလိုက်ရပါသည်။

**ဦးမျိုးမြတ်မောင် ( ဒုတိယညွှန်ကြားရေးမှူး)၊ လူမှုဝန်ထမ်းဦးစီးဌာန**

ကျွန်တော်ကတော့ တပ်မတော်ဆေးတက္ကသိုလ် အမှတ်စဉ် (၁၁) သင်တန်းဆင်း ဆေးဗိုလ်ကြီး တစ်ယောက်ဖြစ်ပါတယ်။ ဒီနေ့အခမ်းအနားကတော့ သူရဲကောင်းဗိမာန်မှာ ကျဆုံးလေပြီးသော တပ်မတော်သားများကို လာပြီးဂုဏ်ပြု အလေးပြု ဦးခိုက်တဲ့ ပွဲမျိုးကို ကျွန်တော် တက်ချင်တာ တော့ကြာပါပြီ ။ နေပြည်တော်မှာ ကျင်းပတာ ဒုတိယ အကြိမ်လို့သိရပါတယ်။ ပထမအကြိမ်မှာ ကျွန်တော် ကိုဗစ်-၁၉ ကြောင့် Quarantine ဝင်နေတော့ မတက်ရောက်နိုင်ခဲ့ပါဘူး။ ဒီနှစ်တော့ မဖြစ်ဖြစ် အောင်လာခဲ့တာပါ။ ကျွန်တော်က လွန်ခဲ့တဲ့ ၁၁ နှစ် လောက်က ကချင်ပြည်နယ်မှာ စစ်ဆင်ရေးတာဝန် ထမ်းဆောင်ရင်းနဲ့ ရန်သူ့ မိုင်းကြောင့် မျက်လုံး နှစ် ဖက်စလုံး ပေါက်ထွက်ပြီး ခန္ဓာကိုယ်တစ်ခုလုံးတွင် ဒဏ်ရာပေါင်း ၈၉ ချက်ရရှိပြီး တပ်မတော်ကနေ အငြိမ်းစားယူပြီး အရပ်ဘက်ကို ပြောင်းရွှေ့ခဲ့တာဖြစ် ပါ တယ်။ တပ်မတော်သားတွေဆိုတာက နိုင်ငံတော် ရဲ့ တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးအတွက်ကို အသက်နဲ့ ခန္ဓာစွန့်ပြီး အထက်ကပေးအပ်တဲ့ အမိန့် နဲ့ တာဝန်တွေကို ဦးလည်မသုန် ထမ်းဆောင်ခဲ့ကြ တယ် ဆိုတာကတော့ သမိုင်းအဆက်ဆက် သက်သေ ထူခဲ့ပြီးသား ဖြစ်ပါတယ်။ ဒီလိုနေ့မျိုးမှာ အသက် ပေးဆပ်ခဲ့ကြတဲ့ တပ်မတော်သားတွေ အဓိက အားဖြင့် နိုင်ငံတော်ရဲ့ ကာကွယ်ရေးတွေမှာ တာဝန် ထမ်းဆောင်ခဲ့ကြတဲ့ ကျွန်တော်တို့နောင်တော်တွေကို ဒီနေ့လာပြီး ကိုယ်တိုင်အလေးပြုတာဖြစ်ပါတယ်။ ဒီလိုပွဲမျိုးကို နှစ်စဉ်နှစ်တိုင်း ကျွန်တော်တက်ရောက် ဖို့ကို အမြဲကြိုးစားနေမှာပါ။ ကျွန်တော်ရဲ့ ပထမဆုံး အတွေ့အကြုံဖြစ်ပါတယ်။ လာချင်တာတော့ ကြာပါ ပြီ ကျွန်တော် မသေဆုံးခင်ထိ နှစ်တိုင်းကျွန်တော် တက်ရောက်မယ်။ ဦးဆောင်တဲ့ စီနီယာ နောင်တော် ကြီးတွေနဲ့ အတူလက်တွဲပြီး ဒီပွဲလေးကို မဖြစ်မနေစဉ် ဆက်မပြတ် လုပ်ဖြစ်အောင် ကြိုးစားဆောင်ရွက်သွား မယ်လို့လည်း ပြောကြားချင်ပါတယ်။

**ဦးသက်မျိုး (တပ်မတော်သား မိသားစုဝင်)**

စစ်သည်သူရဲကောင်းတွေ အားလုံးအတွက် နှစ်စဉ်ကျင်းပတိုင်း ဒီပွဲကို တက်ရောက်မှာဖြစ်ပါ တယ်။ ကျွန်တော်တို့ရဲ့ စစ်သည်၊ ရဲဘော်တွေကို အောင်မြင်စွာနဲ့ ကျွန်တော်တို့ တပ်ကို ပြန်လာတာကို ပဲ ကျွန်တော်တို့က မြင်ချင်ပါတယ်။ ကျွန်တော်တို့ စစ်သည်တွေ၊ ရဲဘော်တွေအတွက် အမြဲတမ်း ဂုဏ်ယူ လျက်ရှိပါတယ်။ လက်ရှိ မြန်မာပြည်သူ ပြည်သား အားလုံးကလည်း စစ်သည်၊ ရဲဘော်တွေကို အမြဲတမ်း ဂုဏ်ယူဝင့်ကြွားပါစေလို့ ကျွန်တော်က ဆုမွန်ကောင်း တောင်းပါတယ်။

**ဒေါ်ယဉ်မင်းမြင့်ဆွေ (တပ်မတော်သား မိသားစုဝင်)**

ဒီအခမ်းအနားကတော့ ကျဆုံးသွားတဲ့ စစ်သည် တွေကို လွမ်းဆွတ်သတိရခြင်း အထိမ်းအမှတ်ဖြစ်တဲ့ အတွက် ဝမ်းမြောက်ဂုဏ်ယူတာထက် စိတ်ထဲမှာ လွမ်းလွမ်းဆွေးဆွေးဖြစ်တယ်လို့ပဲ ပြောရမှာဖြစ်ပါ တယ်။ ကျွန်မတို့ရင်ထဲမှာ ကိုယ့်ရဲ့ဆွေမျိုးသားချင်း သွေးရင်းသားရင်း ညီအစ်ကိုမောင်နှမတွေ အမိ မြန်မာနိုင်ငံကို ကာကွယ်နေတဲ့၊ ဂုဏ်ယူထိုက်တဲ့၊ လေးစားထိုက်တဲ့ တပ်မတော်သားတွေ၊ ကျဆုံး စစ်သည်တွေကို ဂုဏ်ပြုပွဲ အခမ်းအနားဖြစ်တဲ့အတွက် ရင်ထဲမှာ ဝမ်းနည်းစိတ်မကောင်းလည်းဖြစ်ရတယ်။ တပ်မတော်သားတွေကိုလာပြီး ဂါရဝပြုကြတဲ့ ပြည်သူတွေ အများကြီး တွေ့ရတဲ့အတွက် တပ်မတော်ကို ချစ်မြတ်နိုးတဲ့သူတွေ အများကြီးရှိနေ တာကို တွေ့ရတော့ ဝမ်းသာမိပါတယ်။ တပ်မတော် မှာ ပြောနေကျစကား “ရဲသော်မသေ သေသော်ငရဲ မလား” ဆိုတဲ့ သူတို့က လူသာသေသွားမယ်။ နာမည် မသေသွားဘူး။ တိုင်းပြည်အတွက်အသက်ပေးသွား တဲ့၊ အသက်ကို စွန့်လွှတ်သွားတဲ့ ရဲဘော်တွေ၊ အရာရှိ တွေ၊ တပ်မတော်သားတွေအားလုံး ဒီနေရာကနေပြီး အလေးပြုပါတယ်လို့ ပြောချင်ပါတယ်။

**သတင်းစဉ်**



ဦးမျိုးမြတ်မောင်
(ဒုတိယညွှန်ကြားရေးမှူး)



ဦးသက်မျိုး
(တပ်မတော်သား မိသားစုဝင်)



ဒေါ်ယဉ်မင်းမြင့်ဆွေ
(တပ်မတော်သား မိသားစုဝင်)

---

အားကစား
မြှင့်တင်
စိတ်
လန်းရွှင်
ဆန့်ကျင်
မူးယစ်ဆေး

## ပြည်မြို့၌ ဒီဇင်ဘာလ လူထုအားကစားစုပေါင်းလမ်းလျှောက်

**ပြည် ဒီဇင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့၌ ဒီဇင်ဘာလလူထု အားကစား စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းက ကျင်းပသည်။**(ယာပုံ)**

အဆိုပါ ဒီဇင်ဘာလလူထု အားကစားစုပေါင်း လမ်းလျှောက်ပွဲသို့ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်လင်းဦးနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ပညာရေး ကောလိပ် ဆရာ ဆရာမများ၊ သူနာပြု တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်အုပ်ချုပ်ရေး အဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ စုစုပေါင်း ၁၀၀၀ ခန့် ဗိုလ်ချုပ်အောင်ဆန်း မြင်းစီး ကျောက်ရုပ်အဝိုင်း ဗိုလ်ချုပ်လမ်းမှ ဦးဝင်မြစက် လမ်း၊ ရွှေတစ်ချောင်းလမ်း၊ ပန်းဘဲတန်းလမ်းမှ တစ်ဆင့် ပြည်မြို့နယ် အားကစားကွင်းသို့ ရောက်ရှိကြပြီး ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့် ခန်းများ စုပေါင်းပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ဘားအံမြို့၌ မသန်စွမ်းသူများအား မသန်စွမ်းမှတ်ပုံတင်နှင့် ထောက်ပံ့ငွေများပေးအပ်

ဘားအံ ဒီဇင်ဘာ ၄

**ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကော်မတီတို့ကြီးမှူး၍ ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို အားလုံးပါဝင်ဖွံ့ဖြိုးဖို့ ဆန်းသစ်တီထွင်အဖြေရှာစို့။ အားလုံးလက်လှမ်းမီညီမျှရေး၊ တီထွင်ဖန်တီးမှုစွမ်းအားဖြင့် ဆောင်ရွက်ပေးဆောင်ပုဒ်ဖြင့် ဒီဇင်ဘာ ၃ ရက်နေ့ မွန်းလွဲ ၁ နာရီက ဘားအံမြို့ ဖွဲကပင်ခန်းမ၌ ကျင်းပသည်။**




အခမ်းအနားတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက မသန်စွမ်းသူများအနေဖြင့် ဂုဏ်သိက္ခာရှိစွာ၊ အမှီအခိုကင်းစွာ ဘဝရပ်တည်နေထိုင်နိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်းပညာရရှိရေး၊ အလုပ်အကိုင် အခွင့်အလမ်းနှင့် ကိုယ်ပိုင်ဝင်ငွေရရှိရေးသည် အရေးကြီးပါကြောင်း၊ ထို့ကြောင့် ဦးစီးဌာနအသီးသီးမှ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် အသက်မွေးဝမ်းကျောင်း သင်တန်းများတွင် မသန်စွမ်းသူများ တက်ရောက်နိုင်ရေးဌာနအသီးသီးမှ ဆောင်ရွက်ပေးစေလိုကြောင်း၊ မသန်စွမ်းသူများ လူမှုအဖွဲ့အစည်းအတွင်း ပါဝင်နိုင်စေရေးအတွက် အတားအဆီးကင်းသော ပတ်ဝန်းကျင်နှင့် အလွယ်တကူ လက်လှမ်းမီရယူအသုံးပြုနိုင်ရေးတို့ကို ထည့်သွင်းစဉ်းစားပြီး ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မသန်စွမ်းသူများ၏ ဘဝစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို မသန်စွမ်းသူများ ကိုယ်တိုင်ပါဝင်ပြီး နည်းပညာနှင့် ပြုပြင်ပြောင်းလဲနိုင်သည့် နည်းလမ်းများ ရှာဖွေဖော်ထုတ်၍ လက်လှမ်းမီရယူ အသုံးပြုနိုင်သည့် လူ့အသိုက်အဝန်းတစ်ရပ် ဖြစ်ပေါ်လာစေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ မသန်စွမ်းသူ ပြည်သူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကော်မတီဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ မသန်စွမ်းသူများအရေးကို တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည့် အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ကမ္ဘာ့ကုလသမဂ္ဂမှပေးပို့လာသည့်သဝဏ်လွှာ Video Clip နှင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ဂုဏ်ပြုမှတ်တမ်း Video Clip တို့ကို အတူတကွကြည့်ရှုခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အကြိုလှုပ်ရှားမှု မသန်စွမ်းသူများအား ကစားပြိုင်ပွဲတွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး မသန်စွမ်းသူ ၁၀၀ အား မသန်စွမ်းမှတ်ပုံတင်များ ပေးအပ်ခဲ့ကြကာ ပြည်နယ်ဝန်ကြီးချုပ်က မသန်စွမ်းသူ ၁၀၀ အတွက် တစ်ဦးလျှင်ငွေကျပ် သုံးသောင်းနှုန်းဖြင့် စုစုပေါင်းငွေကျပ်သိန်း ၃၀ ကို ဘားအံမြို့နယ် အုပ်ချုပ်ရေးမှူးထံ ထောက်ပံ့ပေးအပ်သည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မသန်စွမ်းအားကစားသမားများနှင့် အခမ်းအနားသို့တက်ရောက်လာကြသောအကြောင်းအမျိုးမျိုးကြောင့် မသန်စွမ်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ၂၀၂၂ ခုနှစ် ဒီဇင်ဘာအားကစားလ (ပထမပတ်) စုပေါင်းလမ်းလျှောက်ပွဲများကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၄**




၂၀၂၂ ခုနှစ် ဒီဇင်ဘာအားကစားလ (ပထမပတ်) စုပေါင်းလမ်းလျှောက်ပွဲများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အသီးသီးရှိ တပ်နယ်များ၌ ကျင်းပကြသည်။

ထိုသို့ စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပရာတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် မြစ်ကြီးနားတပ်နယ် စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌လည်းကောင်း၊ အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် ခိုလမ်တပ်နယ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌လည်းကောင်း၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်အလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ အရှေ့တောင် တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်အလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တပ်နယ်အားကစားကွင်းများ၌ လည်းကောင်း၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် မြိတ်တပ်နယ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌လည်းကောင်း၊ ရန်ကုန် တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်အလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ အနောက်တောင် တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ် ဘောလုံးကွင်း၌ လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တပ်နယ်အားကစားကွင်း၌ လည်းကောင်း၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် မုံရွာတပ်နယ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေးတပ်နယ်၏ စုပေါင်းလမ်းလျှောက်ပွဲကို နန်းမြို့တွင်းရှိ မြနန်းစံကျော် ရွှေနန်းတော်ကြီးအနီး၌ လည်းကောင်း၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တောင်ငူတပ်နယ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုး ခန်းမရှေ့၌လည်းကောင်း ကျင်းပကြရာ တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော် အရာရှိကြီးများ၊ တပ်ရင်း/ တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ ပါဝင်ဆင်နွှဲကြပြီး သတ်မှတ်နေရာများတွင် စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ဆောင်ရွက်ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ရုံး/ ဌာနများ၏ ဒီဇင်ဘာအားကစားလ (ပထမပတ်) စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စခန်းမှူးရုံး စခန်းမှူးနှင့် ရုံး/ ဌာန များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ ပါဝင်ဆင်နွှဲကြပြီး ကိုယ်လက်ကြံ့ခိုင်ရေးများ စုပေါင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ (ပထမ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့် အတင့်မှ တိမ်ထူထပ်နိုင်ပါသည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ။** ။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ။** ။ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တို့တွင် ၆၉ ဒီဂရီဖာရင်ဟိုက်မှ ၇၉ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့် မြောက်ပိုင်း) နှင့် ကယားပြည်နယ်တို့တွင် ၈၀ ဒီဂရီဖာရင်ဟိုက်မှ ၈၉ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး (အောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၀ ဒီဂရီဖာရင်ဟိုက်မှ ၉၉ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပါသည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ။** ။ ချင်းပြည်နယ်တွင် ၄၀ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၅၅ ဒီဂရီဖာရင်ဟိုက်မှ ၆၆ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆၇ ဒီဂရီဖာရင်ဟိုက်မှ ၇၈ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပါသည်။

**လေထုစိုထိုင်းဆအခြေအနေ။** ။ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၆၁ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း) နှင့် မွန်ပြည်နယ်တို့တွင် ၇၁ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး (တောင်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၈၁ ရာခိုင်နှုန်းမှ ၉၀ရာခိုင်နှုန်း အတွင်း အသီးသီးရှိနိုင်ပါသည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ။** ။ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် (၂၁ မီလီမီတာ) မှ (၃၀ မီလီမီတာ) အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် (၃၁ မီလီမီတာ) မှ (၄၀ မီလီမီတာ) အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး (အောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် (၄၁ မီလီမီတာ) မှ (၅၀ မီလီမီတာ) အတွင်း အသီးသီးရှိနိုင်ပါသည်။

**မြေဆီလွှာအောင်းရေအခြေအနေ။** ။ ကယားပြည်နယ်တွင် (စိုစွတ်) အခြေအနေနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ခြောက်သွေ့) အခြေအနေ အသီးသီးရှိနိုင်ပါသည်။

**မိုး/ဇလ**

# တရုတ် – မြန်မာနှစ်နိုင်ငံကုန်သည်များ စီးပွားပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များ စီးပွားပူးပေါင်းဆောင်ရွက်ရေးဖိုရမ်အား မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး (UMFCCI)နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးတို့ပူးပေါင်းကာ ဒီဇင်ဘာ ၂ ရက်က ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI အသင်းရုံးချုပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတမစ္စတာ ရှီကျင့်ဖျင်၏ အမှာစကားဗီဒီယိုဖိုင်ကို ဖွင့်လှစ်ပြသသည်။ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားရာ တရုတ်– မြန်မာ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးခြင်းသည် နှစ်ဖက်စလုံးအတွက်အကျိုးရှိပြီး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားနိုင်ကြောင်းနှင့် စီးပွားရေးတိုးတက်ရန် နယ်စပ်ဒေသငြိမ်းချမ်းရေးအတွက် နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများကို တရုတ်နိုင်ငံအစိုးရနှင့် ပူးပေါင်း၍ ပိုမိုထိရောက်စွာ နှိမ်နင်းခြင်းဖြင့်ပြည်သူများ၏ စားဝတ်နေရေးကို အထောက်အကူပြုနိုင်မည့် အခြေအနေများနှင့် တရုတ် – မြန်မာ နှစ်နိုင်ငံကုန်သည်များ၏ တင်ပြချက်အပေါ် လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်က တရုတ်နိုင်ငံ၏ ရှေ့ဆက်သွားမည့် မူဝါဒများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပတ်သက်သည့် စီမံချက်များနှင့် မြန်မာနိုင်ငံသို့ ကူညီပေးလိုသည်များကို ပြောကြားသည်။

ယင်းနောက် တရုတ် – မြန်မာကုန်သည်ကြီးများက ကုန်သွယ်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများ၊ ထပ်မံညှိနှိုင်းသင့်သည့် စီးပွားရေးမူဝါဒများ၊ နယ်စပ်ကုန်သွယ်ရေးကိစ္စရပ်များကို အပြန်အလှန် ဆွေးနွေးကြသည်။

ဆက်လက်၍ စီးပွားရေးသံမှူး မစ္စတာတမ်ရှူဖူက နှစ်ဖက်ကုန်သည်များ တင်ပြကြသည့်ကိစ္စရပ်များ၊ အခက်အခဲများကို ယခုဆွေးနွေးပွဲအပြီး




နှစ်နိုင်ငံပူးပေါင်းဖြေရှင်းရန် တာဝန်ရှိသူများကိုတင်ပြဆောင်ရွက်သွားမည့် အခြေအနေများအား ပြောကြားသည်။

ဖိုရမ်သို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်၊ UMFCCI ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ စီးပွားရေးသံမှူး မစ္စတာတမ်ရှူဖူ၊ UMFCCI အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြကြောင်းသိရသည်။ **ဆန်းကျော်ဦး (ပြန်/ဆက်)**

## စစ်ကိုင်းတိုင်းဒေသကြီး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်နှင့် ခန္တီးခရိုင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တွေ့ဆုံပွဲကျင်းပ

**ခန္တီး ဒီဇင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်တွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် (စစ်ကိုင်းတိုင်းဒေသကြီး တာဝန်ခံ)ဦးမြင့်သိန်းနှင့် ခန္တီးခရိုင်၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရေးများနှင့်တွေ့ဆုံပွဲကို ဒီဇင်ဘာ ၁ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။




ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (စစ်ကိုင်းတိုင်းဒေသကြီး တာဝန်ခံ)က အမှာစကားပြောကြားပြီး ခန္တီးခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က မြေပြင်လူဦးရေစာရင်းကောက်ယူခြင်းနှင့် ပတ်သက်၍ လည်းကောင်း၊ ခရိုင်နှင့်မြို့နယ် လ.ဝ.က ဦးစီးမှူးတို့က မြေပြင်လူဦးရေစာရင်း စိစစ်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ လည်းကောင်း၊ ခန္တီးခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲအရာရှိနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲအရာရှိတို့က မဲဆန္ဒရှင်စာရင်းမှန်ကန်စေရေး စိစစ်ခြင်း၊ မဲရုံများလျာထားသတ်မှတ်ခြင်း၊ မဲရုံသုံးပစ္စည်းများ လျာထားသတ်မှတ်ခြင်းတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြရာ ခန္တီးမြို့နယ်အတွင်းရှိ မဲရုံများ လျာထားသတ်မှတ်ထားရှိမှုနှင့်ပတ်သက်၍ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ စာရေးများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် (စစ်ကိုင်းတိုင်းဒေသကြီး တာဝန်ခံ)က လာမည့် ၂၀၂၃ ခုနှစ်၊ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် အခြေခံမဲဆန္ဒရှင်စာရင်းမှာ အဓိကကျကြောင်း၊ ထိုသို့ အခြေခံမဲဆန္ဒရှင် စာရင်းမှန်ကန်စွာ ရရှိရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ခန္တီးခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခန္တီးခရိုင်/ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ လဟယ်မြို့နယ်၊ နန်းယွန်းမြို့နယ်၊ လေရှီးမြို့နယ်တို့မှ ရွေးကောက်ပွဲအရာရှိများနှင့် ခန္တီးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် စာရေးများ စုစုပေါင်း ၁၁၀ တက်ရောက်ကြကြောင်း သိရသည်။

**ယွန်း(မုံရွာ၊ကိုယ်ပွား)**

## အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၄**

၂၀၀၃ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် ကုလသမဂ္ဂ အထွေထွေ ညီလာခံဆုံးဖြတ်ချက် ၅၈/၄ ဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသော ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းက ဒီဇင်ဘာ ၉ ရက်ကို အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် အဆိုပါကွန်ဗင်းရှင်းသို့ တရားဝင်အတည်ပြုဝင်ရောက်ခဲ့ပြီး ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့သည်။ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို အခြားကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများနည်းတူ မိမိနိုင်ငံတွင်လည်း နှစ်စဉ်ကျင်းပလျက်ရှိသည်။

(၁၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) (MICC–I)၊ ကျောက်စိမ်းခန်းမတွင် ဒီဇင်ဘာ ၉ ရက်၊ နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့နယ်အတွင်း စစ်ကြောင်းကြီးငါးကြောင်းတွင် ပါဝင်သော မြို့နယ်အဆင့်ဌာနဆိုင်ရာများက ဒေသခံပြည်သူများနှင့် ကွင်းဆင်းတွေ့ဆုံပွဲကို ဒီဇင်ဘာ ၂ ရက်က ရေပေါ်ကန်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယလူဝင်မှုကြီးကြပ်ရေးမှူး ဦးအောင်လွင်ဖြိုးတင့်က အသက် ၁၀ နှစ်၊ ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် လျှောက်ထားရာတွင် လိုအပ်မည့်သက်သေခံအထောက်အထားစာရွက်စာတမ်းများ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ (သန်းခေါင်စာရင်း) ပြောင်းရွှေ့၊ အဝင်များ၊ ပျက်စီး၊ လဲလှယ်များအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားစဉ်။ ကိုကျော်(သုံးခွ)

# အချိုးကျကိုယ်စားပြုစနစ် ( PR ) နှင့် မြန်မာနိုင်ငံ

မောင်ကောင်းဆု

**ရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲစနစ်**

ကမ္ဘာ့နိုင်ငံအသီးသီးတွင် သမ္မတရွေးကောက်ပွဲများ၊ ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲများ၊ ဒေသန္တရ အုပ်ချုပ်ရေးဆိုင်ရာ ရွေးကောက်ပွဲများ၊ မြူနီစီပယ်ရွေးကောက်ပွဲများ ကျင်းပရာ၌ မိမိကျင့်သုံးသည့် နိုင်ငံရေးစနစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများ၊ နိုင်ငံသမိုင်းကြောင်း အခြေအနေတို့အပေါ် မူတည်၍ ရွေးကောက်ပွဲစနစ် အမျိုးမျိုးကို ရွေးချယ်အသုံးပြုကြသည်။ ရွေးကောက်ပွဲစနစ် တစ်မျိုးတည်းသာ အသုံးပြုခြင်း၊ လွှတ်တော်တစ်ရပ်လျှင် ရွေးကောက်ပွဲစနစ် တစ်မျိုးစီ ခွဲခြားကျင့်သုံးခြင်း၊ ရွေးကောက်ပွဲစနစ်နှစ်မျိုး ပူးတွဲကျင့်သုံးခြင်း၊ ကျင့်သုံးခဲ့သည့် ရွေးကောက်ပွဲစနစ်ကို ပြန်လည်သုံးသပ်၍ ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးခြင်းတို့အပြင် မိမိနိုင်ငံနှင့် လိုက်လျောညီထွေဖြစ်မည့် ရွေးကောက်ပွဲစနစ်သစ်တစ်ခု တီထွင်အသုံးပြုခြင်းများလည်း ရှိကြသည်။

မြန်မာနိုင်ငံတွင် ကျင်းပခဲ့သည့် ပါလီမန်ဒီမိုကရေစီခေတ် ရွေးကောက်ပွဲများ၊ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲနှင့် ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့် ကြားဖြတ်ရွေးကောက်ပွဲများတွင် **မဲအများဆုံးရသူ အရွေးခံရသည့်စနစ် (First Past the Post – FPTP)**၊ တစ်နည်း နိုင်သူအကုန်ယူစနစ် **(Winner takes all)** ကို ကျင့်သုံးခဲ့ကြသည်။ သို့ရာတွင် ယင်းကာလဖြစ်သည့် ၁၃– ၇– ၂၀၁၂ ရက်နေ့တွင် နိုင်ငံရေးပါတီ ၁၀ ပါတီ ပါဝင်သည့် ဒီမိုကရေစီမိတ်ဆွေပါတီများက ရွေးကောက်ပွဲစနစ်ပြုပြင်ရေးနှင့်ပတ်သက်၍ အကြံပြုချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌထံ တင်ပြခြင်း၊ ပထမအကြိမ် လွှတ်တော်သက်တမ်းကာလ ၃– ၆–၂၀၁၄ ရက်နေ့တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး တင်သွင်းခဲ့သည့် **အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်ရာ၌ အချိုးကျကိုယ်စားပြုစနစ် ကျင့်သုံးရန်အဆို** အတည်ပြုအောင်မြင်ခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲ သမိုင်း၊ ကြုံတွေ့ခဲ့သောဖြစ်စဉ်များကို လေ့လာသုံးသပ်ပြီး မိမိနိုင်ငံနှင့် ကိုက်ညီသင့်လျော်သည့် ရွေးကောက်ပွဲစနစ်ကို ရွေးချယ်အသုံးပြုရန် လိုအပ်လာပါသည်။

**နိုင်ငံတကာတွင် ကျင့်သုံးသည့် ရွေးကောက်ပွဲစနစ်များ**

နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသော ရွေးကောက်ပွဲစနစ်များကို လေ့လာဆန်းစစ်မှုများအရ အောက်ပါအတိုင်း အုပ်စုသုံးစု တွေ့ရှိရသည် –

(က) ဗဟုအများစုကိုယ်စားပြုစနစ် (Plurality/Majority System)

( ခ ) အချိုးကျကိုယ်စားပြုစနစ် (Proportional Representation System )

( ဂ ) အခြားစနစ် ( Other System )

ဗဟုအများစုကိုယ်စားပြုစနစ်တွင် မဲအများဆုံးရသူ အနိုင်ရစနစ် (FPTP)၊ ၅၀ ရာခိုင်နှုန်းကျော် ထောက်ခံမဲမရ၍ မဲနှစ်ကြိမ် ပြန်ပေးရသည့် နှစ်ကျော့ပြန်စနစ် (Two Round System–TRS)၊ ကိုယ်စားလှယ်ဗဟိုပြု မဲအများစုစနစ် ( Block Vote – BV )၊ ပါတီဗဟိုပြုအများစုစနစ် (Party Block Vote – PBV)၊ ကြိုက်နှစ်သက်မှု မဲအများစုစနစ် (Alternative Vote – AV ) တို့ ပါဝင်သည်။

အခြားစနစ်တွင် လွှဲပြောင်း၍မရသော တစ်မဲပေးစနစ် ( Single Non Transferable Vote – SNTV )၊ ကန့်သတ်မဲပေးစနစ် (Limited Vote – LV ) နှင့် ဦးစားပေးမှုကို တွက်ချက်သောစနစ် (Borda Count – BC ) အစရှိသည့်တို့ပါဝင်သည်။

**အချိုးကျကိုယ်စားပြုစနစ် ( Proportional Representation– PR )**

အချိုးကျကိုယ်စားပြုစနစ် (PR) ဆိုသည်မှာ တစ်ဦးထက်ပိုသော ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရန်အတွက် မဲဆန္ဒနယ်ကို ဧရိယာကျယ်ပြန့်စွာ သတ်မှတ်၍ ယင်းမဲဆန္ဒနယ်မှ ရွေးကောက်တင်မြှောက်ရမည့် ကိုယ်စားလှယ်ဦးရေကိုပါ သတ်မှတ်ပေးပြီး ပါတီအဖွဲ့အစည်းအလိုက် ယှဉ်ပြိုင်စေခြင်းဖြစ်သည်။ ရွေးကောက်ပွဲတွင် ပါတီအဖွဲ့အစည်းအလိုက် ရရှိသည့် ထောက်ခံဆန္ဒမဲအပေါ် မူတည်၍ ရွေးကောက်ခံရသည့် ကိုယ်စားလှယ်ဦးရေကို သတ်မှတ်ပေးသည့် စနစ်လည်းဖြစ်သည်။ ယင်းစနစ်အရ တစ်သီးပုဂ္ဂလများလည်း ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ရရှိသောထောက်ခံဆန္ဒမဲအပေါ် မူတည်ပြီး ရွေးကောက်တင်မြှောက်ခံရနိုင်သည်။ အချိုးကျကိုယ်စားပြုစနစ်ကို ယေဘုယျအားဖြင့် အောက်ပါအတိုင်း သုံးမျိုးခွဲခြားနိုင်သည် –

(က) ပါတီအမည်ကို မူတည်ပြီး အချိုးကျကိုယ်စားပြုစနစ် (Party List Proportional Representation System– LPR )

( ခ ) ရောနှောထားသည့် အချိုးကျကိုယ်စားပြုစနစ် ( Mixed Member Proportional System – MMP )

( ဂ ) လွှဲပြောင်း၍ရသော တစ်မဲတည်းပေးစနစ် (Single Transferable Vote – STV )

ပါတီအမည်ကို မူတည်ပြီး အချိုးကျရွေးချယ်သည့်စနစ် (Party List – PR ) တွင် စာရင်းပိတ် (Closed List)၊ စာရင်းဖွင့် (Open List) နှင့် စာရင်းလွတ် ( Free List ) တို့ ပါရှိသည်။ ရောနှောထားသည့် အချိုးကျကိုယ်စားပြုစနစ်သည် သာမန်အားဖြင့် FPTP နှင့် PR ကို ရောနှောကျင့်သုံးသည့် စနစ်ဖြစ်သည်။ ယင်းစနစ်တွင် ပူးတွဲအပြိုင်စနစ် ( Parallel System ) နှင့်ရောနှောထားသောကိုယ်စားလှယ်အချိုးကျစနစ် (Mixed Member Proportional System) တို့ ပါဝင်ကြသည်။ Single Transferable Vote စနစ်မှာ မဲဆန္ဒရှင်များသည် ကိုယ်စားလှယ်၏ အဆင့်ကို သတ်မှတ်ပေးပြီး ကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်လောင်းကို ဦးစားပေး၍ ဆန္ဒမဲပေးခြင်းဖြစ်သည်။ ပထမဦးစားပေး မဲဝေစုရသည့် ကိုယ်စားလှယ်လောင်းက ရွေးချယ်ခံရပြီး သတ်မှတ်အရေအတွက်ထက် ပိုသောမဲများကို ကျန်ကိုယ်စားလှယ်များထံ ဖြန့်ဝေနိုင်သော စနစ်ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံအနက် မဲအများဆုံးရသူ အရွေးခံရသည့်စနစ် ကျင့်သုံးသည့်နိုင်ငံ ၇၄ နိုင်ငံ၊ အချိုးကျကိုယ်စားပြုစနစ် ကျင့်သုံးသည့်နိုင်ငံ ၁၁၁ နိုင်ငံနှင့် အခြားစနစ်ကျင့်သုံးသည့်နိုင်ငံ ရှစ်နိုင်ငံဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

**အချိုးကျကိုယ်စားပြုစနစ် (PR) နှင့် မဲအများဆုံးရသူအနိုင်ရစနစ် (FPTP) ခြားနားချက်**

အချိုးကျကိုယ်စားပြုစနစ် (PR) နှင့် မဲအများဆုံးရသူအနိုင်ရသည့် FPTP စနစ် အသီးသီးတွင် အားနည်းချက်၊ အားသာချက်အပါအဝင် ခြားနားချက်များစွာရှိသည်။ အဓိကခြားနားချက်မှာ မဲဆန္ဒရှင် ပြည်သူများက ပေးလိုက်သည့် ဆန္ဒမဲများ၏ တန်ဖိုးနှင့် သက်ရောက်မှု ကွာခြားခြင်းဖြစ်သည်။ FPTP စနစ်ဖြင့် ကျင်းပသည့်ရွေးကောက်ပွဲများတွင် အနိုင်ရသူရရှိသည့် ဆန္ဒမဲအရေအတွက်သည် ခိုင်လုံမဲ စုစုပေါင်း၏ ထက်ဝက်အောက်ရှိသော်လည်း ယင်းကိုယ်စားလှယ်ကို ပေးလိုက်သည့် ဆန္ဒမဲများကသာ တန်ဖိုးနှင့် သက်ရောက်မှုရှိပြီး ကျန်ဆန္ဒမဲများမှာ တန်ဖိုးနှင့် သက်ရောက်မှု လုံးဝမရှိ အဟောသိကံ ၊ အလဟဿ ဖြစ်ခြင်းဖြစ်သည်။ အချိုးကျကိုယ်စားပြုစနစ်ဖြင့် ကျင်းပသည့် ရွေးကောက်ပွဲတွင်မူ ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီများ၊ တစ်သီးပုဂ္ဂလများ အပါအဝင် မဲဆန္ဒရှင်များက ပေးလိုက်သည့် ဆန္ဒမဲအရေအတွက် စုစုပေါင်းအပေါ် မိမိတို့ရရှိသည့် ဆန္ဒမဲအချိုးအစား အတိုင်း ကိုယ်စားလှယ်နေရာ ရရှိခြင်းဖြင့် ဆန္ဒမဲအားလုံးနီးပါး၏ တန်ဖိုးနှင့် သက်ရောက်မှုရှိခြင်းပင်ဖြစ်သည်။ သို့ဖြစ်၍လည်း FPTP စနစ်ဖြင့် ကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲများကို လေ့လာပါက တစ်နိုင်ငံလုံး အတိုင်းအတာအရ ရရှိသောခိုင်လုံမဲများ၏ ရာခိုင်နှုန်းနှင့် လွှတ်တော်အမတ်ရရှိသည့် ရာခိုင်နှုန်းအချိုးအစား ညီညွတ်မျှတမှုမရှိကြောင်း တွေ့ရှိရမည်ဖြစ်သည်။

**အချိုးကျကိုယ်စားပြုစနစ် (PR) နှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံမှုရလဒ်**

နောင်ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲများတွင် မြန်မာနိုင်ငံနှင့် သင့်လျော်ကိုက်ညီသည့် ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တည်ဆဲနိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးခြင်းများကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ၊ မေလ၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလများ၌ လေးကြိမ်ဆောင်ရွက်ခဲ့ရာ နိုင်ငံရေးပါတီအများစု တက်ရောက်ခဲ့သည်။ ပထမနှစ်ကြိမ်ကို နေပြည်တော်တွင် ဆောင်ရွက်ခဲ့ပြီး အချိုးကျကိုယ်စားပြုစနစ် ကျင့်သုံးရေးကို မူအားဖြင့် သဘောတူညီခဲ့ကြသည်။ ဒုတိယနှစ်ကြိမ်ကိုမူ ရန်ကုန်မြို့တွင်ဆောင်ရွက်ခဲ့ပြီး ပါတီများ၏ စာတမ်းများဖတ်ကြားခြင်း၊ ရွေးကောက်ပွဲဒီဇိုင်းနှင့် စပ်လျဉ်း၍ ပါတီအစုအဖွဲ့အလိုက် ဆွေးနွေးညှိနှိုင်းပြီး စာတမ်းများ ဖတ်ကြားရှင်းလင်းခြင်းတို့ ဆောင်ရွက်ခဲ့သည်။ ရလဒ်အဖြစ် အောက်ပါဘုံသဘောတူညီချက်များ ရရှိခဲ့သည် –

(က) လာမည့်ရွေးကောက်ပွဲများတွင် စာရင်းပိတ် အချိုးကျကိုယ်စားပြုစနစ် ( Closed List – PR ) စတင်ကျင့်သုံးရန်၊

( ခ ) မဲဆန္ဒရှင်ပြည်သူများ၏ ပညာတတ်မြောက်မှု၊ ရွေးကောက်ပွဲအတွေ့အကြုံနှင့် နိုင်ငံရေးယဉ်ကျေးမှု ရေချိန်မြင့်တက်လာချိန်တွင် (Open List – PR) သို့မဟုတ် အခြား PR စနစ် တစ်မျိုးမျိုးကို ပြောင်းလဲကျင့်သုံးရန်၊

( ဂ ) ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ထားသည့် လွှတ်တော်အလိုက် ရွေးကောက်တင်မြှောက်ရမည့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက် မပြောင်းလဲဘဲ မဲဆန္ဒနယ်များကို ပိုင်းခြား၍ ရွေးကောက်ရမည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ သတ်မှတ် ဆောင်ရွက်ရန်၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၁ (က) ပါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသများမှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးစီ ရွေးကောက်တင်မြှောက်ရန်နှင့် ပုဒ်မ ၁၆၁ (ခ) ပါ တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ် တစ်ဦးစီ ရွေးကောက်တင်မြှောက်ရန် အတွက် ယခင်ကျင့်သုံးခဲ့သည့် FPTP စနစ်ကိုသာ ဆက်လက်ကျင့်သုံးရန်၊

( င ) (Closed List –PR) အတွက် နိုင်ငံရေးပါတီများက မိမိပါတီကိုယ်စားပြု ကိုယ်စားလှယ်လောင်းအမည်စာရင်းအား ဦးစားပေးအစီအစဉ်အတိုင်း ကော်မရှင်သို့ ကြိုတင်တင်ပြရန်၊

*စာမျက်နှာ ၉ သို့*

❍ **FPTP စနစ်ဖြင့် ကျင်းပသည့်ရွေးကောက်ပွဲများတွင် အနိုင်ရသူရရှိသည့် ဆန္ဒမဲအရေအတွက်သည် ခိုင်လုံမဲစုစုပေါင်း၏ ထက်ဝက်အောက်ရှိသော်လည်း ယင်းကိုယ်စားလှယ်ကို ပေးလိုက်သည့် ဆန္ဒမဲများကသာ တန်ဖိုးနှင့် သက်ရောက်မှုရှိပြီး ကျန်ဆန္ဒမဲများမှာ တန်ဖိုးနှင့် သက်ရောက်မှု လုံးဝမရှိ အဟောသိကံ၊ အလဟဿ ဖြစ်ခြင်းဖြစ်သည်။ အချိုးကျကိုယ်စားပြုစနစ်ဖြင့် ကျင်းပသည့် ရွေးကောက်ပွဲတွင်မူ ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီများ၊ တစ်သီးပုဂ္ဂလများ အပါအဝင်တို့ကို မဲဆန္ဒရှင်များက ပေးလိုက်သည့် ဆန္ဒမဲအရေအတွက်စုစုပေါင်းအပေါ် မိမိတို့ရရှိသည့် ဆန္ဒမဲအချိုးအစား အတိုင်း ကိုယ်စားလှယ်နေရာ ရရှိခြင်းဖြင့် ဆန္ဒမဲအားလုံးနီးပါး၏ တန်ဖိုးနှင့် သက်ရောက်မှုရှိခြင်းပင်ဖြစ်သည်**



*စာမျက်နှာ ၈ မှ*

( စ ) မဲဆန္ဒရှင်များအနေဖြင့် မိမိမဲပေးလိုသည့် ပါတီနှင့် ၎င်းပါတီကိုယ်စားပြု ကိုယ်စားလှယ်လောင်းများကို သိရှိနိုင်ရန် ပါတီအမည်အောက်တွင် ကိုယ်စားလှယ်လောင်း အမည်နှင့် ဓာတ်ပုံ ဖော်ပြထားသော ဗီနိုင်းပိုစတာများအား ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကပ်ထားရန်၊

(ဆ) (Closed List– PR) စနစ်ဖြင့် မဲရေတွက်မှုနည်းလမ်းအရ ရိုးရှင်းလွယ်ကူသော လက်ကျန်မဲအများဆုံးစနစ် (The Largest Remainder) ကို ကျင့်သုံးရန်၊ မဲဆန္ဒနယ်အလိုက် ခိုင်လုံမဲအပေါ်မူတည်၍ ကိုယ်စားလှယ်တစ်ဦးရရှိရမည့် အနိမ့်ဆုံးအခြေခံမဲ (Threshold) သတ်မှတ်ရန်၊

( ဇ ) PR စနစ်၏ဘေးထွက်ဆိုးကျိုးဖြစ်သော ပါတီများဖောင်းပွလာနိုင်မှုအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေဖြင့်လည်းကောင်း၊ ညွှန်ကြားကြပ်မတ်ထိန်းကျောင်းခြင်းဖြင့်လည်းကောင်း ကန့်သတ်ရန်၊

( ဈ ) ပြောင်းလဲကျင့်သုံးမည့် PR စနစ်ဖြင့် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၊ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များနှင့် မဲဆန္ဒရှင်ပြည်သူများ နားလည်သဘောပေါက်စေရန် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားရန်တို့ ဖြစ်သည်။

**လွှတ်တော်သုံးရပ်အတွက် အချိုးကျကိုယ်စားပြုစနစ် ကျင့်သုံးနိုင်မှု**

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၉ (က) ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်းတွင် **"ဥပဒေနှင့်အညီ မဲဆန္ဒနယ်သတ်မှတ်၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ ထက် မပိုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ "** ဟုလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၁ (က) အမျိုးသား လွှတ်တော်ဖွဲ့စည်းခြင်းတွင် **"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦး "** ဟုလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၁ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဖွဲ့စည်းခြင်းတွင် **" မြို့နယ်တစ်မြို့နယ်လျှင် နှစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ "** ဟုလည်းကောင်း ပြဋ္ဌာန်းထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၉) ရွေးကောက်တင်မြှောက်ခြင်းပါ ပုဒ်မ ၃၉၉ (ဂ) အရ **"မဲဆန္ဒနယ်များ သတ်မှတ်ခြင်းနှင့် ပြင်ဆင်သတ်မှတ်ခြင်း"** သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်ဖြစ်ပြီး ပုဒ်မ ၄၀၂ (က) အရ **"ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ငန်းများ"** နှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်များသည် အပြီးအပြတ် အတည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ သို့ဖြစ်၍ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ အရေအတွက်အတိုင်း ဖွဲ့စည်းရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ မဲဆန္ဒနယ်များ သတ်မှတ်ပြီး လွှတ်တော်ရွေးကောက်ပွဲများကို အချိုးကျကိုယ်စားပြုစနစ် (PR) အသုံးပြု၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်မှုမရှိဘဲ ကျင်းပဆောင်ရွက်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သုံးရပ်လုံးကို PR စနစ်ဖြင့် ရွေးကောက်ပွဲကျင်းပရန်အတွက် ကျယ်ဝန်းသော မဲဆန္ဒနယ်နှင့် ကိုယ်စားလှယ်အရေအတွက် သတ်မှတ်ရန် လိုအပ်မည်ဖြစ်သည်။ ပြည်သူ့လွှတ်တော် ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့်အညီ မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း ၃၃၀ ထက်မပိုသော ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရမည်ဖြစ်ရာ လူဦးရေကို အခြေခံတွက်ချက်ပါက တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ကိုယ်စားလှယ်ရရှိမှုများ ပြောင်းလဲပြီး လူဦးရေနည်းသည့် ပြည်နယ်များအတွက် ကိုယ်စားလှယ်အရေအတွက် များစွာလျော့နည်းနိုင်သဖြင့် ယခင်နည်းတူ မြို့နယ်ကိုသာ အခြေခံတွက်ချက်မည်ဖြစ်သည်။ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များကို တိုင်းဒေသကြီး/ ပြည်နယ်များအတွင်းရှိ ခရိုင်/ မြို့နယ်များကို လိုအပ်သလိုစုစည်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ပါမည်။

အလားတူ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ သတ်မှတ်ရာတွင် တိုင်းဒေသကြီး/ ပြည်နယ် တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီ ရွေးကောက်တင်မြှောက်နိုင်ရေး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒနယ်များ လိုအပ်သလို ပိုင်းခြားသတ်မှတ်နိုင်ပါသည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် သတ်မှတ်ရာတွင်မူ မြို့နယ်တစ်မြို့နယ်လျှင် ကိုယ်စားလှယ်နှစ်ဦးကျစီ ရွေးကောက်တင်မြှောက်ရမည်ဖြစ်၍ တစ်မြို့နယ်လျှင် မဲဆန္ဒနယ် တစ်နယ် သတ်မှတ်ဆောင်ရွက်နိုင်ပါသည်။

သို့ရာတွင် အမျိုးသားလွှတ်တော်ဖွဲ့စည်းရာတွင် ပါရှိသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသတစ်ခုစီမှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးစီ ရွေးကောက်တင်မြှောက်ခြင်းနှင့် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် ဖွဲ့စည်းရာတွင်ပါရှိသော သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အလိုက် သတ်မှတ်ချက်နှင့်အညီ ရရှိမည့် တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များကိုမူ တစ်ဦးစီသာ ရွေးကောက်တင်မြှောက်ရမည်ဖြစ်သဖြင့် FPTP စနစ်ဖြင့်သာ ရွေးကောက်ပွဲကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**အချိုးကျကိုယ်စားပြုစနစ် (Closed List) ဖြင့် ရွေးကောက်ပွဲကျင်းပခြင်းနှင့် ရလဒ်ထုတ်ပြန်ခြင်း**

အချိုးကျကိုယ်စားပြုစနစ် (Closed List) ဖြင့် ကျင်းပသည့် အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများသည် သက်ဆိုင်ရာလွှတ်တော် မဲဆန္ဒနယ်အလိုက် ရွေးကောက်တင်မြှောက်ခံမည့် ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို ဦးစားပေးအစီအစဉ်အတိုင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရမည်ဖြစ်ပြီး ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများကို သတ်မှတ်ချက်နှင့်အညီ စိစစ်ခြင်းနှင့်

> ❖ Closed List– PR **စနစ်သည် ပါတီကိုသာ မဲပေးရခြင်းဖြစ်၍ ရွေးကောက်တင်မြှောက်ခံမည့် ကိုယ်စားလှယ်လောင်းများကို အများပြည်သူလေ့လာ သိရှိနိုင်ရန်အတွက် မဲဆွယ်စည်းရုံးရေးကာလ အတွင်း မဲဆန္ဒနယ်အလိုက် ကိုယ်စားလှယ်လောင်း စာရင်းကို ဗီနိုင်း၊ ပိုစတာ စသည်များဖြင့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကပ်ထားခွင့်ရရှိမည် ဖြစ်သည်**

ကိုယ်စားလှယ်လောင်း အမည်စာရင်း ကြေညာခြင်းများ ဆောင်ရွက်ရသည်။ Closed List – PR စနစ်သည် ပါတီကိုသာ မဲပေးရခြင်းဖြစ်၍ ရွေးကောက်တင်မြှောက်ခံမည့် ကိုယ်စားလှယ်လောင်းများကို အများပြည်သူလေ့လာ သိရှိနိုင်ရန်အတွက် မဲဆွယ်စည်းရုံးရေးကာလအတွင်း မဲဆန္ဒနယ်အလိုက် ကိုယ်စားလှယ်လောင်းစာရင်းကို ဗီနိုင်း၊ ပိုစတာ စသည်များဖြင့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကပ်ထားခွင့်ရရှိမည်ဖြစ်သည်။ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ပြီးပါက မဲဆန္ဒနယ်ပြင်ပနှင့် မဲဆန္ဒနယ်အတွင်း ကြိုတင်မဲပေးခြင်း၊ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံများ၌ မဲပေးခြင်းနှင့် မဲရေတွက်ခြင်းများ ဆောင်ရွက်ပြီးနောက် ရလဒ်စာရင်းဇယားများကို မဲရုံမှူးများနှင့် ကော်မရှင်အဖွဲ့ခွဲများက သတ်မှတ်ပုံစံအတိုင်း ရေတွက်ဖြည့်သွင်းပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရသည်။ တိုင်းဒေသကြီး/ ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ အနေဖြင့် PR မဲဆန္ဒနယ်များအလိုက် ရလဒ်များကို စုစည်းပြီး နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များရရှိသည့် ခိုင်လုံမဲအရေအတွက်ကို တွက်ချက်ခြင်း၊ ခိုင်လုံမဲစုစုပေါင်းကို ကိုယ်စားလှယ်အရေအတွက်ဖြင့် စားခြင်းဖြင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအတွက် အနည်းဆုံးရရှိရမည့် အခြေခံမဲ Threshold တွက်ချက်သတ်မှတ်ခြင်းများ ဆောင်ရွက်ရသည်။ ယင်းနောက်သက်ဆိုင်ရာမဲဆန္ဒနယ်အလိုက်ရွေးကောက်တင်မြှောက်ရမည့် ကိုယ်စားလှယ်ဦးရေ ပြည့်မီသည်အထိ ကြွင်းကျန်မဲအများဆုံးစနစ် (Largest Remainder Formula) ဖြင့် တွက်ချက်ခြင်းနှင့် ရလဒ်ထုတ်ပြန်ခြင်းတို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ဥပဒေ၊ နည်းဥပဒေ များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သည်။

**အချိုးကျကိုယ်စားပြုစနစ်(PR)၏ အားသာချက်များနှင့် တိုင်းရင်းသားများအတွက် အခွင့်အလမ်းများ**

အချိုးကျကိုယ်စားပြုစနစ်(PR)၏ အဓိကအားသာချက်မှာ မဲဆန္ဒရှင်ပြည်သူများက ပေးသော ဆန္ဒမဲများ အဟောသိကံ၊ အလဟဿဖြစ်မှု အလွန်နည်းပါးခြင်းဖြစ်သည့်အပြင် အောက်ပါ အားသာချက်များရှိသည် –

(က) ကိုယ်စားပြုမှုကို အချိုးကျသတ်မှတ်ခြင်းဖြစ်၍ အချိုးအစားကျနသော ဥပဒေပြုလွှတ်တော်ကို ပုံဖော်နိုင်ပြီး ပါတီစုံစနစ်(Multi–party System) ကို ပေါ်လွင်အားကောင်းစေခြင်း၊

( ခ ) လွှတ်တော်အတွင်း ပါတီကြီးများ၏ လက်ဝါးကြီးအုပ်မှုကို ကန့်သတ်ပေးခြင်းနှင့် ပါတီကြီးတစ်ခု၏ မူဝါဒနှင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှုများကို အပြန်အလှန် ထိန်းကျောင်းနိုင်ခြင်း၊

( ဂ ) လူနည်းစုများ၏ ဆန္ဒသဘောထားကို ဖော်ထုတ်နိုင်ပြီး ပါတီငယ်များအနေဖြင့် ပါတီကြီးများကဲ့သို့ ကိုယ်စားလှယ်နေရာရရှိနိုင်ပြီး ပါတီတစ်ခုတည်း၏ ကြီးစိုးလွှမ်းမိုးမှုကို လျှော့ချနိုင်ခြင်း၊

(ဃ) မဲဆန္ဒနယ်အလိုက် ရွေးကောက်ခံရသော ပါတီစုံမှ ကိုယ်စားလှယ်များသည် မဲဆန္ဒနယ်တစ်ခုလုံး၏ ကိုယ်စားလှယ်ဖြစ်ပြီး မဲဆန္ဒနယ်အတွင်းရှိ ပြည်သူလူထုအားလုံးကို ကိုယ်စားပြုသဖြင့် ကိုယ်စားလှယ်အချင်းချင်း၊ ပါတီအချင်းချင်း ပြည်သူလူထု ထောက်ခံမှုရရှိရေး အပြိုင်ကြိုးစားစေသည့် အားသာချက်ရှိခြင်း၊

( င ) စာရင်းပိတ်အချိုးကျကိုယ်စားပြုစနစ် အသုံးပြုခြင်းဖြင့် လူပုဂ္ဂိုလ်ထက် ပါတီဦးဆောင်မှုမြင့်မားစေပြီး ပါတီများ၏ မူဝါဒလမ်းစဉ်များ ပိုမိုတည်တံ့ခိုင်မြဲစေခြင်း၊

( စ ) မဲဆန္ဒရှင်များအနေဖြင့် မဲရုံများသို့ သွားရောက် မဲပေးခြင်းသည် တန်ဖိုးရှိသည်ဟူသောအမြင်နှင့် ယုံကြည်မှုမြင့်မားလာပြီး မဲပေးမှုရာခိုင်နှုန်း (Voter Turn Out) ကောင်းလာစေခြင်း၊

(ဆ) ပါတီစုံနှင့် လူတန်းစားစုံ၊ အလွှာစုံမှ ကိုယ်စားလှယ်များ ပါဝင်လာခြင်းဖြင့် စွမ်းဆောင်ရည်မြင့်မားသော အစိုးရတစ်ရပ် ဖွဲ့စည်းဖော်ဆောင်နိုင်ခြင်းတို့ဖြစ်သည်။

အလားတူ အချိုးကျကိုယ်စားပြုစနစ် (PR) ကျင့်သုံးခြင်းဖြင့် တိုင်းရင်းသားပါတီများ၊ လူနည်းစုများနှင့် ပါတီငယ်များအတွက် အောက်ပါအခွင့်အလမ်းများနှင့် အားသာချက်များ ရရှိနိုင်ပါသည် –

(က) တိုင်းရင်းသားပါတီများနှင့် လူနည်းစုပါတီများအနေဖြင့် ကိုယ်စားလှယ်နေရာ ပိုမိုရရှိပြီး ဥပဒေပြုလွှတ်တော်၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများတွင် ပိုမို ပါဝင်ခွင့်ရရှိခြင်း၊

( ခ ) တိုင်းရင်းသားပါတီများအနေဖြင့်ပြည်ထောင်စုလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များတွင် ပိုမိုပါဝင်ခွင့်ရရှိပြီး မိမိတိုင်းရင်းသားမျိုးနွယ်စု၏ အကျိုးကို ပိုမိုဖန်တီးဖော်ဆောင်နိုင်ခြင်း၊

( ဂ ) လွှတ်တော်အတွင်း ပါတီစုံ၊ တိုင်းရင်းသားလူမျိုးစုံ ကိုယ်စားလှယ်များနှင့် အမျိုးသမီးကိုယ်စားလှယ်များ စုံညီမျှတစွာ အချိုးကျကိုယ်စားပြုခွင့် ရရှိခြင်းဖြင့် နိုင်ငံတော်က ဦးတည်ဆောင်ရွက်လျက်ရှိသည့် ဒီမိုကရေစီ နှင့် ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းရေး အထောက်အကူဖြစ်ခြင်းတို့ ဖြစ်ပါသည်။

**နိဂုံး**

မြန်မာနိုင်ငံ ရွေးကောက်ပွဲသမိုင်းနှင့် ဖြစ်စဉ်များကို လေ့လာသုံးသပ်ပြီး အနာဂတ်ရွေးကောက်ပွဲများကျင်းပရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ပိုမိုဖော်ဆောင်နိုင်မည့် အချိုးကျကိုယ်စားပြုစနစ် (PR) ကို ကျင့်သုံးရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ အချိုးကျကိုယ်စားပြုစနစ် (PR) ကျင့်သုံးခြင်းဖြင့် တစ်ပါတီကြီးစိုးမှု လျှော့ချနိုင်ပြီး ပါတီစုံစနစ်ခိုင်မာအားကောင်းခြင်း၊ တိုင်းရင်းသားလူမျိုးစုပါတီများနှင့် ပါတီငယ်များ ဥပဒေပြုလွှတ်တော်နှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် ပါဝင်ခွင့်ရပြီး မိမိဒေသ ဖွံ့ဖြိုးရေးဆောင်ရွက်နိုင်ခြင်းမှတစ်ဆင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရရှိနိုင်ခြင်း အစရှိသည့် အကျိုးရလဒ်များ ရရှိမည်ဖြစ်သည်။

**နိုင်ငံတော်သည် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်** ဖြစ်ရာ ဒီမိုကရေစီ၏ အခြေခံဖြစ်သည့် ရွေးကောက်ပွဲများကို အကြားအလပ်မရှိ ကျင်းပနိုင်ရပါမည်။ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် အခြေခံလိုအပ်ချက်မှာ မဲဆန္ဒနယ်များ၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးရှိရန်ဖြစ်သည်။ သို့ဖြစ်ရာ ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပပြီး နိုင်ငံတော်က မျှော်မှန်းသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။




ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ အရင်အပတ်က ဖော်ပြခဲ့တဲ့ The Correct Use of Tenses (ကာလအပိုင်းအခြားများကို မှန်မှန်ကန်ကန်အသုံးပြုခြင်း) နဲ့ပတ်သက်ပြီး Past Continuous Tense (အတိတ်ဖြစ်ဆဲကာလ) အကြောင်းကို ပိုပြီးနားလည်သဘောပေါက်စေဖို့ လေ့ကျင့်ခန်းများနဲ့ဖော်ပြလိုက်တဲ့အပြင် Past Perfect Tense (အတိတ်ဖြစ်ပြီးကာလ) အကြောင်းကိုလည်း ဖော်ပြလိုက်ပါတယ်။ ဒ့ါအပြင် စကားပြောပိုင်းမှာလည်း Shortest way to talk about 'Speaking ခေါင်းစဉ်ကိုအစားထိုးပါ' ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာဖော်ပြပေးထားပါတယ်။ Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာ အသုံးများတဲ့ အဓိပ္ပာယ်ဆန့်ကျင်ဘက်စကားလုံးတွေကို မြန်မာလို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေ။

## GRAMMAR

### Basic to Intermediate

**ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ အရင်အပတ်က ဖော်ပြခဲ့တဲ့ Past Continuous (အတိတ်ဖြစ်ဆဲကာလ) အကြောင်း ပိုမိုနားလည်သဘောပေါက်စေဖို့ သူနဲ့ပတ်သက်တဲ့ လေ့ကျင့်ခန်းများကို ဖော်ပြလိုက်ပါတယ်။ ဒ့ါအပြင် Past Perfect Tense (အတိတ်ဖြစ်ပြီးကာလ) အကြောင်းကိုလည်း ဖော်ပြလိုက်ပါတယ်။**

Exercise (1) Fill in the blanks with the Past Continuous tense of the verbs in brackets.

e.g. While I ……………..(watch) the game, Susan called me.

While I was watching the game, Susan called me.

1. While I ……(have) my bath, he knocked at my door.
2. While we ………(walk) along the road, we met John.
3. While Mr Lin ……(dig) in the garden, he saw a snake.
4. When I left my house, it ………………….. (rain).
5. When his mother came in, he ……………..(sleep).
6. As they …………….. (dress) up, the telephone rang.
7. As Jim …… (rush) for the bus, someone called him.
8. She heard a loud scream when she ………..(leave) the room.
9. The light went out while they ………(eat) their diner.
10. While he ……………..(run) down the stairs, he fell.

Exercise (2) Fill in the blanks with the Past Continuous tense of the verbs in brackets.

1. John ………………….. (read) all last night.
2. They ……………..(play) hockey all yesterday evening.
3. What ……… you ……(do) at ten o'clock this morning?
4. They ………….. (fish) in the pond all last Sunday.
5. It ………(rain) heavily at 3 o'clock yesterday afternoon.
6. We ……….. (watch) television at 9 o'clock last night.
7. The sun ………(shine) brightly all yesterday afternoon.
8. My mother ……… (talk) to Mrs Chen all this afternoon.
9. The children …………..(swim) in the pool at 6 o'clock yesterday evening.
10. I ……………..(have) my lunch at 1 o'clock yesterday.

Exercise (3) Put in the Past Continuous tense of the verbs in brackets.

1. While my mother …………….. (cook) in the kitchen, we …………….. (work) in the garden.
2. While we …………….. (dance), she ……….. (sing).
3. The bell ……… (ring) when I reached school yesterday.
4. He ………(read) a book while I ………(clean) the room.
5. While I saw him, he ………….. (wear) a blue shirt.
6. The teacher entered the room as the children …………….. (laugh)
7. ……….they …….(paint) the house all last Saturday?
8. While Mike ………..(water) the plants, David ………. (trim) the hedge.
9. What ……… you ………..(do) when the storm came?
10. You ………(not listen) while I ………(speak) just now.




Past Perfect Tense (အတိတ်ဖြစ်ပြီးကာလ)

This tense is used to express an action that had happened sometime in the past before another action began.

အတိတ်ကာလတွင် အခြားလုပ်ဆောင်ချက်တစ်ခုထက် စောဖြစ်တဲ့ လုပ်ဆောင်ချက်တစ်ရပ်ကို ဖော်ပြရာတွင် Past Perfect Tense (အတိတ်ဖြစ်ပြီးကာလ)ကိုအသုံးပြုသည်။

ဝါကျတစ်ခု၌ အတိတ်ဖြစ်ရပ်နှစ်ခုပါရှိတတ်ပြီး ဖြစ်ရပ်တစ်ခုက တခြားဖြစ်ရပ်တစ်ခုထက် ပိုစောပြီးဖြစ်ရင် ပိုစောပြီးဖြစ်တဲ့ဖြစ်ရပ်ကို Past Perfect Tense (အတိတ်ဖြစ်ပြီးကာလ)နဲ့ ရေးပြီး နောက်ဖြစ်တာကို Simple Past Tense နဲ့ ရေးရပါတယ်။ ဥပမာ –

- I had finished my essay when the bell rang.
- She had written three letters before you came.
- After he had done his homework he went to sleep.

ယခင်အပတ်လေ့ကျင့်ခန်းမှ အဖြေများ

Exercise (1) မှအဖြေများ

| | | | |
|---|---|---|---|
| 1. | found | 2. | stayed |
| 3. | hung | 4. | rang |
| 5. | wore | 6. | ate |
| 7. | met | 8. | blew |
| 9. | caught | 10. | took |
| 11. | exercised | 12. | got |
| 13. | was | 14. | began |
| 15. | heard | | |

Exercise (2) မှအဖြေများ

1. She got up at 7 o'clock and had a big breakfast. She walked to work, which took her about half an hour. She started work at 8.45. She didn't have any lunch. She finished work at 5 o'clock. She was tired when she got home. She cooked a meal in the evening. She didn't go out. She went to bed at about 11 o'clock, and she slept well.

Exercise (3) မှ အဖြေများ

1. Where did you stay?
2. What time did you arrive?
3. Did you win?
4. Where did you go?
5. How much did it cost?
6. Did you go to bed late?
7. Did you have a nice time?
8. How did it happen?

## VOCABULARY (ANTONYMS)

1. **loss (နစ်နာခြင်း၊ ဆုံးရှုံးခြင်း၊ profit/gain (အကျိုးအမြတ်)**
2. **loud (ကျယ်လောင်သော) ၊ soft (နူးညံ့ညင်သာသော)**
3. **majority (အများစု) ၊ minority (အနည်းစု)**
4. **masculine (ယောကျ်ားရုပ်သွင်ရှိသော၊ ပုလ္လိင်)**
   **feminine (အမျိုးသမီးအသွင်ရှိသော၊ ဣတ္ထိလိင်)**
5. **master (သခင်) ၊ servant (အစေခံ)**

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about 'Good for the environment'

**ဒီတစ်ပတ်မှာတော့ "good for the environ–ment" အကြောင်း ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို "Shortest way to talk about 'good for the environment' ဆိုပြီး ဖော်ပြလိုက်ပါတယ်။**

*What should I do …*

၁။ ဘာလုပ်သင့်လဲဆိုပြီး တစ်စုံတစ်ယောက်ထံက အကြံတောင်းရင် ပြောလေ့ရှိတဲ့ စကားပြောပုံစံတစ်ခုကတော့ What should I do …ပဲဖြစ်ပါတယ်။ ဥပမာ –

- What should I do with these a lot of clothes that don't fit me anymore.

*The D2 …, the D2 …*

၂။ ဒါကတော့ parallel structure လို့ ပြောနိုင်ပါတယ်။ လေလေ… လေလေဆိုပြီး ပြောလို့ရပါတယ်။ ဝါကျရှေ့ကလည်း D2 နဲ့သုံးပြီး နောက်ကလည်း D2 နဲ့သုံးတဲ့ပုံစံဖြစ်ပါတယ်။ စာဖတ်လေလေ အသိဉာဏ်ဗဟုသုတ ပိုရလေလေ။ ပိုကြိုးစားလေလေ ပိုအောင်မြင်လေလေ စတဲ့ပုံစံတွေပဲဖြစ်ပါတယ်။ ဥပမာ –

- The biggest our landfills, the highest the levels of pollution.
- The more you read, the more you know.

*I'm going to …*

၃။ တစ်ခုခုကိုလုပ်တော့မယ်လို့ပြောရင် သုံးလေ့ရှိတဲ့ပုံစံတစ်မျိုးကတော့ I'm going to ပဲဖြစ်ပါတယ်။ ဥပမာ –

- I'm going to donate my clothes to someone who needs them.

*Should + Vinf*

၄။ တစ်ခုခုကိုလုပ်သင့်တယ်ဆိုပြီး ပြောရင်တော့ Should + Vinf နဲ့ပြောပါတယ်။ ဥပမာ –

- You should always turn off the faucet.

*what else should we do to save energy?*

၅။ စွမ်းအင်ချွေတာဖို့ နောက်ထပ်ဘာလုပ်သင့်လဲဆိုပြီးမေးတဲ့အခါ ဒီနေရာမှာ မှတ်ရမှာက နောက်ထပ်ဘာလုပ်သင့်လဲဆိုတာကို What else should we do နဲ့သုံးသွားတာဖြစ်ပါတယ်။ ဥပမာ–

- What else should we do to save energy?

Conversation

Good for the environment

Jennifer: Mom, I cleaned up my closet and found a lot of clothes that don't fit me any–more. What should I do with them?

Mom: You can donate them. Another child can reuse them. This is good for the environ–ment too.

Jennifer: What do you mean?

Mom: If you throw them away, they'll be taken to the landfills. Decomposing textiles emit toxins that are released into the air and are polluting our environment. The biggest our landfills, the higher the levels of pollution.

Jennifer: Oh, I see. Okay, I'm going to donate them to someone who needs them.

Mom: Jennifer, you should always turn off the faucet while brushing your teeth or hands to save water.

Jennifer: Why do we need to save water? Mom?

Mom: It helps to preserve our environment.

Jennifer: How's that?

Mon: Reducing our water usages reduces the energy required to process and deliver it to homes, which, in turn, helps to reduce pollution.

Jennifer: And what else should we do to save energy?

Mon: We should turn off the lights when leaving a room and unplug devices when not in use. We can also wash clothes at a cooler temperature and with full of load. We can use the stairs instead of the eleva–tors. We save our electric bill, and the planet, at the same time.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# မဟာဂီတတွေ တိမ်မြုပ်ပျောက်ကွယ်မသွားအောင် တတ်နိုင်သမျှ အဖွဲ့အစည်းနဲ့ ပူးပေါင်းပြီး ထိန်းသိမ်းခြင်း၊ ဖော်ထုတ်ခြင်း၊ ဖြန့်ဝေခြင်းဆိုတဲ့ အလုပ်တွေကို ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ပါတယ်

**ဒေါ်ရီရီသင်း၊ အနုပညာထူးချွန်တံဆိပ် (တတိယဆင့်)**



ဦးသက်ဝေ



ဒေါ်ရီရီသင်း



ဂန္ထဝင်တေးသံရှင် အေးအေးအောင်



ဒေါ်စန်းရွှေ
(ဂီတနက်သန် ဦးအုန်းလွင် ၏ ဇနီး)

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၂၁၁/၂၀၂၂ ဖြင့် နယ်ပယ်အသီးသီးတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်ခဲ့သည်။**

အဆိုပါဘွဲ့၊ တံဆိပ်များ ချီးမြှင့်ခံရသည့် ပုဂ္ဂိုလ်အချို့၏ ဝမ်းမြောက်စကားသံများကို မြန်မာ့သတင်းစဉ်က စုစည်းဖော်ပြလိုက်ပါသည်။

**ဦးသက်ဝေ**
**အနုပညာထူးချွန်တံဆိပ် (တတိယဆင့်)**
**စောင်းပညာရှင်**

ကျွန်တော်တတ်တဲ့ အနုပညာနဲ့ နိုင်ငံတော်အတွက် တတ်နိုင်သလောက် အလုပ်အကျွေးပြုခဲ့ပါတယ်။ နိုင်ငံတော်က ဒါကို အသိအမှတ်ပြုပြီး အခုဘွဲ့ပေးတဲ့အချိန်မှာ အနုပညာထူးချွန် တတိယဆင့် ချီးမြှင့်လာတဲ့အတွက် နိုင်ငံတော်နဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေ အားလုံးကို ကျေးဇူးအထူးတင်ပါတယ်။ ကျွန်တော် ကျန်းကျန်းမာမာ ရှိနေတဲ့အချိန်မှာ ကျွန်တော့်ဘဝနဲ့ တိုင်းပြည်အတွက် လုပ်ပေးပြီးပါပြီ။ ကျွန်တော်ရဲ့ ကျန်ရှိတဲ့အချိန်တွေမှာ အခုလက်ရှိတာဝန်ထမ်းဆောင်နေတဲ့ မြန်မာနိုင်ငံဂီတ အစည်းအရုံးကနေ ကျန်တဲ့လောကသားတွေအတွက် တတ်နိုင်သလောက်၊ လုပ်နိုင်သလောက်တော့ လုပ်သွားမယ်လို့ ရည်ရွယ်ချက်ထားပါတယ်။

**ဒေါ်ရီရီသင်း**
**အနုပညာထူးချွန်တံဆိပ် (တတိယဆင့်)**
**တေးဆိုပညာရှင်**

အခုလို ဂုဏ်ပြုချီးမြှင့်ခြင်း ခံရတဲ့အတွက် အလွန်ဝမ်းသာပါတယ်။ ကျွန်မတို့ လျှောက်လှမ်းလာရတဲ့ အနုပညာလမ်းကြောင်းတစ်လျှောက်မှာ ဒီလိုနိုင်ငံတော်ကနေ တန်ဖိုးထား လေးလေးစားစားနဲ့ ဂုဏ်ပြုချီးမြှင့်ပြီး အသိအမှတ်ပြုတဲ့အတွက် ပြောမပြတတ်အောင် ဝမ်းသာပါတယ်။ မဟာဂီတတွေ တိမ်မြုပ်ပျောက်ကွယ်မသွားအောင် တတ်နိုင်သမျှ အဖွဲ့အစည်းနဲ့ ပူးပေါင်းပြီး ထိန်းသိမ်းခြင်း၊ ဖော်ထုတ်ခြင်း၊ ဖြန့်ဝေခြင်းဆိုတဲ့ အလုပ်တွေကို ဆက်လက် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

**ဂန္ထဝင်တေးသံရှင် အေးအေးအောင်**
**အနုပညာထူးချွန်တံဆိပ် (တတိယဆင့်)**
**အဆိုပညာရှင်**

အနုပညာထူးချွန်ဆုကို နိုင်ငံတော်က ချီးမြှင့်ပေးတဲ့အတွက် ဝမ်းသာဂုဏ်ယူရပါတယ်။ မထင်မှတ်ဘဲရတော့ တော်တော်အံ့ဩသွားပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ မအေး ဒီလိုရရှိအောင် ငယ်စဉ်ကတည်းက ဂီတခရီးသက်တမ်း နှစ် ၅၀ အတွင်းမှာ သင်ကြားပေးခဲ့ကြတဲ့ ကျေးဇူးရှင်တွေကို ပြောရမယ်ဆိုရင် လက်ဦးဆရာဖြစ်တဲ့ မအေးရဲ့ မိဘနှစ်ပါးနဲ့ အသက်ထင်ရှားရှိနေကြတဲ့၊ ကွယ်လွန်သွားကြပြီဖြစ်တဲ့ ဂီတငယ်ဆရာ၊ ကြီးဆရာ၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေ အားလုံးနဲ့တကွ ဂီတ မိခင်၊ ဖခင်များ အပါအဝင် အားပေးချစ်ခင်ကြတဲ့ တေးချစ်သူပရိသတ်ကြီးများ အားလုံးကို ဒီကနေ ကျေးဇူးဆပ်ဂါရဝပြု ရှိသေစွာ ကန်တော့လိုက်ပါတယ်။

**(ဂီတနက်သန် ဦးအုန်းလွင်)၊ အနုပညာထူးချွန်တံဆိပ်၊ တတိယဆင့်**
**ဒေါ်စန်းရွှေ (ဂီတနက်သန် ဦးအုန်းလွင် ၏ ဇနီး)**

ဒါ အဘအမြတ်နိုးဆုံး ဂီတာပါ။ ဂီတာကို သူတော်တော်မြတ်နိုးတယ်။ အဘွား အသက် ၂၀ နဲ့ အိမ်ထောင်ကျတဲ့အခါမှာ ပါလာတဲ့ ဂီတာလေးပါ။ ဗိုလ်ကလေး ဆရာအတတ်သင်ကို ဂီတဌာနမှူးအနေနဲ့ သူသွားတော့လည်း ဗိုလ်ကလေးကို ယူမသွားဘူး။ သူ့ဂီတာကြီး ပင်ပန်းမှာစိုးလို့တဲ့။ ဂီတနက်သန် မြေစစ်မြေမှန် ဘူမိနက်သန် မြေစစ်မြေမှန်ဆိုပြီး ဗမာသံစစ်စစ်ကို သူထိန်းမယ်ဆိုတဲ့ သဘောပါပဲ။ သူက ဗမာသံ စစ်စစ်ကို ထိန်းတယ်။ ဂီတနက်သန်က ဒီ့ပြင်တစ်နေရာမှာလည်း လုပ်လို့လည်းမရဘူး။ နည်းနည်းလေး Air လေး ပါလာရင်တောင် နယ်တွေက ဂီတနက်သန်ပျက်သွားပါလိမ့်မယ်၊ ဗမာသံစစ်စစ်လေးကိုပဲ ထိန်းပေးပါဆိုပြီး ဗမာသံစစ်စစ်ကိုပဲ အဘထိန်းတယ်။ အလှူတွေဘာတွေ လုပ်ရင်တောင်မှ ငါ့ဂီတနက်သန်ဆိုတာ ငါ့ရဲ့ဘွဲ့ပဲ၊ ဂီတနက်သန်ကို မဖြုတ်ပါနဲ့၊ ဂီတနက်သန်လေးက ရှေ့ကထည့်ပေးပါ သူအဲဒီလိုပြောတယ်။ သူဆုံးသွားပြီးမှ ဆုကိုရလာတဲ့ အခါကျတော့ ဝမ်းသာတယ်၊ ဝမ်းလည်းနည်းပါတယ်။ အဘရှိရင်လည်း တော်တော်ပျော်မှာကို အဘွားကြည့်ချင်တယ်။ ဂီတကို မြတ်နိုးလို့ ဂီတအတွက်ရတယ်ဆိုတဲ့အတွက် သူဝမ်းသာမှာပါ။

**(ဂီတစာဆို ဦးညွန့်ဝေ)၊ အနုပညာထူးချွန်တံဆိပ်၊ တတိယဆင့်**
**ဒေါ်ခင်ချိုဝင်း (ဂီတစာဆို ဦးညွန့်ဝေ ၏ ဇနီး)**

ကျွန်မ ကျေးဇူးတင်ပါတယ်။ ဝမ်းလည်းဝမ်းသာပါတယ်။ ငယ်ငယ်တုန်းက မယ်ဒလင်နဲ့ ပတ်သက်ပြီးတော့လည်း ရွှေတံဆိပ်ရခဲ့တယ်။ နောက်အများကြီးပဲပေါ့နော်။ နိုင်ငံတော်က ချီးမြှင့်တာတွေလည်း



ဒေါ်ခင်ချိုဝင်း
(ဂီတစာဆို ဦးညွန့်ဝေ ၏ ဇနီး)

ရှိပါတယ်။ သီချင်းကျတော့ အများကြီးပေါ့နော်။ ဒေါ်တင်တင်မြနဲ့က အများဆုံးပါ။ အေဝမ်းစိုးမြင့်အဖွဲ့နဲ့ ပင်တိုင်စံတို့၊ နောက်ပြီးတော့ တွံတေးသိန်းတန်တို့နဲ့ ဆိုရင်လည်း ဇာတ်လမ်းတွေပေါ့။ ဟိုအရင်ခေတ်ကတည်းက ဇာတ်လမ်းတွေရော၊ တေးသီချင်းတွေရော အစုံပဲ အများကြီးပဲ ရေးခဲ့ပါတယ်။ နောက် တွံတေးသိန်းတန်နဲ့ဆိုရင်လည်း ချယ်ရီလက်ဆောင်ပေးသူ၊ မကြင်ဖက်တော်မူအုံး၊ စိမ်းသဖူစိမ်းတို့၊ စိုးမိုးမေတ္တာတို့ အများကြီးပဲ ဇာတ်လမ်းတွေကလည်း တစ်ပုံကြီးပါပဲ။ အကုန်လုံးရဲ့ကိုယ်စား ကျေးဇူးအများကြီးတင်ပါတယ်။ သူရှိရင်လည်း တော်တော်ဝမ်းသာမှာပါ။ အနုပညာသမားတွေကို အခုလိုပံ့ပိုးပေးတဲ့အတွက်လည်း အများကြီး ကျေးဇူးတင်ပါတယ်။

**သတင်းအဖွဲ့**

## မူဆယ်မြို့၌ အုပ်ချုပ်ရေးမှူးများ အရည်အသွေးမြှင့် သင်တန်းပို့ချ

**မူဆယ် ဒီဇင်ဘာ ၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ယနေ့နံနက် ၉ နာရီက ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများအရည်အသွေးမြှင့် သင်တန်းပို့ချသည်။



အဆိုပါသင်တန်းတွင် မူဆယ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းက သင်တန်းအကြံပြုအမှာစကား ပြောကြားပြီး မူဆယ်မြို့နယ် ရဲတပ်ဖွဲ့မှူး ဦးငွေတိုးကလည်း သင်တန်းနှင့် ပတ်သက်သည်များကို ဆွေးနွေးသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လျှပ်စစ်မီးလင်းရေး၊ လမ်း/တံတားများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းသင်တန်းများကို မူဆယ်မြို့နယ်ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချယ်ရီမြေ(မူဆယ်)**

## ယင်းမာပင်မြို့၌ (၇၅) နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပ

**ယင်းမာပင် ဒီဇင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပလျက်ရှိသည်။

"ဒီဇင်ဘာ ၃ ရက်မှ စတင်ပြီး အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ကျင်းပပေးပြီးဖြစ်ပါတယ်။ ဒီနေ့မှာတော့ အမျိုးသား ဘော်လီဘောပြိုင်ပွဲများ၊ မီနီမာရသွန်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ အပြေးပြိုင်ပွဲများ၊ အခြားအားကစားပြိုင်ပွဲများကိုလည်း ဆက်လက်ကျင်းပပေးသွားမှာ ဖြစ်ပါတယ်" ဟု မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးမင်းသန့်က ပြောသည်။

အဆိုပါ အားကစားပြိုင်ပွဲများမှ ဆုရရှိသူများကို လွတ်လပ်ရေးနေ့ အခမ်းအနားတွင် ဆုများချီးမြှင့် ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## လက်ဘနွန်ဒုက္ခသည်များ ကူညီထောက်ပံ့ပေးကြရန် ကုလသမဂ္ဂအကြီးအကဲတိုက်တွန်း

**ဘေရွတ် ဒီဇင်ဘာ ၄**

ပဋိပက္ခများကြောင့် ဒုက္ခကြုံတွေ့နေသည့် လက်ဘနွန် နိုင်ငံသားများကို အပြည်ပြည်ဆိုင်ရာမှ ရေရှည်ထောက်ပံ့မှုများ ပြုလုပ်ပေးရန်အတွက် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး ဖိလစ်ပို ဂရန်ဒီ က ဒီဇင်ဘာ ၃ ရက်တွင် ပြောသည်။

လက်ဘနွန်နိုင်ငံသို့ ပေးအပ်နေသည့် ထောက်ပံ့မှုများ လျော့ကျသွား၍ မဖြစ်ဟု ၎င်းက ပြောသည်။ လက်ဘနွန်၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရမည်ဖြစ်ပြီး လက်ဘနွန်နိုင်ငံသည် ဒုက္ခသည်ထောင်ပေါင်းများစွာကို ရက်ရောစွာ လက်ခံပေးထားကြောင်း လက်ဘနွန်သို့ သုံးရက်ကြာ လာရောက်သည့် ဖိလစ်ပို က ပြောသည်။ လက်ဘနွန်ရှိ ဆီးရီးယားဒုက္ခသည်များ အရေးကိစ္စအတွက် အဖြေရှာနိုင်ရေး ဆက်လက် လုပ်ဆောင်သွားရန်လည်း ၎င်းက ဆက်ပြောသည်။



လက်ဘနွန်နိုင်ငံအရှေ့ပိုင်းရှိ ဆီးရီးယားဒုက္ခသည်စခန်းတစ်ခုကို တွေ့ရစဉ်။

ဒုက္ခသည်များကို ပြန်လည်နေရာချထားရေး၊ ၎င်းတို့သဘောဆန္ဒအလျောက် နေရပ်ပြန်လိုသူများကိုလည်း လုံခြုံစိတ်ချစွာ ပြန်ပို့ပေးနိုင်ရေးတို့အတွက်လည်း ဆက်လက် လုပ်ဆောင်သွားရန် ကတိပြုပြောကြားခဲ့သည်။ ဒုက္ခသည်များ နေရပ်ပြန်သည့်အခါ လုံခြုံစိတ်ချစွာနှင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း ကိစ္စရပ်များကို လုပ်ဆောင်နိုင်ရန် ကုလသမဂ္ဂ၊ မဟာမိတ်အဖွဲ့အစည်းများ၊ ဒုက္ခသည်များကို လက်ခံပေးထားသည့် အိမ်ရှင်နိုင်ငံများ၊ ဆီးရီးယားအစိုးရတို့နှင့် အတူ လုပ်ဆောင်လျက်ရှိသည်။

လက်ဘနွန်နိုင်ငံသည် ဒုက္ခသည်များကို အများဆုံးလက်ခံထားသည့်နိုင်ငံဖြစ်ပြီး လက်ရှိတွင် နိုင်ငံအတွင်း ဆီးရီးယားဒုက္ခသည်ပေါင်း နှစ်သန်းကို လက်ခံထားသည်ဟု အစိုးရက ခန့်မှန်းထားသည်။

**ဆင်ဟွာ**

## ဘင်္ဂလားဒေ့ရှ်အသင့်ချုပ်ထည် တင်ပို့မှု တစ်လအတွင်း ဒေါ်လာ ၅ ဘီလီယံဖြင့် စံချိန်တင်

**ဒါကာ ဒီဇင်ဘာ ၄**

အသင့်ချုပ်အထည်များ ဝယ်လိုအား ဆက်တိုက်မြင့်တက်လာသည်နှင့်အမျှ နိုဝင်ဘာလတွင် အမေရိကန်ဒေါ်လာ ၅ ဘီလီယံကျော်တန်ဖိုးရှိ ကုန်ပစ္စည်းများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက တင်ပို့နိုင်ခဲ့ကြောင်း နောက်ဆုံးထုတ်ပြန်သော တရားဝင်အချက်အလက်အရ သိရသည်။ အဆိုပါတင်ပို့နိုင်မှုသည် တစ်လအတွင်း အများဆုံးတင်ပို့နိုင်မှုဖြစ်ကြောင်းလည်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် နိုဝင်ဘာလတွင် အမေရိကန်ဒေါ်လာ ၅၀၉၂ ဒသမ ၅၆ သန်းတန်ဖိုးရှိ ကုန်ပစ္စည်းများကို တင်ပို့နိုင်ခဲ့ခြင်းသည် ယခင်နှစ်က အလားတူကာလနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက ၂၆ ဒသမ ၀၁ ရာခိုင်နှုန်း မြင့်တက်လာသည်ဟု ပို့ကုန်မြှင့်တင်ရေးဗျူရို (အီးပီဘီ) အချက်အလက်အရ သိရသည်။ ထို့အပြင် လက်ရှိ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (ဇူလိုင် ၂၀၂၂ - ဇွန် ၂၀၂၃) ၏ ပထမငါးလအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပို့ကုန်စုစုပေါင်းသည် အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၉၅ ဘီလီယံအထိရှိပြီး တစ်နှစ်ထက်တစ်နှစ် ၁၀ ဒသမ ၈၉ ရာခိုင်နှုန်း မြင့်တက်လာကြောင်း အဆိုပါ အီးပီဘီအချက်အလက်တွင် ဖော်ပြထားသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (ဇူလိုင် ၂၀၂၁ - ဇွန် ၂၀၂၂)တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ပို့ကုန်သည် အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၀၈ ဘီလီယံအထိ ရှိသည့်အတွက် ၃၄ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## ဟားမားစ်တို့၏ ဒုံးကျည်ပစ်ခတ်မှု အစ္စရေးက လေကြောင်းမှ တုံ့ပြန်တိုက်ခိုက်

**ဂျေရုဆလင် ဒီဇင်ဘာ ၄**

အစ္စရေးနယ်မြေသို့ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုခံရပြီးနောက် လက်တုံ့ပြန်သည့်အနေဖြင့် အစ္စရေးလေတပ်သည် ဂါဇာကမ်းမြောင်ဒေသကို ပစ်မှတ်ထားကာ ဒီဇင်ဘာ ၄ ရက်တွင် လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သည်။

ဟားမားစ်အုပ်စုပိုင်ဆိုင်သည့် လက်နက်ထုတ်လုပ်ရေးနေရာများကိုပစ်မှတ်ထားကာ တိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါနေရာများမှာ ဂါဇာကမ်းမြောင်ဒေသမှ ဒုံးကျည်အများဆုံးထုတ်လုပ်ရာနေရာများဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က ပြောသည်။ ယင်းသို့တိုက်ခိုက်မှုမပြုလုပ်မီ နာရီအနည်းငယ်အကြာက ဂါဇာကမ်းမြောင်ဒေသမှ အစ္စရေးနိုင်ငံတောင်ပိုင်းသို့ ဒုံးကျည်ပစ်လွှတ်လိုက်သည်။

အဆိုပါပစ်ခတ်မှုနှင့် ပတ်သက်၍ မည်သည့်ပါလက်စတိုင်းအဖွဲ့အစည်းကမှ ဝန်ခံပြောကြားခဲ့ခြင်း မရှိပေ။ ယင်းပစ်ခတ်မှုကြောင့် သေဆုံးဒဏ်ရာရရှိသူလည်း မရှိချေ။ ဟားမားစ်တို့သည် ၂၀၀၇ ခုနှစ်မှစတင်ကာ ဂါဇာကမ်းမြောင်ဒေသကို ထိန်းချုပ်ခဲ့သည်။ ထိုအချိန်မှစတင်ကာ အစ္စရေးတို့သည် ယင်းဒေသကိုပိတ်ဆို့ခဲ့ပြီး တိုင်းပြည်အပေါ်ရန်လိုသည့် ဟားမားစ်အဖွဲ့ကို ဆန့်ကျင်မှုများ ပြုလုပ်ခဲ့သည်။ **ဆင်ဟွာ**

## လာအိုနှင့် ထိုင်းနိုင်ငံတို့မှ သစ်သီးဝလံများ တရုတ်ဈေးကွက်သို့တင်ပို့ရန် ပထမဆုံးတိုက်ရိုက်ရထား ပြေးဆွဲ

**ကူမင်း ဒီဇင်ဘာ ၄**

ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့မှ သစ်သီးဝလံကွန်တိန်နာ ၂၅ လုံး တင်ဆောင်လာသော ရထားတစ်စင်းသည် တရုတ်နိုင်ငံအနောက်တောင်ပိုင်း ယူနန်ပြည်နယ်ရှိ တရုတ်-လာအိုရထားလမ်း၏ မိုဟန်ဘူတာရုံသို့ ဒီဇင်ဘာ ၃ ရက်တွင် ဆိုက်ရောက်လာကြောင်း သိရသည်။

ယင်းမှာ သစ်သီးဝလံများကို တရုတ်-လာအို ရထားလမ်းမှ တရုတ်ဈေးကွက်သို့ တင်သွင်းသော ပထမဆုံး တိုက်ရိုက်ပြေးဆွဲသည့် ရထားဖြစ်သည်ဟု ဆိုသည်။ တင်သွင်းသည့် သစ်သီးဝလံ တန်ချိန်မှာ စုစုပေါင်း ၅၄၃ တန်ဖြစ်ပြီး လာအိုနိုင်ငံမှ ငှက်ပျောသီး ၃၅၁ တန်၊ ထိုင်းနိုင်ငံမှ လိုက်ချီးသီး ၁၅၄ တန်နှင့်



လာအိုနှင့် ထိုင်းနိုင်ငံတို့မှ သစ်သီးဝလံများ တင်ဆောင်လာသည့် ကုန်တင်ရထား လာအိုနိုင်ငံ၏ မြို့တော် ဗီယင်ကျန်းမြို့မှ ထွက်ခွာလာစဉ်။

ဒူးရင်းသီး ၃၈ တန်တို့ ပါဝင်ကြောင်း တရုတ်မီးရထား ကူမင်းဗျူရိုအုပ်စုကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ သိရသည်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် စတင်ပြေးဆွဲခဲ့သော တရုတ်-လာအိုရထားလမ်းသည် ၁၀၀၀ ကီလိုမီတာကျော် ရှည်လျားပြီး ယူနန်ပြည်နယ်၏ မြို့တော်ကူမင်းနှင့် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တို့ကို ချိတ်ဆက်ထားခြင်းဖြစ်သည်။ ယခုနှစ် ဒီဇင်ဘာ ၂ ရက်အထိ အဆိုပါရထားလမ်းသည် ခရီးသည် စုစုပေါင်း ၈ ဒသမ ၅ သန်းနှင့် ကုန်တန်ချိန် ၁၁ ဒသမ ၂ သန်းကို ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



## ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၀၄ ဦး ထပ်မံတွေ့ရှိ

**ဟန်နွိုင်း ဒီဇင်ဘာ ၄**

ဗီယက်နမ်နိုင်ငံ၌ ဒီဇင်ဘာ ၄ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူသစ် ၂၀၄ ဦး တွေ့ရှိရာ ယမန်နေ့ကထက် ၁၈၉ ဦး လျော့နည်းလာကြောင်း နိုင်ငံ၏ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

အဆိုပါပမာဏသည် ရက် ၄၀ အတွင်း အနည်းဆုံး အရေအတွက်ဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

ရောဂါကူးစက်ခံရသူအသစ်များ အပါအဝင် ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၁၁၅၁၇၇၂ ဦး ရှိလာပြီဖြစ်သည်။ ဗီယက်နမ်နိုင်ငံ၌ ဒီဇင်ဘာ ၄ ရက်တွင် ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူမရှိသော်လည်း အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၃၁၇၇ ဦး ရှိပြီဖြစ်သည်။

ဗီယက်နမ်နိုင်ငံ၌ ဒီဇင်ဘာ ၄ ရက်အထိ ရောဂါပြင်းထန်ပြီး အသက်ရှူအထောက်အကူပြု ကိရိယာလိုအပ်နေသူ ၅၆ ဦးရှိပြီး ရောဂါကင်းစင်၍ ပြန်လည်ကျန်းမာလာသူ ၉၂ ရာခိုင်နှုန်းကျော်ရှိကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများကို ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ ၂၂၃ ဒသမ ၁ သန်းကျော် ထိုးနှံပေးခြင်းအပါအဝင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ ၂၆၄ ဒသမ ၇ သန်း ထိုးနှံပေးပြီးဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

**ဆင်ဟွာ**

# ကားနောက်မီးချွတ်ယွင်းမှုကြောင့် တရုတ်နိုင်ငံရှိ ယာဉ်အစီးရေ လေးသိန်းကျော်ကို တက်စလာကားကုမ္ပဏီ ပြန်လည်သိမ်းယူမည်



တက်စလာမှ ထုတ်လုပ်သည့် ကားအမျိုးအစားကို တွေ့ရစဉ်။

**ပေကျင်း ဒီဇင်ဘာ ၄**

လျှပ်စစ်ကား ထုတ်လုပ်သည့် တက်စလာကုမ္ပဏီသည် ကားနောက်မီးချွတ်ယွင်းမှု ဖြစ်ပေါ်လာနိုင်သည့်အတွက် တရုတ်နိုင်ငံရှိ ကားအစီးရေ ၄၃၅၁၃၂ စီးကို ပြန်လည်သိမ်းယူမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ၏ ထိပ်တန်းအရည်အသွေးစောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။

ပြန်လည်သိမ်းဆည်းမည့် ကားများထဲတွင် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၇ ရက်မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၇ ရက်အတွင်း ထုတ်လုပ်သည့် မော်ဒယ် ၃ ကားအစီးရေ ၁၄၂၇၇ စီးနှင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁ရက်မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်အတွင်း ထုတ်လုပ်သည့် မော်ဒယ် ဝိုင် ကားအစီးရေ သုံးသိန်းနီးပါး ပါဝင်ကြောင်း ဈေးကွက်စည်းမျဉ်းများဆိုင်ရာ ပြည်နယ်အုပ်ချုပ်ရေးက ထုတ်ပြန်ထားသည်။

ယာဉ်၏တစ်ဖက် သို့မဟုတ် နှစ်ဖက်စလုံးရှိ နောက်မီးများမှာ မီးလင်းရန် ချွတ်ယွင်းမှုရှိခြင်းကြောင့် ပြန်လည်သိမ်းယူဖြစ်ကြောင်း၊ အဆိုပါ ချွတ်ယွင်းမှုက မှောင်သည့် အခြေအနေမျိုးတွင် ယာဉ်တိုက်မှု အန္တရာယ်တိုးလာနိုင်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။ **ဆင်ဟွာ**



# ဘင်္ဂလားဒေ့ရှ်၌ နိုဝင်ဘာလအတွင်း ယာဉ်မတော်တဆမှုကြောင့် ၅၅၄ ဦး သေဆုံး

**ဒါကာ ဒီဇင်ဘာ ၄**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပြီးခဲ့သည့်လက ယာဉ်မတော်တဆမှု ၄၆၃ မှု ဖြစ်ပွားရာ စုစုပေါင်း ၅၅၄ ဦး သေဆုံးပြီး ၇၄၇ ဦး ဒဏ်ရာရရှိကြောင်း ဒီဇင်ဘာ ၄ ရက်တွင် ထုတ်ပြန်သည့် အစီရင်ခံစာအရ သိရသည်။

သေဆုံးသူများထဲတွင် အမျိုးသမီး ၇၈ ဦးနှင့် ကလေး ၇၁ ဦး တို့ပါဝင်ကြောင်း ဒေသတွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်သည့် လမ်းအန္တရာယ်ကင်းရေး ဖောင်ဒေးရှင်းက ထုတ်ပြန်ထားသည်။

ဆိုင်ကယ် မတော်တဆမှု ၁၉၄ ခုတွင် လူ ၂၂၈ ဦး သေဆုံးခဲ့ခြင်းဖြစ်သည်။ အဆိုပါပမာဏမှာ သေဆုံးသူ စုစုပေါင်း၏ ၄၁ ဒသမ ၇၃ ရာခိုင်နှုန်းရှိကြောင်း ဒီဇင်ဘာ ၄ ရက်က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ပြီးခဲ့သည့်လက ယာဉ်မတော်တဆမှုအတွင်း သေဆုံးသူများထဲတွင် လမ်းသွားလမ်းလာ ၁၂၃ ဦး၊ ယာဉ်မောင်းနှင့် ယာဉ်အကူ ၇၉ ဦးတို့ ပါဝင်ကြောင်း သိရသည်။ **ဆင်ဟွာ**

# အင်ဒိုနီးရှားနိုင်ငံ၌ ဆမ်မရူမီးတောင်ပေါက်ကွဲမှုကြောင့် သတိပေးမှုအမြင့်ဆုံးထုတ်ပြန်ထား

**ဂျကာတာ ဒီဇင်ဘာ ၄**

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းပေါ်ရှိ ဆမ်မရူမီးတောင်မှာ ဒီဇင်ဘာ ၄ ရက်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ အဖြူရောင်နှင့်မီးခိုးရောင် မီးခိုးပြာများ ကောင်းကင်သို့ လွင့်တက်လာသည့်ပုံကို အင်ဒိုနီးရှားအမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှုအေဂျင်စီက လူမှုကွန်ရက်မီဒီယာတွင် တင်ခဲ့သည်။

ပေါက်ကွဲမှုအရှိန်ကြောင့် မီးခိုးပြာများမှာ ၁၅ ကီလိုမီတာအထိ လွင့်စဉ်လာနိုင်ကြောင်း ဩစတြေးလျ မီးတောင်စင်တာမှ ခန့်မှန်းထားသည်။ မီးတောင်ပေါက်ကွဲမှုအပြီး ဂျာဗားကျွန်းပေါ်၌ သတိပေးမှုကို အမြင့်ဆုံး ထုတ်ပြန်ထားသည်။

ဒီဇင်ဘာ ၄ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၁၈ မိနစ်က မီးတောင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အင်ဒိုနီးရှားမီးတောင်နှင့် ဘူမိဗေဒအန္တရာယ် စီမံခန့်ခွဲမှုစင်တာမှ မီးတောင်ပေါက်ကွဲသည့် နေရာနှင့် ရှစ်ကီလိုမီတာအကွာ အတွင်း လှုပ်ရှားမှုအားလုံးကို တားမြစ်ထားသည်။ ဒေသခံများကို နေရာရွှေ့ပြောင်းကြရန်လည်း တောင်းဆိုထားသည်။

လွန်ခဲ့သည့်နှစ် ဒီဇင်ဘာ ၄ ရက်ကလည်း ဆမ်မရူမီးတောင်မှာ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ဒေသခံ ၅၀ ခန့် သေဆုံးခဲ့သည်။ မီးတောင်ပေါက်ကွဲမှုကြောင့် လူပေါင်း ၁၀၀၀၀ ကိုလည်း ကယ်တင်ခဲ့ရသည်။ မီးတောင်ပေါက်ကွဲမှုကြောင့် ဆူနာမီဖြစ်လာနိုင်ခြင်း ရှိမရှိနှင့် ဂျပန်နိုင်ငံအပေါ် သက်ရောက်နိုင်ခြင်း ရှိမရှိကို ဂျပန်မိုးလေဝသအေဂျင်စီက စောင့်ကြည့်စစ်ဆေးနေသည်။ ဂျာဗားကျွန်းပေါ်မှ ဆမ်မရူ မီးတောင်ပေါက်ကွဲမှုအပြီးတွင် ဂျပန်နိုင်ငံကို ဆူနာမီလှိုင်း ခြိမ်းခြောက်နိုင်ခြင်းမရှိဟု ဂျပန်မိုးလေဝသအေဂျင်စီက ပြောသည်။ **အင်န်အိတ်ချ်ကေ**



ဆမ်မရူမီးတောင်ပေါက်ကွဲမှုကြောင့် မီးခိုးပြာများ လွင့်တက်လာသည်ကို ဒီဇင်ဘာ ၄ ရက်က တွေ့ရစဉ်။

# ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း၌ ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွား ကျောက်မီးသွေးတွင်းလုပ်သား ခြောက်ဦးသေဆုံး

**အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၄**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလိုချီစတန်ပြည်နယ် ဟာနိုင်ခရိုင်ရှိကျောက်မီးသွေးတွင်း တစ်ခုအတွင်း၌ ဓာတ်ငွေ့ပေါက်ကွဲမှု တစ်ခုဖြစ်ပွားသောကြောင့် ကျောက်မီးသွေးတွင်းလုပ်သား ခြောက်ဦး ထက်မနည်း သေဆုံးကြောင်း တာဝန်ရှိသူများက မီဒီယာသို့ ပြောကြားသည်။



## အလုပ်လုပ်နေချိန်တွင် ပေါက်ကွဲမှုဖြစ်

ကျောက်မီးသွေး လုပ်သား ခြောက်ဦးမှာ ဒီဇင်ဘာ ၃ ရက်က ခရိုင်၏ ရှာရက်ဂ် ကျောက်မီးသွေးတွင်း၌ အလုပ်လုပ်နေချိန်တွင် ပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်ပြီး သတ္တုတွင်း၏ အစိတ်အပိုင်းတစ်ခု ပြိုကျခဲ့ကြောင်း ထုတ်ပြန်ထားသည်။

သတ္တုတွင်းအတွင်း၌ အနက်ပေ ၁၅၀၀ တွင် ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မီးလောင်ခဲ့ခြင်းဖြစ်သည်။ ယင်းနောက် ကျောက်မီးသွေး လုပ်သားများ သတ္တုတွင်းအတွင်း၌ ပိတ်မိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

## ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်

အခင်းဖြစ်ပွားရာ နေရာသို့ အဆိုပါဒေသမှ အလုပ်သမားများနှင့် ကယ်ဆယ်ရေးအဖွဲ့များက ချက်ချင်းရောက်လာကြပြီး ကယ်ဆယ်ရေး လုပ်ငန်းများကို စတင်လုပ်ဆောင်ခဲ့ကြောင်း ဒေသတွင်း မီဒီယာများက ပြောကြားသည်။

**ဆင်ဟွာ**

# စင်ကာပူ၌ ကိုဗစ်-၁၉ ကူးစက်မှုလှိုင်းသစ်နှင့် ကြုံတွေ့ဖွယ်ရှိဟု ခန့်မှန်းထား

**စင်ကာပူ ဒီဇင်ဘာ ၄**

နှစ်ကုန်ပိုင်း ပွဲတော်များနှင့် လူများခရီးသွားလာမှု ပိုမိုများပြားလာမည် ဖြစ်သည့်အတွက် စင်ကာပူနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှုလှိုင်းသစ်နှင့် ကြုံတွေ့ဖွယ်ရှိသည်ဟု ကျန်းမာရေးဝန်ကြီး အွန်ရီခန်း က ဒီဇင်ဘာ ၄ ရက်တွင် ပြောသည်။

ကူးစက်မှုများ ပိုမိုဖြစ်ပေါ်လာမည့် အခြေအနေများရှိနေသော်လည်း ယခင်က မကြုံဖူးသည့်အရာ မဟုတ်ကြောင်း၊ ကူးစက်မှုလှိုင်း သုံးလှိုင်းနှင့်လည်း ကြုံတွေ့ခဲ့ရပြီးဖြစ်ကြောင်း ၎င်းက ပြောသည်။

နိုင်ငံရပ်ခြားတွင် ရောဂါကူးစက်မှုအခြေအနေကို စောင့်ကြည့်ရန် အရေးကြီးကြောင်း ၎င်းက ဆက်ပြောသည်။ စင်ကာပူနိုင်ငံတွင် ဒီဇင်ဘာ ၃ ရက်က နောက်ထပ်ကူးစက်ခံရသူ ၁၀၅၂ ဦး တွေ့ရှိခဲ့ပြီး စုစုပေါင်းကူးစက်ခံရသူဦးရေမှာ ၂၁၇၁၅၅၀ ရှိပြီဟု သိရသည်။

**ဆင်ဟွာ**



# တာလီဘန်တို့၏ အုပ်ချုပ်မှုအောက်မှ အာဖဂန်နစ္စတန်အမျိုးသမီးတို့၏ ဘဝများ

*လင်းဟန်သစ်*

တာလီဘန်တို့က အာဖဂန်နစ္စတန်ကို ထိန်းချုပ်လိုက်ပြီဟု ကြေညာပြီးသည့်နောက် တစ်နှစ်ကျော်ကြာသည့်အထိ အာဖဂန်ရှိပြည်သူများမှာ အကြမ်းဖက်ခြိမ်းခြောက်မှုအန္တရာယ်နှင့် ရင်ဆိုင်နေရဆဲဖြစ်သည်။

**ပိတ်ပင်မှုများပြုလုပ်လာ**

ထို့ပြင် အာဖဂန်ရှိအမျိုးသမီးများ၏ အခွင့်အရေးမှာလည်းတဖြည်းဖြည်းဆိုးရွားလာခဲ့သည်။ ပြီးခဲ့သည့်နှစ် ဩဂုတ်လတွင် တာလီဘန်တို့က မြို့တော်ကဘူးလ်ကို သိမ်းယူခဲ့ပြီး ကြားဖြတ်အစိုးရ ဖွဲ့စည်းခဲ့သည်။ ထိုအချိန်မှစတင်ကာ နိုင်ငံတကာဖိအားများကြားထဲမှပင် အမျိုးသမီးများ၏အခွင့်အရေးများကိုတဖြည်းဖြည်း ပိတ်ပင်မှုများ ပြုလုပ်ခဲ့သည်။ အမျိုးသမီးအလယ်တန်းကျောင်းများကို ပိတ်ပစ်ခဲ့သည်။ ယင်းသို့ပညာရေးတွင် ကန့်သတ်မှုများ ပြုလုပ်ပြီးနောက် မကြာမီမှာပင် ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက်ထုတ်ပြန်လာခဲ့ပြန်သည်။

**ခရီးသွားလာခွင့်ကန့်သတ်**

အာဖဂန်နစ္စတန် အမျိုးသမီးများမှာ ခရီးဝေးသွားသည့်အခါ အမျိုးသား၊ ဆွေမျိုးသားချင်းမပါဘဲ တစ်ဦးတည်း ခရီးသွားလာခွင့်မပေးတော့ပေ။ အငှားယာဉ်မောင်းများသည်လည်း အမျိုးသမီးခရီးသည်များလိုက်ပါလာသည့်အခါ ဟိဂျပ်ဝတ်ဆင်ထားသည့်အမျိုးသမီးကိုသာ ပို့ဆောင်ပေးရန် တာလီဘန်တို့ကတောင်းဆိုခဲ့သည်။ အာဖဂန်အမျိုးသမီးတစ်ဦးသည် ၄၅ မိုင်ထက်ဝေးကွာသောခရီးသို့ သွားမည်ဆိုပါက အမျိုးသား၊ ဆွေမျိုးသားချင်းမပါဘဲ ခရီးထွက်ခွင့်မရတော့ပေ။ အမျိုးသမီးများအတွက် ပိတ်ပင်ခံရမှုများမှာ ထိုမျှပင်မကသေးပေ။

**အမျိုးသမီးသရုပ်ဆောင်များ ကန့်သတ်ခံရ**

အာဖဂန်ရုပ်သံလိုင်းများတွင်လည်း အမျိုးသမီးများပါဝင်သရုပ်ဆောင်ထားသည့် ဇာတ်ကားများ၊ ပြဇာတ်များ ပြသခွင့်မပြုတော့ချေ။ အမျိုးသမီးဂျာနယ်လစ်များကိုလည်း သတင်းတင်ဆက်သည့်အခါ ဟိဂျပ်ဝတ်ဆင်ရန် တာလီဘန်များကတောင်းဆိုခဲ့သည်။ တာလီဘန်တို့ အာဏာရခဲ့သည့်အချိန်မှစတင်ကာ အမျိုးသမီးများအပေါ် ကန့်သတ်ချက် အမျိုးမျိုးထုတ်ပြန်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်ဝန်းကျင် ၎င်းတို့ ပထမတစ်ကြိမ် အုပ်ချုပ်ခဲ့စဉ်ကထက် ပိုမိုပျော့ပျောင်းသည့်ကန့်သတ်ချက်များသာ ထုတ်ပြန်ရန် တောင်းဆိုနေသော်လည်း ကန့်သတ်မှုများမှာ ဆိုးရွားလာခဲ့သည်။

**ပညာရေးတွင်လည်းပိတ်ပင်**

ပြည်နယ်အချို့တွင် ဒေသခံတာလီဘန်ခေါင်းဆောင်များက စာသင်ကျောင်းများပြန်ဖွင့်ရန် ဆွဲဆောင်မှုများပြုလုပ်ခဲ့သော်လည်း အမျိုးသမီးများမှာမူ အလယ်တန်းပညာရေးအဆင့်တွင်ပင် ကန့်သတ်ခံနေရသည်။



၂၀၂၁ ခုနှစ် ဩဂုတ် ၁၇ ရက်က ဟီရတ်မြို့ရှိ စာသင်ကျောင်းတွင် မိန်းကလေးများ စာသင်ကြားနေသည်ကို တွေ့ရစဉ်။

**အပန်းဖြေစခန်းများသို့ ဝင်ရောက်ခွင့်မပြုတော့**

ထို့နောက် စက်တင်ဘာလအတွင်းတွင် အမျိုးသမီးများ အပန်းဖြေဥယျာဉ်အတွင်းသို့ ဝင်ရောက်ခွင့် ထပ်မံပိတ်ပင်ခံရပြန်သည်။ အမျိုးသားများနှင့် အမျိုးသမီးများ ရောထွေးမှုများလာခြင်း၊ ဟိဂျပ်ကို လျော်ကန်စွာဝတ်ဆင်ထားခြင်းမရှိခြင်းတို့ကြောင့် ယခုလို အမိန့်ထုတ်ရခြင်းဖြစ်ကြောင်း တာလီဘန်ဘက်မှ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက် အကစ်ဖ်ဆာဒစ် မိုဟာဂျာက ပြောသည်။

**တဖြည်းဖြည်းကျဉ်းမြောင်းလာ**

အမျိုးသား၊ ဆွေမျိုးသားချင်းမပါဘဲ ခရီးသွားလာခွင့်မရခြင်း၊ အိမ်အပြင်ထွက်သည့်အခါ ဘူခါဝတ်ဆင်ရန် ဖိအားပေးခြင်းတို့အပြင် ပန်းခြံများ သွားရောက်ခွင့်ပိတ်ပင်ခံရသည့်အခါ အမျိုးသမီးများ၏နယ်ပယ်မှာ တဖြည်းဖြည်းကျဉ်းမြောင်းလာခဲ့သည်။ နိုင်ငံတစ်ဝန်း ဆယ်ကျော်သက်ရွယ်အမျိုးသမီးကလေးများအတွက် စာသင်ကျောင်းများ ပိတ်ထားသည်မှာလည်း တစ်နှစ်ကျော် ကြာမြင့်လာပြီဖြစ်သည်။

**စိတ်ပျော်စရာနေရာလေး တစ်ခုတော့ရှိသင့်**

ကျောင်းလည်းမသွားရ၊ အလုပ်လည်းမလုပ်ရ၊ ယင်းသို့အခြေအနေများကြားထဲတွင် အမျိုးသမီးများအတွက် စိတ်ပျော်စရာနေရာလေးတစ်ခုတော့ ရှိသင့်သည်ဟု ဝါဟီဒါဟုခေါ်သည့် မိခင်တစ်ဦးက ပြောသည်။ ၎င်းမှာ ကလေးများဆော့ကစားနေသည်ကို ပန်းခြံအနီးရှိ စားသောက်ဆိုင်ပြတင်းပေါက်မှ နေ၍ ငေးကြည့်နေသည်။ “အိမ်မှာပဲ တစ်နေကုန်နေရလို့ စိတ်တွေလည်း ညစ်ညူးလာပြီ” ဟု ၎င်းက ဆက်ပြောသည်။

**လုပ်ငန်းပိတ်သိမ်းရမည်ကိုစိုးရိမ်**

ဇာဗိုင်အပန်းဖြေစခန်းမှာမူ တစ်မြို့လုံးကို လွှမ်းခြုံမြင်နေရပြီး စနေတနင်္ဂနွေနေ့များတွင်လာရောက်လည်ပတ်သူများနှင့် စည်ကားလှသည့်နေရာတစ်ခုလည်း ဖြစ်သည်။ အမျိုးသမီးများသည် ၎င်းတို့၏ ကလေးများကို ခေါ်ဆောင်ကာ မိသားစုလိုက် စုဝေးပွဲပြုလုပ်ကြသည့်နေရာလည်း ဖြစ်သည်။

ယခုအခါတွင်တော့ အဆိုပါနေရာမှာ လည်ပတ်မှုများ ရပ်တန့်နေပြီဖြစ်သည်။ ဟာဘစ်ဂျန် ဇာဗိုင်မှာမူ အဆိုပါနေရာကို ပူးတွဲတည်ထောင်သူဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁၁ သန်း ရင်းနှီးမြှုပ်နှံထားသူလည်းဖြစ်သည်။ လူပေါင်း ၂၅၀ ကိုလည်း အလုပ်ပေးထားနိုင်သည်။ ယခုအခါတွင်မူ ၎င်း၏ လုပ်ငန်းပိတ်သိမ်းလိုက်ရမည်ကို စိုးရိမ်နေရပြီဖြစ်သည်။

**သက်ရောက်မှုများ ရှိလာမည်**

“အမျိုးသမီးတွေ မပါဘဲ ဒီနေရာကိုကလေးတွေ ချည်းလာကြမှာ မဟုတ်ဘူးလေ” ဟု ၎င်းက ဆက်ပြောသည်။ ယင်းအမိန့်ကြောင့် နိုင်ငံခြားသား စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်ပရောက် အာဖဂန်နိုင်ငံသားတို့ ရင်းနှီးမြှုပ်နှံမှုကို အနှောင့်အယှက်ဖြစ်စေရုံမျှမက အခွန်ကောက်ခံရာတွင်လည်း သက်ရောက်မှုများရှိလာမည်ဟု ၎င်းက သတိပေးခဲ့သည်။ အစိုးရသည် အခွန်ဖြင့် ရပ်တည်နေရခြင်းဖြစ်ပြီး အခွန်မရဘဲမည်သို့ ရပ်တည်မည်နည်းဟု ၎င်းက မေးခွန်းထုတ်ခဲ့သည်။

**တင်းကျပ်လာနေဆဲဖြစ်**

တာလီဘန်တို့သည် ၁၉၉၆ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ အမျိုးသမီးများအပေါ် တင်းကျပ်သည့်ကန့်သတ်ချက်များဖြင့် အုပ်ချုပ်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်ဝန်းကျင် ၎င်းတို့ ပထမတစ်ကြိမ် အုပ်ချုပ်ခဲ့စဉ်ကထက် ပိုမိုပျော့ပျောင်းသည့်အုပ်ချုပ်မှုဖြင့် အုပ်ချုပ်ရန် တောင်းဆိုနေသော်လည်း ကန့်သတ်ချက်များမှာ တဖြည်းဖြည်းတင်းကျပ်လာ နေဆဲဖြစ်သည်။

**ကိုးကား – အေအက်ဖ်ပီ**

❂ **အာဖဂန်ရှိအမျိုးသမီးများ၏ အခွင့်အရေးမှာလည်း တဖြည်းဖြည်းဆိုးရွားလာခဲ့သည်။ ပြီးခဲ့သည့်နှစ် ဩဂုတ်လတွင် တာလီဘန်တို့က မြို့တော်ကဘူးလ်ကို သိမ်းယူခဲ့ပြီး ကြားဖြတ်အစိုးရဖွဲ့စည်းခဲ့သည်။ ထိုအချိန်မှစတင်ကာ နိုင်ငံတကာဖိအားများကြားထဲမှပင် အမျိုးသမီးများ၏အခွင့်အရေးများကို တဖြည်းဖြည်းပိတ်ပင်မှုများပြုလုပ်ခဲ့**

❂ **အမျိုးသား၊ ဆွေမျိုးသားခြင်းမပါဘဲ ခရီးသွားလာခွင့်မရခြင်း၊ အိမ်အပြင်ထွက်သည့်အခါ ဘူခါဝတ်ဆင်ရန် ဖိအားပေးခြင်းတို့အပြင် ပန်းခြံများသွားရောက်ခွင့်ပိတ်ပင်ခံရသည့်အခါ အမျိုးသမီးများ၏နယ်ပယ်မှာ တဖြည်းဖြည်းကျဉ်းမြောင်းလာခဲ့**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၂ ဦးတွေ့ရှိ

## ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိ

**(၄-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၄-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၈၁၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၂) ဦး တွေ့ရှိရသဖြင့် ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၄၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၆၉၀,၁၉၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၃၁၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြား ထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၆) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၇,၈၄၇) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၃-၁၂-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၇၈၁,၂၃၈) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေ စုစုပေါင်း (၆,၇၆၆,၇၈၇) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၃-၁၂-၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၇၈၁,၂၃၈ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၇၆၆,၇၈၇ |

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင်ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၁၅) ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအားလိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရည်ကာကွယ်ရေးနည်းလမ်းများကို ဆက်လက် လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၁၂-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၆၅ | ၂၀၁၀ | ၂၀၀၅ | ၁၉၇၀ | ၂၀၁၀ | ၂၀၃၀ | ၂၀၁၅ | ၁၉၉၅ | ၂၀၉၀ | ၂၁၀၅ | ၂၀၀၀ | ၂၀၁၀ | ၂၀၄၅ | ၂၀၄၅ | ၂၀၅၀ | ၂၂၆၅ | ၂၉၂၀ |
| 95 Ron | ၂၀၄၀ | ၂၀၉၀ | ၂၀၈၅ | ၂၀၅၀ | ၂၀၈၅ | ၂၁၁၀ | ၂၀၉၅ | ၂၀၇၀ | ၂၁၆၅ | ၂၁၈၀ | ၂၀၈၀ | ၂၀၉၅ | ၂၁၂၀ | ၂၁၂၅ | ၂၁၂၅ | ၂၃၄၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၄၀၀ | ၂၄၄၅ | ၂၄၄၀ | ၂၄၁၀ | ၂၄၄၅ | ၂၄၇၀ | ၂၄၆၅ | ၂၄၃၀ | ၂၅၄၅ | ၂၅၄၀ | ၂၄၄၀ | ၂၄၄၅ | ၂၄၈၀ | ၂၄၈၅ | ၂၄၈၅ | ၂၇၀၅ | ၃၆၄၀ |
| HSD (50 ppm) | ၂၄၇၅ | ၂၅၂၅ | ၂၅၂၀ | ၂၄၈၅ | ၂၅၂၀ | ၂၅၄၅ | ၂၅၄၀ | ၂၅၁၀ | ၂၆၂၀ | ၂၆၁၅ | ၂၅၁၅ | ၂၅၂၅ | ၂၅၆၀ | ၂၅၆၀ | ၂၅၆၀ | ၂၇၈၀ | ၃၆၇၀ |
| HSD (10 ppm) | ၂၄၇၅ | ၂၅၂၅ | ၂၅၂၀ | ၂၄၈၅ | ၂၅၂၀ | ၂၅၄၅ | ၂၅၄၀ | ၂၅၁၀ | ၂၆၂၀ | ၂၆၁၅ | ၂၅၁၅ | ၂၅၂၅ | ၂၅၆၀ | ၂၅၆၀ | ၂၅၆၀ | ၂၇၈၀ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၆၇ | ၁၉၃၈ |
| 95 Ron | ၁၉၄၁ | ၂၀၁၄ |
| HSD (500 ppm) | ၂၂၉၁ | ၂၃၆၆ |
| HSD (50 ppm) | ၂၃၆၄ | ၂၄၄၁ |
| HSD (10 ppm) | ၂၃၆၄ | ၂၄၄၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# အနာဂတ်မှာ ခရီးသွားဖို့ EV ကားတွေသုံးကြစို့

မောင်စိန်ဝင်း(ညောင်ခါးရှည်)

**ကမ္ဘာ့စီးပွားရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် လုပ်ဆောင်ခြင်းကြောင့် ရုပ်ကြွင်းလောင်စာများလောင်ကျွမ်းပြီး ဖန်လုံအိမ်ဓာတ်ငွေ့များ ထွက်ရှိကာ ကမ္ဘာ့ကြီးပူနွေးလာရာမှ ရာသီဥတုပြောင်းလဲမှု အကျိုးဆက်ကြောင့် အပူချိန်မြင့်တက်ခြင်း၊ မိုးရွာသွန်းမှုပြောင်းလဲခြင်း၊ မုန်တိုင်းများ တိုက်ခတ်ခြင်း၊ မိုးသည်း ထန်ခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းကဲ့သို့ ရာသီဥတုဖောက်ပြန်မှုများဖြစ်ပေါ်လာပြီး လေထု၊ ရေထု ညစ်ညမ်းကာ ကမ္ဘာ့လူမှုစီးပွားအခြေအနေအပေါ် များစွာသက်ရောက်လျက်ရှိပါသည်။**

ထိုအခြေအနေကို ကုစားရန်မှာ ကမ္ဘာ့နိုင်ငံများအနေဖြင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ရည်မှန်းချက်နှင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှု ရည်မှန်းချက်များကို ချမှတ်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ တွင်းထွက်လောင်စာဆီသုံးစွဲမှုများအစား လျှပ်စစ်-သဘာဝဓာတ်ငွေ့-ဟိုက်ဒရိုဂျင်နှင့် ဇီဝလောင်စာ စသည်များဖြင့် အစားထိုးသုံးစွဲနိုင်သည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်စွမ်းအင်အသုံးပြု မောင်းနှင်သည့်ယာဉ်များ (EV) ထုတ်လုပ်အသုံးပြုခြင်း နည်းလမ်းသည်လည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။


ဆိုလာစနစ်ဖြင့် လျှပ်စစ်ကားတစ်စီး ဘက်ထရီအားသွင်းနေပုံ။

**ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ရည်မှန်းချက်နှင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှုဆိုင်ရာ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် မိမိနိုင်ငံ အနေအထားနှင့် ကိုက်ညီသည်ဖြစ်စေ၊ မကိုက်ညီသည်ဖြစ်စေ၊ နည်းပညာအရ လိုက်မီသည်ဖြစ်စေ၊ လိုက်မမီသည်ဖြစ်စေ ထိုစံချိန်စံညွှန်း သတ်မှတ်ချက် ပလက်ဖောင်းပေါ်တွင် မလွဲမသွေလျှောက်ရမည်သာ ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ကုလသမဂ္ဂရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပါရီသဘောတူညီချက်ကို ၂၀၁၆ ခုနှစ် ဧပြီ ၂၂ ရက်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါသည်။ ထိုသဘောတူညီချက်အရ . . .**

### ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှု လျော့ကျသည့်နှစ်

ယခုရက်ပိုင်းတွင် ကမ္ဘာကြီးပူနွေးလာမှုနှင့် အဆိပ်ဓာတ်ငွေ့ထုတ်လွှတ်မှုနှင့် ပတ်သက်သော သတင်းသုံးပုဒ်ကို ဆက်စပ်တင်ပြလိုပါသည်။ ပထမသတင်းမှာ နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (IAEA)က အောက်တိုဘာ ၁၉ ရက်ထုတ်ပြန်ချက်အရ ပြန်ပြည့်မြဲစွမ်းအင်များနှင့် လျှပ်စစ်ကားများကြောင့် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှု လျော့ကျသည့်နှစ်အဖြစ် ၂၀၂၂ ခုနှစ်တွင် တွေ့မြင်လာရဟူသော သတင်းပင်ဖြစ်ပါသည်။ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုသည် ၁၇၅၀ ပြည့်နှစ်များမှစတင်ခဲ့ပြီး တဖြည်းဖြည်းမြင့်တက်လာရာ ၂၀၁၄ ခုနှစ်တွင် တန်ချိန် ၃၆ ဒသမ ၁၇ ဘီလီယံသို့လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် တန်ချိန် ၃၆ ဒသမ ၁၈ ဘီလီယံသို့လည်းကောင်း မြင့်တက်လာခဲ့ပါသည်။ ထိုသို့မြင့်တက်လာမှုကို ထိန်းချုပ်ရန် နည်းလမ်းပေါင်းစုံအသုံးပြုခဲ့သော်လည်း စီးပွားရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လေလေ မြင့်တက်လေလေ အခြေအနေသို့ ရောက်ရှိခဲ့ပါသည်။ ထိုသို့ရှိရာမှ ၂၀၂၂ ခုနှစ်တွင် ၃၃ ဒသမ ၈ ဘီလီယံအထိ လျော့ကျလာပြီး ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှု မြင့်တက်သည့်ပမာဏသည် လွန်ခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်ပါက တစ်ရာခိုင်နှုန်းအောက်သာ ခန့်မှန်းရရှိသည်ဟူသော ဝမ်းမြောက်စရာသတင်း ဖြစ်ပါသည်။

ကိုဗစ်-၁၉ ကာလနောက်ပိုင်း ကမ္ဘာ့နိုင်ငံရေးအခြေအနေအပြောင်းအလဲများကြောင့် ဈေးကွက်အတွင်း သဘာဝဓာတ်ငွေ့ကဲ့သို့ ရုပ်ကြွင်းလောင်စာများ ဝင်ရောက်မှုနည်းပါးခြင်း၊ သမားရိုးကျရုပ်ကြွင်းလောင်စာများနေရာတွင် အစားထိုးနိုင်ရန်နေရောင်ခြည်စွမ်းအင်နှင့် လေစွမ်းအင်စသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ ပိုမိုအသုံးပြုလာခြင်းများသည် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှု လျော့ကျလာရခြင်း၏ အခြေခံအကြောင်းအရင်း ဖြစ်ပါသည်။ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုကို တိုက်ဖျက်ရန် နိုင်ငံတိုင်းသည် မရှိမဖြစ်လိုအပ်သည့် စွမ်းအင်ကို အသုံးချရာ၌ ပြန်ပြည့်မြဲစွမ်းအင် အရင်းအမြစ်အပေါ် မှီခိုအားထားနေရသည့် အခြေအနေတွင်အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍများ၌ လျှပ်စစ်ကားများကို ဦးစားပေး အသုံးပြုရန် အလေးထား ဆုံးဖြတ်လာကြပါသည်။ မြန်မာနိုင်ငံတွင် လျှပ်စစ်သုံးယာဉ်များကို ၂၀၂၂ ခုနှစ်ကုန်မှစ၍ တင်သွင်းခွင့်ပြုမည်ဆိုသည့် သတင်းကလည်း ကြိုဆိုရမည့်သတင်း ဖြစ်ပါသည်။

### မကြုံစဖူးထူးကဲစွာ ရာသီဥတုဖောက်ပြန်မှုများ

ဒုတိယသတင်းမှာ ၂၀၂၂ ခုနှစ် ဩဂုတ်လအတွင်း မြန်မာနိုင်ငံအပါအဝင် ဒေသတွင်း နိုင်ငံများ၌ မိုးသည်းထန်စွာရွာသွန်းခြင်း၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့၌ မကြုံစဖူးထူးကဲစွာ ရာသီဥတု ဖောက်ပြန်မှုများကြုံတွေ့ရခြင်း၊ ဥရောပ (EU) အပါအဝင် အင်္ဂလန်နိုင်ငံတောင်ပိုင်း၊ အလယ်ပိုင်း၊ အရှေ့ပိုင်းဒေသများတွင် ဆယ်စုနှစ်ငါးခုအတွင်း အဆိုးရွားဆုံးမိုးခေါင်ခြင်းနှင့် ကြုံတွေ့ရခြင်း စသည့်သတင်းပင် ဖြစ်ပါသည်။ ကိုဗစ်-၁၉ ကာလအတွင်း ကျန်းမာရေးပြဿနာများကြောင့် ကမ္ဘာ့စီးပွားရေးလုပ်ငန်းများ ရပ်တန့်လုနီးပါးအခြေအနေသို့ ရောက်ရှိခဲ့ပါသည်။ ထိုသို့သော အခြေအနေမှ ရောဂါပိုးတွေ့ရှိမှု လျော့ကျလာခြင်းကြောင့် ကမ္ဘာနှင့်အဝန်း စီးပွားရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ပြန်လည်စတင်ခဲ့ကြသည်။ လေထုအတွင်း ရုတ်တရက် အပူချိန်မြင့်တက်ရာမှ ထိုသို့ ရာသီဥတုဖောက်ပြန်လာခြင်း ဖြစ်ပါသည်။ ကြုံတွေ့ရသည့် နိုင်ငံအများစုမှာ စီးပွားရေးဖွံ့ဖြိုးရန် အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသည့် နိုင်ငံများဖြစ်ကြောင်း တွေ့ရပါသည်။

### လေထုအရည်အသွေး တိုင်းတာဆန်းစစ်မှု

တတိယသတင်းမှာ ၂၀၂၂ ခုနှစ် ဩဂုတ်လအတွင်း မြန်မာနိုင်ငံရှိ ပြည်နယ်၊ တိုင်းဒေသကြီးအချို့တွင် ပတ်ဝန်းကျင်လေထု အရည်အသွေး တိုင်းတာဆန်းစစ်မှုများပြုလုပ်ပြီး ပြည်သူများ သိရှိနိုင်ရန် သတင်းမီဒီယာများ၌ ဖော်ပြလာပါသည်။ မြန်မာနိုင်ငံအနေဖြင့် စိုးရိမ်ဖွယ်ရာအခြေအနေသို့ မရောက်ရှိသေးသော်လည်း ထိုအခြေအနေနှင့် ကျေနပ်နေ၍ရမည်မဟုတ်ပါ။ ကမ္ဘာ့နိုင်ငံရေး အခြေအနေမှာ နိုင်ငံတကာရေးရာ ပြဿနာများတွင် အဖွဲ့ဝင်နိုင်ငံဖြစ်ခြင်း၊ မဖြစ်ခြင်းထက် စံချိန်စံညွှန်းဆိုင်ရာ သတ်မှတ်ချက်များကို ချိုးဖောက်ခြင်း၊ ပျက်ကွက်ခြင်းပြုပါက နိုင်ငံတစ်ခုခုမှ ကိုယ်စားပြု၍ ထိုပြုလုပ်မှုအပေါ် အရေးယူဆောင်ရွက်ရန် ကြိုးစားလာလျှင် တာဝန်ယူဖြေရှင်းရမည့်အနေအထားတွင် ရှိနေပါသည်။ အထူးသဖြင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ရည်မှန်းချက်နှင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုဆိုင်ရာ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် မိမိနိုင်ငံအနေအထားနှင့် ကိုက်ညီသည်ဖြစ်စေ၊ မကိုက်ညီသည်ဖြစ်စေ၊ နည်းပညာအရ လိုက်မီသည်ဖြစ်စေ၊ လိုက်မမီသည်ဖြစ်စေ ထိုစံချိန်စံညွှန်း သတ်မှတ်ချက် ပလက်ဖောင်းပေါ်တွင် မလွဲမသွေလျှောက်ရမည်သာ ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပါရီသဘောတူညီချက်ကို ၂၀၁၆ ခုနှစ် ဧပြီ ၂၂ ရက်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါသည်။ ထိုသဘောတူညီချက်အရ ၂၀၅၀ ပြည့်နှစ်အရောက်တွင် ကမ္ဘာ့အပူချိန်မြင့်တက်လာမှုကို စက်မှုကာလမတိုင်မီပမာဏ (Pre Industrial Level) ထက် ၂ ဒီဂရီစင်တီဂရိတ်အောက်သာ ထိန်းထားရန်နှင့် ဖြစ်နိုင်ပါက ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်တွင် ကန့်သတ်ထိန်းချုပ်ထားရန် ကြိုးပမ်းအားထုတ်ခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အန္တရာယ်ကြုံတွေ့နိုင်ခြေနှင့် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရန် ရည်ရွယ်ပါသည်။


လျှပ်စစ်သုံး မော်တော်ယာဉ် ဘက်ထရီ တည်ဆောက်ပုံ။



ယာဉ်ရပ်နားနေရာများတွင် လျှပ်စစ်ဖြင့် အားသွင်းစနစ်တည်ဆောက်ထားပုံ။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

### လျှပ်စစ်သုံးယာဉ်များ အသုံးပြုရေး

ပါရီသဘောတူညီချက်မတိုင်မီ ၂၀၁၄ ခုနှစ်ကပင် မြန်မာနိုင်ငံသည် မိမိနိုင်ငံ၏ အခြေအနေနှင့် သင့်လျော်မည့် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အဆိုပြုတင်သွင်းခဲ့ကြောင်း သိရပါသည်။ လုပ်ငန်းအစီအစဉ်အရ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၌ ပတ်ဝန်းကျင် ထိခိုက်မှုဖြစ်စေသည့် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု လျှော့ချရေးလုပ်ငန်းဆောင်ရွက်ချက်များတွင် လျှပ်စစ်သုံးယာဉ်များ အသုံးပြုရေးကို ထည့်သွင်းဖော်ပြခဲ့ပြီး လျှပ်စစ်သုံးယာဉ်များ အသုံးပြုခြင်းဖြင့် ကမ္ဘာ့နိုင်ငံများနည်းတူ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရန်ဖြစ်ပါသည်။

နိုင်ငံတကာစွမ်းအင်အေဂျင်စီ (International Energy Agency–IEA) ၏ ကမ္ဘာလုံးဆိုင်ရာ လျှပ်စစ်သုံးယာဉ်နှင့် စပ်လျဉ်းသည့် ရှုမြင်သုံးသပ်ချက်တွင် ဖော်ပြချက်အရ ပါရီသဘောတူညီချက်ပါ "၂၀၅၀ ပြည့်နှစ်တွင် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုကို အသားတင် သုညသို့ လျှော့ချရန် ရည်မှန်းချက်"ကို ပြည့်မီရန်အတွက် ရည်မှန်းချက်နှစ်ရပ်ထားရှိပြီး နိုင်ငံတကာ စွမ်းအင်အေဂျင်စီ၏ အနာဂတ်မျှော်မှန်းသည့် ကတိကဝတ် ထုတ်ပြန်ချက်တွင် ပို့ဆောင်ရေးကဏ္ဍအနေဖြင့် "၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာ့ရောင်းချသည့် ယာဉ်အားလုံး၏ ၃၀ ရာခိုင်နှုန်းအထက်သည် လျှပ်စစ်သုံးယာဉ်များဖြစ်ရမည်" ဟု ပါရှိပါသည်။ လျှပ်စစ်သုံးယာဉ်များ အသုံးပြုမှုအနေအထား အရ ၂၀၂၁ ခုနှစ်တွင် ကမ္ဘာအဝန်းရောင်းချသည့် လျှပ်စစ်ယာဉ်အရေအတွက် ၆ ဒသမ ၆ သန်းရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်ပါက နှစ်ဆခန့် မြင့်တက်လာကြောင်းသိရပါသည်။

### တရုတ်နိုင်ငံ၏ လျှပ်စစ်သုံးယာဉ် ထုတ်လုပ်မှု

တရုတ်နိုင်ငံသည် ကမ္ဘာ့လျှပ်စစ်သုံးယာဉ်အားလုံး၏ ၅၀ ရာခိုင်နှုန်းခန့် ရောင်းချလျက်ရှိပြီး လျှပ်စစ်သုံးယာဉ်များ ရောင်းချမှုတွင် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိပါသည်။ ဘက်ထရီများ ထုတ်လုပ်ရာတွင် ရှေ့တန်းရောက်နေသည့် တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာ့ထိပ်တန်းလျှပ်စစ်ကားထုတ်လုပ်ရေးကုမ္ပဏီကြီးများမှ အမှာစာများရယူပြီး လျှပ်စစ်ကားများ၏ဘက်ထရီများကို ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရပါသည်။ ၂၀၂၂ ခုနှစ် ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၄ ရက်မှ ၂၂ ရက်အထိ အမျိုးသားအားကစားရုံ (ငှက်သိုက်အားကစားရုံ)ကြီးတွင် ကျင်းပပြုလုပ်ခဲ့ပြီး အားကစားနည်းခုနစ်မျိုး၊ ပွဲစဉ်ပေါင်း ၁၀၉ ခု၊ ဒေသတွင်းနိုင်ငံပေါင်း ၉၀ ခန့်မှ ပြိုင်ပွဲဝင်ပေါင်း ၃၀၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း တွေ့ရပါသည်။ ထူးခြားချက်မှာ ဟိုက်ဒရိုဂျင်လောင်စာသုံး ဘက်စ်ကားများ၊ လျှပ်စစ်သုံးယာဉ်များကို ပြိုင်ပွဲဝင်ဝန်ဆောင်မှုပေးသည့် ယာဉ်စုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းအထိ သုံးစွဲခဲ့ကြောင်း သိရပါသည်။ လျှပ်စစ်သုံးယာဉ်များကို အဓိကထုတ်လုပ်နေသည့် နိုင်ငံအနေဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ၌ ထိုသို့ဝန်ဆောင်မှုပေးခြင်းသည် စံနမူနာကောင်းတစ်ရပ်ပင်ဖြစ်ပါသည်။

### အာဆီယံ စွမ်းအင်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု အစီအစဉ်

အာဆီယံဒေသတွင်းနိုင်ငံများတွင် အာဆီယံစွမ်းအင်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ၂၀၀၅ ခုနှစ်ကို အခြေခံ၍ "၂၀၂၅ ခုနှစ်တွင် စွမ်းအင်သုံးစွဲမှုညွှန်းကိန်း လျှော့ချရေး ရည်မှန်းချက်" ၃၂ ရာခိုင်နှုန်း ထားရှိပါသည်။ အဆိုပါ ရည်မှန်းချက်ပြည့်မီရေးအတွက် စက်မှုကဏ္ဍ၊ အဆောက်အအုံကဏ္ဍနှင့် ပို့ဆောင်ရေးကဏ္ဍတို့တွင် လုပ်ငန်းစဉ်များချမှတ်ထားပြီး လျှပ်စစ်သုံးယာဉ်သုံးစွဲမှုကို မြှင့်တင်ရန် မူဝါဒများ၊ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုလျှော့ချရေးနည်းစနစ်များ၊ ငွေကြေးပြန်ပေးသော (Feebate) အစီအစဉ်များ ပါဝင်ကြောင်း သိရပါသည်။




အာဆီယံနိုင်ငံများတွင် နှစ်ဘီးတပ်ယာဉ်၊ သုံးဘီးတပ်ယာဉ် သုံးစွဲမှုအရေအတွက်ပမာဏမှာ ၂၀၁၅ ခုနှစ်တွင် ၁၀ သန်းရှိပြီး ကမ္ဘာတွင် ရောင်းချသော မော်တော်ဆိုင်ကယ်အရေအတွက်၏ ၂၀ ရာခိုင်နှုန်းရှိကြောင်း သိရပါသည်။ သုံးစွဲလျက်ရှိသည့် မော်တော်ဆိုင်ကယ် အမျိုးအစားများအနက် ၉၄ ရာခိုင်နှုန်းမှာ အင်ဂျင်သုံးစွဲသည့် အမျိုးအစားများဖြစ်ပါသည်။ **လျှပ်စစ်သုံး နှစ်ဘီးတပ် မော်တော်ဆိုင်ကယ်များဖြင့် အစားထိုး သုံးစွဲမည်ဆိုပါက ၂၀၃၀ ပြည့်နှစ်တွင် ကာဗွန်ဒိုင်အောက်ဆိုက်တန်တစ်သန်းကို လျှော့ချနိုင်မည်ဟု ခန့်မှန်းထားပါသည်။**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ၏ မျှော်မှန်းချက်ချမှတ်ဖော်ဆောင်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ **"Public Transportation အတွက် ခရီးတိုမြို့တွင်းပြေးဆွဲသည့် လျှပ်စစ်ယာဉ်များ၊ လျှပ်စစ်ဘတ်စ်ကားများ တင်သွင်းထုတ်လုပ်အသုံးပြုနိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်၍ ဆောင်ရွက်ရန်"** ဟူသော လမ်းညွှန်ချက်အရ **လောင်စာဆီသုံးယာဉ်များ ထုတ်လုပ်သည့်စက်ရုံများတွင် လျှပ်စစ်သုံးယာဉ်များ ထုတ်လုပ်နိုင်သည့်နည်းစဉ်များ ထည့်သွင်းတည်ဆောက်ရေးနှင့်** အစိုးရဌာနဆိုင်ရာယာဉ်များ ဝယ်ယူရာတွင် လျှပ်စစ်သုံးယာဉ်များ ဖြစ်စေရန် အချိန်ကာလသတ်မှတ်ချက်ထားပြီး အကောင်အထည်ဖော်မည့်ကာလကို ၂၀၂၂ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ လေးနှစ် ကာလတိုအဖြစ်လည်းကောင်း၊ ၂၀၂၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ ၅ နှစ်ကာလ လတ်ဖြင့်လည်းကောင်း၊ ၂၀၃၁ ခုနှစ်မှ ၂၀၅၀ ပြည့်နှစ်အထိ ၂၀ နှစ် ကာလရှည်ဖြင့်လည်းကောင်း ကာလအပိုင်းအခြား သုံးခုသတ်မှတ်၍ ဆောင်ရွက်သွားရန် ရည်မှန်းထားကြောင်း သိရပါသည်။

### လျှပ်စစ်သုံးယာဉ်များနှင့် ပတ်သက်၍ မျှော်မှန်းချက်နှင့် ရည်မှန်းချက်များ

မြန်မာနိုင်ငံအနေဖြင့် လျှပ်စစ်သုံးယာဉ်များ၏ ဘက်ထရီအားသွင်းစနစ်များ၊ လျှပ်စစ်သုံးယာဉ်အမျိုးအစားခွဲခြားမှုများနှင့် ထုတ်လုပ်မှုစနစ်များအတွက် အစီအမံများ ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။ လျှပ်စစ်သုံးယာဉ်များနှင့် ပတ်သက်၍ မျှော်မှန်းချက်နှင့် ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ အသုံးပြုမှုသည် နှစ်စဉ် ဖြစ်ပေါ်လာမည့် မှတ်ပုံတင်ယာဉ်စုစုပေါင်း၏ ၂၀၂၅ ခုနှစ်တွင် ၁၄ ရာခိုင်နှုန်း၊ ၂၀၃၀ ပြည့်နှစ်တွင် ၃၂ ရာခိုင်နှုန်း၊ ၂၀၄၀ ပြည့်နှစ်တွင် ၆၇ ရာခိုင်နှုန်း၊ ၂၀၅၀ ပြည့်နှစ်တွင် ၁၀၀ ရာခိုင်နှုန်းသို့ ရောက်ရှိရန် ရည်မှန်းထားကြောင်းလည်း သိရပါသည်။

သန့်ရှင်းသော သယ်ယူပို့ဆောင်ရေး (Clean Transportation)ကို အထောက်အကူဖြစ်စေရေးအတွက်ဦးစားပေးကဏ္ဍအလိုက် **ကုန်းလမ်းပို့ဆောင်ရေးကဏ္ဍ၊ ရေကြောင်းပို့ဆောင်ရေးကဏ္ဍနှင့် စွမ်းအင်အရင်းအမြစ်ကဏ္ဍတွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို တဖြည်းဖြည်း လျှော့ချ၍ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များကို တိုးမြှင့်အသုံးပြုနိုင်မည့် အစီအစဉ်ကို ကာလအလိုက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု သိရပါသည်။**

စက်မှုဝန်ကြီးဌာနအနေဖြင့် ကဏ္ဍများအလိုက် ထုတ်လုပ်မှုနှင့် ရောင်းချမှုလျာထားချက်များ ရေးဆွဲခြင်း၊ သုတေသနနှင့် စမ်းသပ်တီထွင်ထုတ်လုပ်မှု၊ အရောင်းမြှင့်တင်မှုများ ဆောင်ရွက်ခြင်း၊ အရည်အသွေးနှင့် စံချိန်စံညွှန်းဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်း၊ စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲမှုနှင့် စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ စွမ်းအင်အကျိုးရှိ ထိရောက်စွာ သုံးစွဲမှုအနေဖြင့် ရုံးဌာနနှင့် စက်ရုံ၊ အလုပ်ရုံအမိုးများပေါ်တွင် Solar စနစ်တပ်ဆင်ခြင်း၊ စက်ရုံများ Renovation ပြုလုပ်ရာတွင် အရည်အသွေးကိုသာမက ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးနှင့် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုလျှော့နည်းရေး စီမံဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကနှင့် ပူးပေါင်း၍ ဆိုလာစက်ရုံများ တည်ထောင်ခြင်း၊ စက်ရုံများမှ ထွက်ရှိလာသည့် စွန့်ပစ်အပူများမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ရေစီးအားသုံးတာဘိုင်များ တီထွင်ထုတ်လုပ်ခြင်း၊ လျှပ်စစ်သုံးယာဉ်ငယ် (ဘူဂီ) များ စမ်းသပ်ထုတ်လုပ်ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုအနေဖြင့် စက်မှုသင်တန်းကျောင်း ခုနစ်ကျောင်းမှ နှစ်စဉ်သင်တန်းသား သင်တန်းသူ ၁၀၀၀ ကျော်အား မွေးထုတ်ပေးလျက်ရှိပါသည်။

### ကန့်ကွက်သူများလည်း ရှိ

လျှပ်စစ်သုံးဘတ်စ်ကားများနှင့် ပတ်သက်၍ စာရေးသူအနေဖြင့် ၂၀၁၈ ခုနှစ် စက်တင်ဘာလထုတ် စက်မှုအလင်းဂျာနယ်တွင် "အစိမ်းရောင်ကမ္ဘာသစ်ဆီသို့ Electric Bus ဖြင့် ခရီးဆက်စို့" ဟူသည့် ဆောင်းပါးတစ်ပုဒ်ရေးသားခဲ့ပါသည်။ ထိုဆောင်းပါးအပေါ်တွင် ရှုထောင့်အမျိုးမျိုးမှ ဝေဖန်မှုအမျိုးမျိုးရှိခဲ့ပြီး ကန့်ကွက်သူများလည်း ရှိခဲ့ကြပါသည်။ မြန်မာနိုင်ငံကဲ့သို့ စွမ်းအင်လိုအပ်ချက်ကြီးမားသည့်နိုင်ငံတွင် EV ယာဉ်များ ထုတ်လုပ်ခြင်းသည် အချည်းနှီးသာဖြစ်သည်ဟု အချို့က ဆိုကြပါသည်။ အဆိုပါတုံ့ပြန်မှုများအပေါ် မိုဘိုင်းဖုန်းဥပမာဖြင့် တင်ပြလိုပါသည်။ လျှပ်စစ်ဓာတ်အားမှာ နိုင်ငံအဝန်းလိုအပ်ချက်ရှိသည်ဖြစ်သော်လည်း လူတိုင်းနီးပါး မိုဘိုင်းဖုန်းကိုင်နိုင်သည့်အချိန်တွင် ဖုန်းအားသွင်းရာ၌ အဆင်ပြေစွာသုံးစွဲနိုင်ကြောင်း တွေ့ရှိရပါသည်။ မိုဘိုင်းဖုန်းရှိ ဘက်ထရီနှင့် လျှပ်စစ်ကားဘက်ထရီအားသွင်းပုံစနစ် တူညီကြပါသည်။ အသုံးပြုသည့်ပမာဏအလိုက် အချိန်ပေး၍ ဓာတ်အားပြန်လည်ဖြည့်သွင်းရသည့်သဘော ဖြစ်ပါသည်။ ကောင်းမွန်သော အုပ်ချုပ်စီမံမှုပုံစံဖြင့် အားသွင်းစနစ် လွယ်ကူအဆင်ပြေအောင် ဖန်တီးပေးနိုင်လျှင် ထိုပြဿနာများကို ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ ယခု EV ကားဘက်ထရီများ အားဖြည့်သွင်းခြင်းနှင့်ပတ်သက်၍ လျှပ်စစ်မီးအသုံးပြုမှုနည်းသည့် ညအချိန်များတွင် အားသွင်းနိုင်ရေးအတွက် အထူးအစီအမံများချမှတ်၍ ဆောင်ရွက်ပေးမည်ဆိုပါက အဆင်ပြေနိုင်မည့်သဘော တွေ့ရှိရပါသည်။

လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများတွင်ကျယ်စွာ အသုံးပြုလာစေရေးနှင့် ထုတ်လုပ်လာနိုင်ရေးအတွက် လိုအပ်သော နိုင်ငံတော်မူဝါဒကို ချမှတ်နိုင်ရန် စက်မှုဝန်ကြီးဌာနသည် Focal Ministry အဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။ Focal Ministry ဖြစ်သည့် စက်မှုဝန်ကြီးဌာနအနေဖြင့် လိုအပ်သော နိုင်ငံတော်မူဝါဒ ရေးဆွဲပြဋ္ဌာန်းလျက်ရှိပါသည်။ ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေ၊ အသေးစား၊

*စာမျက်နှာ ၁၈ သို့*

## မာန်အောင်မြို့နယ်၌ မြစိမ်းရောင်(ငါးကဏ္ဍ)အရင်းမပျောက် မတည်ရန်ပုံငွေ ပြန်လည်ပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၄**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ကျေးလက်ဒေသရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ကြသည့် ပြည်သူများ ကုန်ထုတ်လုပ်မှု မြင့်မားလာစေရေး၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း များအပြင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်လာစေရေးလုပ်ငန်း များကိုလည်း ပိုမိုလုပ်ကိုင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မာန်အောင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၏ မြစိမ်းရောင် (ငါးကဏ္ဍ) အရင်းမပျောက်မတည် ရန်ပုံငွေ (၆) ကြိမ်မြောက် ငွေကျပ် ၄၆ ဒသမ ၃၈ သန်း ပြန်လည်ပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃ ရက်က မာန်အောင်မြို့နယ် မျှော်တော်ဦးကျေးရွာ အလယ်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန မှူး ဦးကြည်ဝင်းက မြစိမ်းရောင်(ငါးကဏ္ဍ)အရင်းမပျောက် မတည်ရန်ပုံငွေ လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အခမ်းအနားသို့ ဌာနဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသက်ထွန်း၊ မြစိမ်းရောင်(ငါးကဏ္ဍ) ကော်မတီဥက္ကဋ္ဌ ဦးချစ်သိန်းနှင့် အဖွဲ့ဝင်များ၊ မျှော်တော်ဦး ကျေးရွာရှိ ရေလုပ်သားများတက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျွန်းစုမြို့နယ်၌ အရှည် ၃၂ ပေရှိ ရေမငါးကြီးတစ်ကောင် သေဆုံးလျက်တွေ့ရှိ

**ကျွန်းစု ဒီဇင်ဘာ ၄**
တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် စခန်းသစ်ကျေးရွာအုပ်စု ရာကျော် သဲတန်းကျေးရွာ အရှေ့ပင်လယ်ပြင် ကျားပါးစပ်လုပ်ကွက်အနီး ရေပြင်၌ ငါးမန်းအမျိုးအစားတွင် ပါဝင်သော ရေမ ဝဇီပြောက် ငါးကြီးတစ်ကောင် သေဆုံးလျက်တွေ့ရှိခဲ့ကြောင်း အဆိုပါ ကျေးရွာနေသူများထံမှ သိရသည်။

"ရာကျော်သဲတန်းကျေးရွာ အရှေ့ဘက်မှာရှိတဲ့ ပင်လယ်ပြင်ကျားပါးစပ် လုပ်ကွက်အနီးက ရေပြင်မှာ နိုဝင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီခွဲလောက်မှာ သေဆုံးလျက် တွေ့ရှိပါတယ်။ ဒီငါးကြီးက ငါးမန်းအုပ်စုအမျိုးအစား ထဲမှာပါတဲ့ ဝဇီပြောက်ငါးကြီး ဖြစ်ပါတယ်။ အလျား ၃၂ ပေ၊ အနံ ခြောက်ပေ ရှိပါတယ်"ဟု ရာကျော်သဲတန်းကျေးရွာမှ ဒေသခံတစ်ဦးက ပြောကြားသည်။

အဆိုပါတွေ့ရှိထားသည့် ဝဇီပြောက်ငါးကြီးမှာ ငါးမန်းအမျိုးစားအုပ်စုထဲတွင် ပါဝင်ပြီး ရာကျော် သဲတန်းကျေးရွာမှ ကျားပါးစပ်လုပ်ကိုင် နေသူတစ်ဦးက နိုဝင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီခွဲခန့်က ရာကျော်သဲတန်းကျေးရွာအရှေ့ဘက်ရှိ ကျားပါးစပ်လုပ်ကွက်အနီး ပင်လယ်ပြင်အတွင်း၌ သေဆုံးလျက်တွေ့ရှိကာ စခန်းသစ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမျိုးငယ်အား အသိပေးပြောကြားခဲ့ရာ ၎င်းမှတစ်ဆင့် သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့ ဆက်လက်အကြောင်းကြားခဲ့ကြောင်း သိရသည်။

ထိုသို့ အကြောင်းကြားချက်အရ ဒီဇင်ဘာ ၄ ရက် နံနက် ၈ နာရီခန့်က ကျွန်းစုမြို့နယ် ရေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ် သိန်းထူးနှင့် တာဝန်ရှိသူများ၊ မြိတ်တက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက လာရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ အဆိုပါငါးကြီးမှာ ငါးမန်းအုပ်စုအမျိုးအစားတွင် ပါဝင်သည့် ဝဇီပြောက်ငါးကြီး ဖြစ်ကြောင်း သိရပြီး ဝဇီပြောက်ငါးကြီးအား ရာကျော်သဲတန်းကျေးရွာရှိ ကမ်းခြေသဲသောင်ပြင်တွင် မြေမြှုပ်ခဲ့ကြောင်း သိရသည်။



ထို့နောက် စခန်းသစ်ကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း (စခန်းသစ်)တွင် ကျွန်းစုမြို့နယ် ရေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ် သိန်းထူးနှင့် တာဝန်ရှိသူများက စခန်းသစ်ကျေးရွာအုပ်စုမှ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် ဒေသခံကျေးရွာသူ၊ ကျေးရွာသားများ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအား တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ရေတပ်စခန်းဌာနချုပ်မှူးက ဆန်၊ ဆီနှင့်စားသောက်ကုန်ပစ္စည်းများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

*စာမျက်နှာ ၁၇ မှ*
အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ ဘွိုင်လာဥပဒေ၊ စက်မှုဇုန်ဥပဒေ၊ စက်မှုဒီဇိုင်းဥပဒေ၊ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေ၊ စာပေအနုပညာ မူပိုင်ခွင့်ဥပဒေ စသည့် ဥပဒေများနှင့် လိုအပ်သည့် နည်းဥပဒေများကို သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းရေးဆွဲလျက် ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံဆောင်ရွက်နေကြောင်း သိရပါသည်။

### ရေရှည်မျှော်မှန်းချက်ထား

နိဂုံးချုပ်အနေဖြင့် စက်မှုဝန်ကြီးဌာနသည် အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ဦးဆောင်မှုဖြင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် ရေရှည်မျှော်မှန်းချက်ထားကာ မူဝါဒရေးဆွဲလျက် လမ်းပြမြေပုံပါ လုပ်ငန်းတိုးတက်မှုများကို ကာလအပိုင်းအခြားအလိုက် ပြန်လည်ဆန်းစစ်၍ လိုအပ်သလို ပြင်ဆင်ဖြည့်စွက်ရေးဆွဲသွားမည်ဟု သိရပါသည်။ အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒ၊ စံချိန်စံညွှန်းနှင့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ပြဋ္ဌာန်းရေး လုပ်ငန်းကော်မတီသည် ဆိုင်ရာလုပ်ငန်းကော်မတီလေးခုနှင့် ပူးပေါင်း၍ စောင့်ကြည့်ခြင်း၊ ကြပ်မတ်ခြင်း၊ ထိန်းကျောင်းခြင်းတို့ကို လိုအပ်သလို ဆောင်ရွက်သွားမည်ဟု သိရပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

**ကိုးကား**
- ပြည့်ဖြိုးမြဲစွမ်းအင်များနဲ့ လျှပ်စစ်ကားများကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှင့်မှု လျော့ကျမယ့် ဒီနှစ်(ထက်မြတ်) (၂၀-၁၀-၂၀၂၂-မြဝတီသတင်းစာ)
- ၂၀၂၂ ခုနှစ် ဇူလိုင်လအတွင်း ဝန်းကျင်လေထု အရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက် (၈-၈-၂၀၂၂- မြဝတီသတင်းစာ)
- စက်မှုအလင်းဂျာနယ် အတွဲ (၃) အမှတ် (၁၄) စက်တင်ဘာလ ၂၀၁၈ ခုနှစ်

## ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် ဒီဇင်ဘာ ၄**
ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့ အောင်ချမ်းသာရပ်ကွက် ဒက္ခိဏာရုံကျောင်းတိုက်၏ ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တနန္ဒာစရိယ (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) မဟာထေရ်မြတ်ကြီးသည် သက်တော်(၉၃)နှစ် သိက္ခာတော်(၇၃)ဝါအရ ၁၃၈၄ ခုနှစ် နတ်တော်လဆန်း(၆)ရက် နိုဝင်ဘာ ၂၈ ရက် တနင်္လာနေ့ ည ၁၁ နာရီ ၂၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတော်ဩဝါဒါစရိယ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် အောင်ချမ်းသာရပ်ကွက် ဒက္ခိဏာရုံကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တနန္ဒာစရိယ (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် လွယ်ဟွမ်ကျေးရွာတွင် ခမည်းတော် ဦးအိုက်ပွဲ+ မယ်တော် ဒေါ်အမ်တီတို့မှ ၁၂၉၃ ခုနှစ် တော်သလင်းလဆန်း(၁၅)ရက် စနေနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော် လောင်းလျာသည် ၁၃၀၆ ခုနှစ် နယုန်လဆန်း (၁၅) ရက်တနင်္လာနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် လွယ်ဟွမ်ကျောင်းဆရာတော် ဘဒ္ဒန္တသုဇေယျကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၁၃ ခုနှစ် နယုန်လဆန်း (၅) ရက် စနေနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် လွယ်ဟွမ်ကျောင်းခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော် ဘဒ္ဒန္တသုဇေယျ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

### ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် လွယ်ဟွမ်ကျောင်းဆရာတော်ဘဒ္ဒန္တသုဇေယျ၊ နမ့်ခမ်းမြို့နယ်အောက်ပန်ယုတ်ကျောင်း ဆရာတော် ဘဒ္ဒန္တပညာဝံသ၊ မန္တလေးမြို့ ပျော်ဘွယ်အုဋ္ဌ်ကျောင်းဆရာတော် ဘဒ္ဒန္တမာဃိန္ဒ၊ လားရှိုးမြို့ မြို့လယ်ကျောင်းဆရာတော်ဘဒ္ဒန္တကဝိန္ဒာစာရ၊ ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာဆရာတော် ဘဒ္ဒန္တသောဘန၊ ကျောက်ဆည်မြို့ ဂိုဏ်းထောက်ကျောင်းဆရာတော် ဘဒ္ဒန္တသံဝရစသည့် ဆရာတော်များထံမှ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့သည်။

### သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် မိုင်းဝီးဂွင်၌ဂိုဏ်းအုပ်ဆရာတော်အဖြစ်လည်းကောင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်သံဃနာယကအဖွဲ့၊ ဥက္ကဋ္ဌဆရာတော်အဖြစ်လည်းကောင်း၊ ပြည်နယ်သံဃနာယကအဖွဲ့၊ အဖွဲ့ဝင်ဆရာတော်အဖြစ်လည်းကောင်း၊ နမ့်ခမ်းမြို့နယ်တအာင်း(ပလောင်)သာသနာတော်ထွန်းကား ပြန့်ပွားရေးအဖွဲ့ ဩဝါဒါစရိယဆရာတော်အဖြစ်လည်းကောင်း၊ မြို့နယ်ဩဝါဒါစရိယ ဆရာတော်အဖြစ်လည်းကောင်း ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်အဖြစ် သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့သည်။

### ဘွဲ့တံဆိပ်တော်အလှူခံ ရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနမုရာဝဟဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ သာသနဟိတရေဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၁၃၇၉ခုနှစ်တွင် "အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက" ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၉၃)နှစ်၊ သိက္ခာတော်(၇၃)ဝါအရ ၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း(၆) ရက်၊ (၂၈-၁၁-၂၀၂၂)၊ တနင်္လာနေ့၊ ည(၂၃:၂၅) နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၅-၁၂-၂၀၂၂ တနင်္လာနေ့

**MRTV HD**

**၀၆:၀၀** နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တသုတ်၊ရတနသုတ်၊ ဓဇဂ္ဂသုတ်၊အဋ္ဌာနာဋိယသုတ်တော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** 'ဒီမိုကရေစီဆိုတာဝယ်'
**၀၉:၃၀** မွေးမြူရေးရာအဖြာဖြာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** Economic Review
**၁၁:၃၀** ဘဝနှင့်အနုပညာ 'အားလုံးကချစ်တဲ့ ဒီကောင်မလေးထပ်ဆင့်အကယ်ဒမီ တေးသံရှင်ချိုပြုံး' (အပိုင်း-၄)
**၁၂:၃၀** 2022 World Cup Highlight (15)
**၁၂:၃၅** မြန်မာဇာတ်လမ်းတွဲ 'အတိုးမပေးတဲ့...ဒိုးလေး' (အပိုင်း-၁၅)
**၁၃:၃၀** MRTV National News
**၁၅:၃၀** 'ကာတာကမ္ဘာ့ဖလားနေ့စဉ်ပွဲကြို သုံးသပ်ချက်များ'
**၁၆:၃၅** မျိုးဂုဏ်တင့်စေဆိုကရေးတီးအမွေ
**၁၇:၁၀** သတင်းသမားပြောတဲ့သတင်းစကား
**၁၇:၄၅** This Week's Special Interest
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း' (အပိုင်း-၄၁)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** 2022 World Cup Highlight (15)
**၂၁:၀၅** သံစဉ်ချိုမြမြန်မာတေးအလှ
**၂၁:၃၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'အောင်ပွဲမဏ္ဍိုင်ရင်ဆိုင်ချီတက်' (အပိုင်း-၁၂)

**mitv**

**07:01** Evergreen Classic: Mingalar Su Taung (Kyawt Kay Khaing)
**07:09** Attractive New Destinations of Bagan
**07:32** Pan Tamawt… Stone Carving
**08:01** News
**08:26** Asia Updates: Living on the Plateau (P-1)
**08:42** Myanmar Traditional Snacks: Mounhsi Gyaw
**08:47** Licuala Palm Leaf
**09:01** Bridge On The River Tapam
**09:23** The Man and The Elephant (Part-II)
**09:39** Danu Food: Pounded Crab Apple Salad
**09:45** Myanmar Childhood Games (Episode-1)
**09:54** Will you feed the pigeons?
**10:01** News

**MRTV NRC**

**ချင်း (လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)**
တာရွှန်းရိုးရာ တောင်တက်ကပွဲ

**ချင်း (ချို) (၀၇:၀၀ မှ ၀၈:၀၀)**
ကျန်းမာရေးအတွက် အကျိုးအာနိသင်တွေပေးတဲ့ မန်ကျည်းသီး

**မွန် (၀၈:၀၀ မှ ၁၀:၀၀)**
စကားပုံများမှ မှတ်သားစရာ(ပိုင်ရှင်ပြောတော့နသေး လိုချင်သူအတွက်တော့ရင့်မှည့်ပြီး)

**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)**
အမှောင်ကမ္ဘာထဲမှ စွမ်းအားရှင်လေးများ

**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)**
ပေပေါင်း(၈၀၀၀)ကျော်မြင့်တဲ့ မဲနယ်တောင်မှ တောင်ဇလပ်ပန်းများရှိရာဆီသို့

**ဝ (၁၄:၀၀ မှ ၁၆:၀၀)**
ကဏန်းချဉ်စပ်ပြုလုပ်နည်း

**ကချင် (၁၆:၀၀ မှ ၁၈:၀၀)**
အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ထဲက ချစ်စရာရိုးရာအိမ်ကလေး

**ကယား (၁၈:၀၀ မှ ၂၀:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၇)

**ဝကေကရင် (၂၀:၀၀ မှ ၂၁:၀၀)**
'ဝ' ရိုးရာမုန့်ညှင်းဆန်လျော်ဟင်းရည်နှင့်အမဲသားထောင်း

**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
လွဲကြီးရွာမှ အမိုးတို့အိမ်ကလေး

**အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
လိုင့်ထောင်ဖလာမစ်ရေတံခွန်သို့

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၃၀** နိုင်ငံတကာသတင်း (LIVE)
**၀၈:၄၅** 'ASEAN Information Exchange Initiative 2022' (Part- 13)
**၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၀၉:၄၅** ကမ္ဘာ့မြေဆီလွှာနေ့ (Video Clip)
**၁၁:၀၀** ပြည်တွင်းသတင်း(LIVE)
**၁၂:၁၅** ကာတာကမ္ဘာ့ဖလား(Highlights)
**၁၂:၃၀** နိုင်ငံတကာသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'မကောင်းဆိုးဝါး'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း-၈
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျပန်နိုင်ငံ)
**၁၁:၃၀** 'အတွေးအမြင်' အပိုင်း-၈

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
**၀၆:၂၅** အာဟာရနေ့စဉ်ဖြည့်စွက်သဘာဝ ဆေးကောင်းတစ်လက်(လိမ္မော်သီးအကြောင်း)
**၀၇:၀၀** 'စိုက်ပျိုးမွေးမြူသုတဘဏ်'
**၀၇:၅၀** နိုင်ငံတကာနည်းပညာတို့လယ်တောမှာ ကျင့်သုံးပါ
**၀၈:၂၀** စပါးအခြောက်စိုက်ခင်းများနှင့် ပေါင်းပြဿနာအဖြေရှာ

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစား မြန်မာနေ့ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို ဝနေ့၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ တက်ရောက်အားပေး

မုံရွာ ဒီဇင်ဘာ ၄



၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၃ ရက်က တိုင်းဒေသကြီး အစိုးရအဖွဲ့ ရုံးဝင်းအတွင်းရှိ ချင်းတွင်းခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မုံရွာမြို့ပေါ်ရှိ ရောင်ခြည်သစ်မျက်မမြင်ကျောင်းနှင့် မသန်စွမ်းဂေဟာများမှ တာဝန်ရှိသူများ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး အတွင်း နေရာအသီးသီးတွင် နေထိုင်ကြသည့် မသန်စွမ်းသူများ၏ဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ ဂုဏ်သိက္ခာရှိစွာဖြင့် ရပ်တည်နိုင်ရေးအတွက် မြှင့်တင်အားပေး ဆောင်ရွက်နေကြသည့် ဌာနဆိုင်ရာများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအားလုံးအနေဖြင့် ဆက်လက်ကြိုးစား ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် Video Clip အား ကြည့်ရှုအားပေးကြပြီး ရောင်ခြည်သစ် မျက်မမြင်ကျောင်းမှ မသန်စွမ်းသူများက တေးသီချင်းများ သီဆို၍ ဖျော်ဖြေကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မသန်စွမ်း အားကစားပြိုင်ပွဲနှင့် သီချင်းဆိုပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆု ရရှိကြသော မသန်စွမ်းသူများအား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၄-၁၂-၂၀၂၂

| ရွှေ | | |
|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် | ၂၁၁၅၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် | ၂၁၂၂၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၉၆ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၈၀၂ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | |
|---|---|---|
| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၂၂၈၀ ကျပ် | ၂၄၂၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၅၅ ကျပ် | ၂၅၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၆၅ ကျပ် | ၂၀၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၄၀ ကျပ် | ၂၀၉၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၀၉ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၅၅ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၀ . ၃၈၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၆၉ . ၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၈ . ၃၆ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၉၈ . ၉၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၈၃၅ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၁၀၀ | ၉၁၀၀ | ၂၂၈၁ | ၂၀၇၅၇၁၀၀ |
| MTSH | ၃၃၀၀ | ၃၃၀၀ | ၁၉၇၉ | ၆၅၃၀၇၀၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၆၂ | ၄၇၇၄၀၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၃၂၁ | ၆၂၅၉၅၀၀ |
| TMH | ၂၆၅၀ | ၂၆၅၀ | ၁ | ၂၆၅၀ |
| EFR | ၂၆၅၀ | ၂၆၅၀ | ၁၄၁ | ၃၇၁၆၅၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၁၆၀ | ၇၈၄၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ပလေးစတိုးပေါ်မှ ယခုနှစ် အကောင်းဆုံး အက်ပလီကေးရှင်းနှင့် ဂိမ်းများစာရင်းကို ထုတ်ပြန်ကြေညာ

အန်းဒရွိုက်ဖုန်းများအတွက် အဓိက အက်ပလီကေးရှင်းစတိုး ဖြစ်သော Google Play Store တွင် ယခုနှစ်၏ အကောင်းဆုံး အက်ပလီကေးရှင်းနှင့် ဂိမ်းများစာရင်းကို ဒီဇင်ဘာ ၁ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

အက်ပလီကေးရှင်းနှင့် ဂိမ်း ထုတ်လုပ်သူများသည် ပလေးစတိုးပေါ်တွင် နှစ်စဉ် ထောင်နှင့်ချီသော အက်ပ်များနှင့် ဂိမ်းများကို တင်ပေးကြရာ Google သည် ဒီဇင်ဘာလတိုင်းတွင် အကောင်းဆုံး အက်ပလီကေးရှင်းနှင့် ဂိမ်းများစာရင်းကို ထုတ်ပြန်ကြေညာပေးလေ့ရှိသည်။ ယခုနှစ်တွင် နိုဝင်ဘာလ အစောပိုင်းက စတင်မဲပေးခဲ့ပြီး ရလဒ်များကို ဒီဇင်ဘာလဆန်းတွင် ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

အကောင်းဆုံးအက်ပ်နှင့် ဂိမ်းများကို ခေါင်းစဉ်အလိုက် ခွဲခြားသတ်မှတ်ရာ အမျိုးအစားများ ကွဲပြားပြီး အဓိက ခေါင်းစဉ်နှစ်ခုမှာ အသုံးပြုသူများက မဲပေးရွေးချယ်သည့် Users' Choice ဆုနှင့် ဂူဂဲလ်က ခြုံငုံသုံးသပ်ရွေးချယ်သည့် Best Overall ဆုများဖြစ်သည်။

ယခုနှစ်၏ အကောင်းဆုံး အက်ပလီကေးရှင်းအဖြစ် အသုံးပြုသူများ၏ မဲပေးရွေးချယ်မှုကို အများစုမျှော်လင့်ထားသည့်အတိုင်း ဆန်းသစ်တီထွင်သော ဆိုရှယ်မီဒီယာအက်ပ်ဖြစ်သည့် BeReal က ရရှိခဲ့သည်။ Best Overall အက်ပလီကေးရှင်းအဖြစ် ဉာဏ်ရည်တုပံ့ပိုးမှုဖြင့် စာသားနှင့် ဂရပ်ဖစ်ပုံများ ပေါင်းစပ်၍ အနုပညာဒီဇိုင်းများ ဖန်တီးနိုင်သည့် Dream by WOMBO အက်ပ်က ရွေးချယ်ခံရသည်။ မိုဘိုင်းဂိမ်းတွင်မူ အဆိုပါ အဓိကခေါင်းစဉ်နှစ်ခုစလုံးကို EA ၏ နာမည်ကြီးဂိမ်းဖြစ်သော Apex Legends Mobile က ရရှိခဲ့သည်။




အဆိုပါ အဓိကခေါင်းစဉ်ကြီး နှစ်ခုအပြင် အခြားခေါင်းစဉ်အလိုက် အကောင်းဆုံး အက်ပလီကေးရှင်းနှင့် ဂိမ်းများကိုလည်း ရွေးချယ်ပေးခဲ့သလို ပလေးစတိုးပေါ်တွင် တင်ထားသော စာအုပ်များနှင့် အသံဖြင့် ဖတ်ပြသော စာအုပ်(Audio book)များမှ အရောင်းရဆုံး စာအုပ်များကိုလည်း ရွေးချယ်ပေးခဲ့ရာ အသေးစိတ်အချက်အလက်များကို ပလေးစတိုးတွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။ ထို့ပြင် ဂူဂဲလ်က နိုင်ငံအလိုက် ရွေးချယ်သတ်မှတ်ပေးသော အကောင်းဆုံး အက်ပ်နှင့် ဂိမ်းများကိုလည်း ကြည့်ရှုနိုင်မည်ဖြစ်သည်။

**ကိုစိုး၊ ကိုးကား – Xda-developers**

# ဖေ့စ်ဘုတ်စာမျက်နှာအတုများဖြင့် လိမ်လည်ငွေတောင်းခံမှုများကိုသတိပြုရန် မြန်မာနက် ထုတ်ပြန်

**ရန်ကုန် ဒီဇင်ဘာ ၄**

အင်တာနက်ဝန်ဆောင်မှုများ ပေးနေသော မြန်မာနက်ကုမ္ပဏီ၏ အမည်နှင့် လိုဂိုဆင်တူယိုးမှား ဖေ့စ်ဘုတ်စာမျက်နှာများဖွင့်ကာ လိမ်လည်ငွေတောင်းခံမှုများ ရှိနေသဖြင့် အသုံးပြုသူများအနေဖြင့် သတိပြုရန် ကြေညာချက်တစ်ခုကို မြန်မာနက်က ယခုတစ်ပတ်အတွင်း ထုတ်ပြန်ထားသည်။

အဆိုပါကြေညာချက်တွင် မြန်မာနက်က တရားဝင်အသုံးပြုခဲ့သော မြန်မာနက် ဖေ့စ်ဘုတ်စာမျက်နှာ အသုံးပြုမှုကို ၂၀၂၁ ဖေဖော်ဝါရီလမှစ၍ ရပ်ဆိုင်းထားခဲ့ပြီးဖြစ်ကြောင်း၊ ယခုအခါ မြန်မာနက်နှင့်ဆင်တူယိုးမှား ဖေ့စ်ဘုတ်ပေ့ချ်များဖွင့်ကာ လိမ်လည်ငွေတောင်းခံမှုများ ပြုလုပ်လျက်ရှိသည်ကို ကြားသိရကြောင်း၊ သို့ဖြစ်၍ အသုံးပြုသူများအနေဖြင့် မြန်မာနက်၏တရားဝင်ဝက်ဘ်ဆိုက်ဖြစ်သော www.myanmarnet.com နှင့် “Myanmar Net Community” viber group ဖြစ်သည့် https://bit.ly/33iYJ1L တို့တွင် ဖော်ပြထားသော ငွေပေးချေမှု နည်းလမ်းများမှလွဲ၍ အခြားနည်းလမ်းဖြင့် ငွေပေးချေခြင်းများ မပြုလုပ်ကြရန်နှင့် ထိုကဲ့သို့သော ပေးချေမှုများအတွက် မြန်မာနက်က တာဝန်ယူမည်မဟုတ်ကြောင်း လေးစားစွာအသိပေးအပ်ပါသည်ဟု ဖော်ပြထားသည်။

မြန်မာနက်၏ ငွေပေးချေစနစ်များ (လစဉ်ကြေးများ၊ တပ်ဆင်ကြေး၊ စပေါ်ငွေနှင့် အခြားငွေပေးချေခြင်းများ)တို့နှင့် ပတ်သက်၍ (၁) မြန်မာနက်ဝန်ထမ်းများက အိမ်တိုင်ရာရောက် ငွေကောက်ခံပေးခြင်း၊ (၂) မြန်မာနက်စတိုးများတွင် ငွေပေးသွင်းခြင်း၊ (၃) မြန်မာနက်၏ တရားဝင် အရောင်းကိုယ်စားလှယ်ဆိုင်များတွင် ငွေပေးသွင်းခြင်း၊ (၄) AYA ဘဏ်၊ KBZဘဏ် နှင့် CB ဘဏ်တို့၏ mobile banking စနစ်ဖြင့်လည်းကောင်း၊ CB Pay နှင့် Citizens Pay တို့ဖြင့်လည်းကောင်း ငွေပေးသွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်း၊ အဆိုပါစနစ်များမှလွဲ၍ အခြားနည်းလမ်းများဖြင့် ငွေကောက်ခံခြင်းမရှိသလို ဖုန်းနံပါတ်များသို့ တိုက်ရိုက်ငွေပေးဆောင်ခိုင်းခြင်းလည်း မရှိကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။




မြန်မာနက်၏ ငွေပေးချေစနစ်များနှင့်ပတ်သက်၍ သိရှိလိုသည်များရှိပါက မြန်မာနက်အက်လီကေးရှင်းနှင့် မြန်မာနက်ဝက်ဘ်ဆိုက်ရှိ “Chat” သို့ အချိန်မရွေးဆက်သွယ်နိုင်သလို ဖုန်း – ၀၉ ၇၆၅၃၃ ၈၄၄၀ နှင့် ၀၉– ၇၆၅၃၃၈၄၄၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်းလည်း ထုတ်ပြန်ထားသည်။

**ကိုစိုး**

# Xiaomi 13 စီးရီးနှင့် MIUI 14 တရားဝင်ပြသမည့်ရက်ကို ရွှေ့ဆိုင်း

Xiaomi ၏ ဖုန်းမော်ဒယ်သစ်ဖြစ်သည့် Xiaomi 13 စီးရီးနှင့် အန်းဒရွိုက် ၁၃ အခြေခံ UI အသစ်ဖြစ်သည့် MIUI 14 တို့ကို ဒီဇင်ဘာ ၁ ရက်တွင် တရုတ်နိုင်ငံအတွင်း တရားဝင်မိတ်ဆက်ပြသရန် ကြေညာထားခဲ့ရာမှ တရုတ်သမ္မတဟောင်း ကျန်ဇီမင်း၏ နာရေးသတင်းကြောင့် မိတ်ဆက်မည့်ရက်ကို ဒီဇင်ဘာ ၈ ရက်သို့ ပြောင်းလဲလိုက်ကြောင်း သိရသည်။

Xiaomi 13 စီးရီး မိတ်ဆက်ပွဲတွင် Xiaomi 13 ဖုန်းများနှင့်အတူ Buds 4 နားကြပ်များ၊ Xiaomi Watch S2 စမတ်နာရီများနှင့် MIUI 14 တို့ကို မိတ်ဆက်ပြသမည်ဖြစ်သည်။ Xiaomi 13 စီးရီးတွင် Snapdragon 8, Gen 2 Qualcomm ပရိုဆက်ဆာနှင့် LPDDR5x RAM တို့ ပါဝင်ပြီး MIUI 14 ကိုသုံးစွဲထားသည့် ပထမဆုံးဖုန်း ဖြစ်လာမည်ဟုလည်း အတည်ပြုထားသည်။ အခြား အသေးစိတ်အချက်များမှာမူ ပြသသည့်ရက်တွင်မှ သိရှိရမည်ဖြစ်သည်။

အသစ်ပြသမည့် MIUI 14 မှာမူ ကမ္ဘာတစ်ဝန်းမှ Xiaomi အသုံးပြုသူများအပါအဝင် မြန်မာနိုင်ငံမှ Xiaomi နှင့် Redmi ဖုန်းများကို အသုံးပြုနေသူများပါ စိတ်ဝင်စားနေကြသည့် UI အသစ်ဖြစ်သည်။ MIUI 14 တွင် ပါဝင်မည့် လုပ်ဆောင်ချက်အသစ်များနှင့်ပတ်သက်၍ ခန့်မှန်းသတင်းများ ထွက်ပေါ်နေပြီး အဓိကအချက်မှာ MIUI 14 သည် System App များအတွက် နေရာယူမှုကို လျှော့ချထားသဖြင့် ယခင် MIUI 13 ထက်ပင် အရွယ်အစား ပို၍သေးငယ်ကာ ဖုန်းပေါ်၌ နေရာယူမှုတွင် ၂၃ ရာခိုင်နှုန်းအထိ ပိုမိုလျှော့နည်းကြောင်း သိရသည်။

**ကျော်ဇင်ဦး**

# အားသွင်းကြိုးနှင့် ခေါင်း မပါသော iPhone များ ဘရာဇီးတွင် သိမ်းဆည်းခံနေရ

ယမန်နှစ်မှစ၍ အားသွင်းကြိုးနှင့်ခေါင်း (Charger)မပါသော iPhone များကို ထုတ်လုပ်ရောင်းချပြီးနောက် ကမ္ဘာတစ်ဝန်းလုံး၌ ဝေဖန်မှုများခံနေရသော Apple သည် ဘရာဇီးနိုင်ငံတွင်မူ ယခင်လများအတွင်း အစိုးရ၏ တရားစွဲဆိုခြင်းကိုပါ ခံခဲ့ရပြီး ဒေါ်လာတစ်သန်းဒဏ်ငွေရိုက်ခံရကာ အားသွင်းကြိုးနှင့် ခေါင်းမပါသော ဖုန်းများကို နိုင်ငံအတွင်းရောင်းချမှု ရပ်ဆိုင်းရန် အမိန့်ထုတ်ခံထားရသည်။

သို့ရာတွင် Apple သည် ယခုအချိန်အထိ အမိန့်ကို မလိုက်နာဘဲ အားသွင်းကြိုးနှင့်ခေါင်း မပါသော ဖုန်းများကို ဆက်လက်ရောင်းချနေခြင်းကြောင့် ဘရာဇီးနိုင်ငံ စားသုံးသူကာကွယ်ရေး စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က နိုင်ငံအတွင်းရှိ လက်လီရောင်းချသူများနှင့် လက်လီစတိုးဆိုင်များတွင်ရှိနေသော iPhone များကို နိုဝင်ဘာ ၂၅ ရက်မှစ၍ လိုက်လံသိမ်းဆည်းနေခြင်းဖြစ်ကာ ဖုန်းအလုံးရေ ရာပေါင်းများစွာ သိမ်းဆည်းထားပြီးဖြစ်ကြောင်း၊ iPhone အားလုံးကို သိမ်းဆည်းခြင်းမဟုတ်ဘဲ အားသွင်းကြိုးနှင့်ခေါင်း မပါဝင်သော iPhone များကိုသာ သိမ်းဆည်းနေခြင်းဖြစ်ကြောင်း၊ Operation Discharge အမည်ဖြင့် ယခုဆောင်ရွက်ချက်မှာ ဖုန်းများရောင်းချရာတွင် အားသွင်းကိရိယာများပါ တစ်ပါတည်းပါဝင်ရန် ဒေသဆိုင်ရာဥပဒေကို Apple အနေဖြင့် လိုက်နာရန် စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။ ဖုန်းများကို သိမ်းဆည်းခြင်းနှင့်ပတ်သက်၍ Apple က အယူခံတင်ထားပြီး အယူခံ ဆုံးဖြတ်ပြီးချိန်အထိ နိုင်ငံအတွင်း စမတ်ဖုန်းများ ရောင်းချခွင့်ပြုရန် Apple က တောင်းဆိုထားကာ ကုမ္ပဏီအနေဖြင့် တရားရင်ဆိုင်မှုတွင် အနိုင်ရမည်ဟု ယုံကြည်သည်ဟုလည်း Apple ဘက်က ပြောကြားထားသည်။

Apple သည် iPhone 12 စီးရီးများမှစ၍ ဖုန်းရောင်းချရာတွင် ဘူးခွံအတွင်း အားသွင်းကြိုးနှင့်ခေါင်း တစ်ပါတည်းထည့်ပေးခြင်းမရှိတော့ဘဲ သီးသန့်ရောင်းချသည့်စနစ်ကို စတင်ခဲ့ကာ နောက်ပိုင်းတွင် iPhone 11 စီးရီးများတွင်ပါ အားသွင်းကြိုးနှင့်ခေါင်း ထည့်သွင်းပေးခြင်းမရှိတော့ပေ။ အားသွင်းကြိုးနှင့်ခေါင်းများ မထည့်ပေးခြင်းနှင့် ပတ်သက်၍ Apple အနေဖြင့် ကမ္ဘာတစ်ဝန်းတွင် ဝေဖန်မှုများ ခံနေရသည်။ အားသွင်းကြိုးနှင့်ခေါင်းများ မထည့်ပေးခြင်းမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်ဟု Apple က အကြောင်းပြထားသော်လည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းများကမူ ဖုန်းအားသွင်းကြိုးနှင့်ခေါင်းများ သီးသန့်ရောင်းချခြင်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မည်သို့မျှ အကျိုးမပြုကြောင်း ငြင်းဆန်ထားကြသည်။

**ကျော်ဇင်ဦး၊ ကိုးကား – Gizmochina**



## ကျုံပျော်မြို့၌ စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းသစ်နှစ်လမ်း ဖွင့်လှစ်



ကျုံပျော် ဒီဇင်ဘာ ၄

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ရှိ ကွန်ကရစ်လမ်းသစ်နှစ်လမ်းကို ဒီဇင်ဘာ ၄ ရက်က ဖွင့်လှစ်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်နှင့် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးဘုန်းလွင်တို့က အောင်ဆန်းရပ်ကွက် ညောင်ပင်သာ(၁)လမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်ပြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျုံပျော်- ဇနီးကွင်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်၍ ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယနေ့ဖွင့်လှစ်သော ညောင်ပင်သာ(၁)လမ်း ကွန်ကရစ်လမ်းသစ်သည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်သော လမ်းဖြစ်ပြီး၊ စုစုပေါင်း အရှည်ပေ ၁၁၅၀၊ အကျယ် ၁၂ပေ၊ ထုခြောက်လက်မဖြစ်ကာ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အရှည်ပေ ၉၅၀ကို ငွေကျပ်သိန်းပေါင်း ၂၃၀ ဖြင့်လည်းကောင်း၊ ပြည်သူလူထုမှ အရှည်ပေ ၂၀၀ ကို ငွေကျပ် ၆၂ သိန်းဖြင့်လည်းကောင်း ပူးပေါင်းထည့်ဝင် ဆောင်ရွက်ခဲ့သောလမ်းဖြစ်ကြောင်း သိရသည်။

ကျုံပျော်-ဇနီးကွင်း ကွန်ကရစ်လမ်းသစ်သည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၅၉ ဒသမ ၇၃ သန်းဖြင့် ဆောင်ရွက်သော လမ်းဖြစ်ပြီး လမ်းအရှည် ၃ ဒသမ ၉၃ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထုခုနစ်လက်မဖြင့် ဆောင်ရွက်ထားသောလမ်းဖြစ်ကြောင်း၊ အဆိုပါ ကွန်ကရစ် လမ်းသစ်များ ခင်းကျင်း ဆောင်ရွက်ပေးနိုင်မှုကြောင့် ရပ်ကွက်နှင့် ကျေးရွာများမှ ပြည်သူများအတွက် များစွာ အကျိုးရှိလာပြီဖြစ်ကြောင်း သိရသည်။

**လပြည့်ဦး**
**(ပြန်/ဆက်)**

## စလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြေမိကုန်းရပ်ကွက် အမှတ်(၄)လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

စလင်း ဒီဇင်ဘာ ၄

မကွေးတိုင်းဒေသကြီး စလင်းမြို့ မြေမိကုန်းရပ်ကွက်အတွင်းရှိ အမှတ်(၄)မြေသားလမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းလုပ်ငန်း နိုဝင်ဘာ ၁၅ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

စလင်းမြို့နယ်အတွင်းရှိ မြေမိကုန်းရပ်ကွက်အမှတ်(၄) မြေသားလမ်းကို လမ်းအရှည် ၈၆၃ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့်ထုခြောက်လက်မရှိ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၁၈ သန်း အကုန်အကျခံ၍ နိုဝင်ဘာ ၁၅ ရက်မှ ဒီဇင်ဘာလအတွင်း အပြီးဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ပေါ်ရပ်ကွက်များ၊ မြို့ပေါ်လမ်းများနှင့် ဆက်စပ်သည့်ရွာများကိုလည်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း အဆင့်မြှင့်တင်အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သည့် မြို့ပေါ်ရပ်ကွက်များအတွင်းရှိလမ်းများကို ကွန်ကရစ်လမ်းများအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လမ်း ၁၂ လမ်းအထိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်နိုင်ခဲ့ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးမှ သိရသည်။

**မောင်မောင်လွင်(ပြန်/ဆက်)**



## နေပြည်တော်ကောင်စီအတွင်း သီးထပ်စွမ်းအားမြင့်မားရေးအတွက် ဆွေးနွေး

ဇေယျာသီရိ ဒီဇင်ဘာ ၄

သီးထပ်စွမ်းအား မြင့်မားရေး ဆောင်းသီးနှံ၊ နွေသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းနှင့် ဇေယျာသီရိမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ တွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၂ ရက်က ကျောက်ချက်ကျေးရွာ စိုက်ပျိုးစီးပွားအသိပညာပေး စင်တာ၌ ကျင်းပသည်။

**တွေ့ဆုံဆွေးနွေး**

ဆွေးနွေးပွဲတွင် နေပြည်တော်ကောင်စီအဖွဲ့ဝင်က ဇေယျာသီရိမြို့နယ်အတွင်း သီးထပ်စွမ်းအားမြင့်မားရေးဆောင်းသီးနှံ၊ နွေသီးနှံတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် ဒေသခံတောင်သူများ၏ စိုက်ပျိုးရေးလိုအပ်ချက်၊ မျိုးလိုအပ်ချက်၊ နည်းပညာ လိုအပ်ချက်များကို ကူညီ ဆောင်ရွက်ပေးနိုင်ရန်အတွက် တွေ့ဆုံဆွေးနွေးခြင်းဖြစ်ပါကြောင်းနှင့် ယခုတွေ့ဆုံပွဲတွင် တောင်သူများအနေဖြင့် မိမိတို့၏ လိုအပ်ချက်များကို ပွင့်လင်းစွာ တင်ပြတောင်းဆိုနိုင်ကြောင်း ပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်း**

ယင်းနောက် ဇေယျာသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေထက်အောင်၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးပြေသိန်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သီးထပ်စွမ်းအား မြင့်မားရေး ဆောင်းသီးနှံ၊ နွေသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ဌာနမှ ကူညီပံ့ပိုးပေးမည့် အခြေအနေများ၊ စိုက်ပျိုးရေပေးဝေမှု အခြေအနေများ၊ စက်မှုလယ်ယာဝန်ဆောင်မှုပေးမည့် ကဏ္ဍများနှင့် အကျိုးတူ လယ်ယာစနစ်များအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီးနောက် ဒေသခံတောင်သူများ၏ လိုအပ်ချက်များ တင်ပြလာမှုအပေါ် နေပြည်တော်ကောင်စီအဖွဲ့ဝင်က ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။



ဇေယျာသီရိမြို့နယ်၌ ယခုနှစ် နွေရာသီတွင် နွေစပါးစိုက်ပျိုးဧက ၃၅၉ ဧကနှင့် မတ်ပဲပြီးချိန်တွင် ပဲတီစိမ်း၊ နှမ်းနှင့် နေကြာကို ၅၈၅၃ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

## ပူတာအိုမြို့နယ် လုံဂါဂေါင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်

ပူတာအို ဒီဇင်ဘာ ၄

ကချင်ပြည်နယ် ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများရာသီမရွေး ကျေးလက်ထုတ်ကုန်များ ကုန်စည်စီးဆင်းနိုင်ရန်အတွက် ကျေးလက်ကုန်ထုတ်လမ်း၊ တံတားတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် လုံဂါဂေါင်ကျေးရွာ၌ ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

လုံဂါဂေါင်ကျေးရွာ၌ ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၇၀ ဒသမ ၉၇၅ သန်းဖြင့် အလျားနှစ်မိုင်၊ အနံ ၁၂ ပေ၊ ထု မြေသားနှစ်ပေနှင့် သဲကျောက် ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း၊ အလျားခြောက်ပေ၊ အနံ ၁၈ ပေနှင့် အမြင့်ခြောက်ပေရှိ မြောင်းကူးတံတားနှစ်စင်းနှင့် အကျယ် နှစ်ပေ၊ အရှည် ၁၈ ပေရှိ ကွန်ကရစ်ရေပြွန်ရှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို တင်ဒါအောင်ကုမ္ပဏီက အောက်တိုဘာလပထမပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ၄၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။ အဆိုပါလုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီးပါကယင်းကျေးရွာရှိ လယ်မြေဧက ၈၀ တို့မှ ဒေသထွက်ကုန်များကို ဈေးကွက်သို့ လွယ်ကူစွာသယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးက ပြောကြားသည်။

**ချစ်ဦးကို**



## ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံဧက သုံးသောင်းကျော် လျာထားစိုက်ပျိုးမည်

ပွင့်ဖြူ ဒီဇင်ဘာ ၄

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဒေသတွင်း စားသုံးဆီ ဖူလုံပိုလျှံစေရန်နှင့် ဒေသခံတောင်သူများ သီးနှံဝင်ငွေ တိုးပွားစေရန် ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် တစ်မြို့နယ်လုံး ဆီထွက်သီးနှံဧက ၃၀၀၀၀ ကျော် လျာထားစိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီကာလမှာ ပွင့်ဖြူမြို့နယ်အနေနဲ့ နှမ်း၊ မြေပဲ၊ နေကြာ၊ ပန်းနှမ်း စတဲ့ဆီထွက်သီးနှံဧက သုံးသောင်းကျော်ကို လျာထားစိုက်ပျိုးဆောင်ရွက်လျက်ရှိပါတယ်။ စိုက်ဧက အတိအကျဆိုရင် ဆောင်းနှမ်းစိုက်ဧက၄၀၄၂ဧက၊ ဆောင်းမြေပဲစိုက်ဧက ၄၃၅ ဧက ၊ ဆောင်းနေကြာစိုက်ဧက ၂၆၇၅၅ ဧကနဲ့ ပန်းနှမ်းစိုက်ဧက ၁၁၅ ဧက ၊ စုစုပေါင်း ဆီထွက်သီးနှံဧက ၃၁၃၄၇ ဧက လျာထား စိုက်ပျိုးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲဒီလို ဆီထွက်သီးတွေ စိုက်ပျိုးရာမှာလည်း ဒေသခံတောင်သူတွေ စိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး အခက်အခဲ မဖြစ်စေဖို့အတွက် တောင်သူအသိပညာပေး လုပ်ငန်းတွေကို နယ်မြေအလိုက် တာဝန်ခံကွင်းဝန်ထမ်းတွေက လယ်ယာမြေစိုက်ခင်းတွေအရောက် ကွင်းဆင်းပြီးတော့ ဆောင်ရွက်ပေးထားပါတယ်။ ဒါ့အပြင် စိုက်ပျိုးရေးလုပ်ငန်းအတွက် အဆင်ပြေအောင် ယူရီးယားဓာတ်မြေသြဇာအိတ်တွေကို သက်သာသောဈေးနှုန်းနဲ့ ဖြန့်ဖြူးရောင်းချခြင်းတွေ ဆောင်ရွက်ပေးထားပါတယ်။"ဟု မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

လက်ရှိတွင် စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲသီးနှံ ဧက ၃၁၀၊ နှမ်း ၆၃၁၃ ဧက၊ နေကြာ ၃၇၃ ဧက ၊ ပန်းနှမ်း တစ်ဧက၊ စုစုပေါင်း ၆၉၉၇ ဧက စိုက်ပျိုးပြီးစီးသွားပြီဖြစ်ကာ နှမ်းသီးနှံမှာ လျာထားသတ်မှတ်ဧကထက် ပိုမိုကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး ( ပွင့်ဖြူမြေ )**

ဒီဇင်ဘာ ၅ ရက်မှာတော့ ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်း အဆင့်မှ ဂျပန်နဲ့ ခရိုအေးရှား၊ ဘရာဇီးနဲ့ တောင်ကိုရီးယား အသင်းတို့ပွဲစဉ်ကို ဆက်လက် ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။

**ကမ္ဘာ့ဖလားပြိုင်ပွဲ (၁၆) သင်းအဆင့်**

| ၅-၁၂-၂၀၂၂ | | တနင်္လာနေ့ |
|---|---|---|
| ဂျပန် - ခရိုအေးရှား | | ည ၉:၃၀ |
| ဘရာဇီး - တောင်ကိုရီးယား | | နံနက် ၁:၃၀ |

**ကမ္ဘာ့ဖလားပြိုင်ပွဲ သွင်းဂိုးအများဆုံး သွင်းယူထားသူများ**

| စဉ် | အမည် | အသင်း | ဂိုး |
|---|---|---|---|
| ၁။ | အမ်ဘတ်ပီ | ပြင်သစ် | ၅ |
| ၂။ | မက်ဆီ | အာဂျင်တီးနား | ၃ |
| ၃။ | ရက်ဖို့ဒ် | အင်္ဂလန် | ၃ |
| ၄။ | မိုရာတာ | စပိန် | ၃ |



❍ ကျော်ဖုံးမှ

ဩစတြေးလျအသင်းကို အနိုင်ရရှိခဲ့သော အာဂျင်တီးနား အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် နယ်သာလန် အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ယခုပွဲစဉ်တွင် ကစားသမားဘဝ ပွဲ ၁၀၀၀ ပြည့်မြောက်ခဲ့သော မက်ဆီသည် အာဂျင်တီးနားအသင်းအတွက် စုစုပေါင်း သွင်းဂိုး ၉၄ ဂိုး အထိ ရှိလာပြီဖြစ်သည်။ **ဇော်ဇော်**

# ခံစစ်ငြိမ်ပြီး တိုက်စစ်ထက်တဲ့ ဘရာဇီးကို တောင်ကိုရီးယား ကျော်ဖြတ်ဖို့ ခက်မယ်

## လင်းလက်ကြယ်



ဒိုအန် (၂၃ နှစ်)

ဂျပန် (တောင်ပံ)

၃၂ ပွဲကစား ၅ ဂိုးသွင်း

### ဂျပန် VS ခရိုအေးရှားအသင်းအခြေအနေ

**ဂျပန် -** အုပ်စုတွင်းပြိုင်ပွဲမှာ ကော့စတာရီကာအသင်းကို ရှုံးနိမ့်ထားပေမယ့် ဂျာမနီ၊ စပိန်စတဲ့အသင်းကြီးတွေကို နိုင်ပွဲရယူထားနိုင်တာကြောင့် ဂျပန်အသင်းရဲ့ခြေစွမ်းက ကျစ်လျစ်ပြီး မာကျောတယ်။

**ခရိုအေးရှား -** ပြီးခဲ့တဲ့ သုံးပွဲမှာ ခရိုအေးရှားအသင်းရဲ့ ခံစစ်က တစ်ဂိုးသာ ခွင့်ပြုပေးထားရတယ်။ နောက်ပြီး အသင်းရဲ့ တိုက်စစ်က ထက်မြက်မှုရှိသလို ခံစစ်ပိုင်းကလည်း တည်ငြိမ်မှုရှိတယ်။

**သုံးသပ်ချက် -** ၂၀၁၈ ကမ္ဘာ့ဖလားမှာ ဂျပန်အသင်းက ၁၆ သင်းအဆင့်နဲ့ ကျေနပ်ခဲ့ရပြီး ခရိုအေးရှားအသင်းက ဗိုလ်လုပွဲအထိ တက်လှမ်းထားနိုင်ခဲ့ပေမယ့် ပြင်သစ်ကို လေးဂိုး-နှစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာကြောင့် ဒုတိယနဲ့သာ ကျေနပ်ခဲ့ရတယ်။ ဒါကြောင့် ဂျပန်အသင်းအနေနဲ့ ယခုနှစ်မှာလည်း ၁၆ သင်းအဆင့်ကနေ လှည့်ပြန်ရမလား သို့မဟုတ် ကျော်ဖြတ်သွားနိုင်မလား။



မိုဒရစ် (၃၇ နှစ်)

ခရိုအေးရှား (ကွင်းလယ်)

၁၅၈ ပွဲကစား ၂၃ ဂိုးသွင်း

### ဂျပန်အသင်း အုပ်စုတွင်းကျော်ဖြတ်မှု

| | | | |
|---|---|---|---|
| ဂျာမနီ | ၁-၂ | ဂျပန် | ၂၃-၁၁-၂၀၂၂ |
| ဂျပန် | ၀-၁ | ကော့စတာရီကာ | ၂၇-၁၁-၂၀၂၂ |
| ဂျပန် | ၂-၁ | စပိန် | ၂-၁၂-၂၀၂၂ |

### ခရိုအေးရှားအသင်း အုပ်စုတွင်းကျော်ဖြတ်မှု

| | | | |
|---|---|---|---|
| မော်ရိုကို | ၀-၀ | ခရိုအေးရှား | ၂၃-၁၁-၂၀၂၂ |
| ခရိုအေးရှား | ၄-၁ | ကနေဒါ | ၂၇-၁၁-၂၀၂၂ |
| ခရိုအေးရှား | ၀-၀ | ဘယ်လ်ဂျီယံ | ၁-၁၂-၂၀၂၂ |



ရစ်ချတ်လီဆန် (၂၅ နှစ်)

ဘရာဇီး (တိုက်စစ်)

ပွဲ ၄၀ ကစား ၁၉ ဂိုးသွင်း

### ဘရာဇီး VS တောင်ကိုရီးယားအသင်းအခြေအနေ

**ဘရာဇီး -** ဘရာဇီးအသင်းက အုပ်စုနောက်ဆုံးပွဲစဉ်မှာ ကင်မရွန်းအသင်းကို တိုက်စစ်အဆုံးသတ်အားနည်းမှုကြောင့်သာ ရှုံးနိမ့်ခဲ့တာပါ။ ကစားခဲ့တဲ့ခြေစွမ်းအရ ပြိုင်ဘက်တိုင်းကို အသာစီးကနေ ကစားထားနိုင်စွမ်းရှိတယ်။

**တောင်ကိုရီးယား -** ပြိုင်ဘက်တိုင်းကို ခက်ခက်ခဲခဲကစားရလေ့ရှိတယ်ဆိုပေမယ့် လိုအပ်တဲ့ရလဒ်ကိုတော့ ဖော်ဆောင်နိုင်စွမ်း တောင်ကိုရီးယားအသင်းမှာ ရှိတယ်။

**သုံးသပ်ချက် -** ယခုပွဲစဉ်မှာ အဓိက တိုက်စစ်မှူး နေမာ ပါဝင်လာဖွယ်ရှိပေမယ့် ဂျီးဆပ်နဲ့ ခံစစ်က တဲလပ်စ်တို့ ဒဏ်ရာကြောင့် လွဲချော်ဖွယ်ရှိနေတယ်။ တောင်ကိုရီးယားအသင်းက ဆွန်ဟောင်မင်၊ ဟွမ်ဟီချန်းတို့လို အားထားရတဲ့ ကစားသမားတွေနဲ့ ပွဲထွက်လာသော်ငြား ဘရာဇီးအသင်းကို အနိုင်ယူကျော်ဖြတ်ဖို့ ခက်ပါလိမ့်မယ်။ တိုက်စစ်အဆုံးသတ်သေချာရင် ဘရာဇီး အသင်း ဂိုးပြတ်ဖွယ်ရှိတယ်။



ဆွန်ဟောင်မင် (၃၀ နှစ်)

တောင်ကိုရီးယား (တိုက်စစ်)

၁၀၇ ပွဲကစား ၃၅ ဂိုးသွင်း

### ဘရာဇီးအသင်း အုပ်စုတွင်းကျော်ဖြတ်မှု

| | | | |
|---|---|---|---|
| ဘရာဇီး | ၂-၀ | ဆားဘီးယား | ၂၅-၁၁-၂၀၂၂ |
| ဘရာဇီး | ၁-၀ | ဆွစ်ဇာလန် | ၂၈-၁၁-၂၀၂၂ |
| ကင်မရွန်း | ၁-၀ | ဘရာဇီး | ၃-၁၂-၂၀၂၂ |

### တောင်ကိုရီးယားအသင်း အုပ်စုတွင်းကျော်ဖြတ်မှု

| | | | |
|---|---|---|---|
| ဥရုဂွေး | ၀-၀ | တောင်ကိုရီးယား | ၂၄-၁၁-၂၀၂၂ |
| တောင်ကိုရီးယား | ၂-၃ | ဂါနာ | ၂၈-၁၁-၂၀၂၂ |
| တောင်ကိုရီးယား | ၂-၁ | ပေါ်တူဂီ | ၂-၁၂-၂၀၂၂ |

# ပိုလန်ကို အနိုင်ယူကာ စံချိန်မှတ်တမ်းများစွာဖြင့် ပြင်သစ်အသင်း ကွာတားဖိုင်နယ်တက်လှမ်း

ဒီဇင်ဘာ ၄ ရက် ည ၉ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းအဆင့်မှ ပြင်သစ်အသင်းနှင့် ပိုလန်အသင်းတို့ပွဲစဉ်တွင် ပြင်သစ်အသင်းက သုံးဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ် တက်လှမ်းနိုင်ခဲ့သည်။

### ထာဝရသွင်းဂိုးအများဆုံး ကစားသမားဖြစ်လာ

ပိုလန်အသင်းခံစစ်နှင့် ဂိုးသမား ဆက်ဇီနီတို့ အကောင်းဆုံး ဟန့်တား ရှင်းထုတ်နိုင်ခဲ့သည့်အတွက် ပွဲချိန် မိနစ် ၄၀ ကျော်သည်အထိ ပြင်သစ်အသင်း အဖွင့်ဂိုးရရှိရန် အခက်တွေ့ခဲ့ရသည်။ သို့သော်လည်း ပွဲချိန် ၄၄ မိနစ်တွင် အမ်ဘတ်ပီ၏ဖန်တီးမှုကို တိုက်စစ်မှူး ဂျီရုဒ်က ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့သည့်အတွက် အဖွင့်ဂိုးရရှိခဲ့သည်။ အဆိုပါ သွင်းဂိုးကြောင့် နိုင်ငံတကာသွင်းဂိုး ၅၂ ဂိုးအထိရှိလာခဲ့သော တိုက်စစ်မှူး ဂျီရုဒ်သည် အွန်နရီ၏ သွင်းဂိုး အများဆုံးစံချိန်ကို ကျော်ဖြတ်ကာ ပြင်သစ်အသင်းသမိုင်းတစ်လျှောက် ထာဝရသွင်းဂိုးအများဆုံး ကစားသမားဖြစ်လာခဲ့သည်။

### စံချိန်မှတ်တမ်းသစ်စိုက်ထူ

ဒုတိယပိုင်းတွင် ပိုလန်အသင်း ကစားအားကျဆင်းလာပြီး ပြင်သစ်အသင်းက ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ထိန်းချုပ်ကစားနိုင်ခဲ့သည်။ ပွဲချိန် ၇၄ မိနစ်တွင် ပြင်သစ်အသင်း ဒုတိယဂိုးရရှိခဲ့ပြီး ဒမ်ဘီလီ၏ ဖန်တီးမှုမှ အမ်ဘတ်ပီက သွင်းယူနိုင်သည်။ အသင်းအတွက် တတိယဂိုးကိုလည်း အမ်ဘတ်ပီက သူရမ်၏ ဖန်တီးမှုမှ သွင်းယူနိုင်ခဲ့သည်။ ထို့အပြင် အမ်ဘတ်ပီသည် ၂၃ နှစ်နှင့် ၃၄၉ ရက်ဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ကိုးဂိုးသွင်းယူနိုင်သည့် အသက်အငယ်ဆုံး ကစားသမားအဖြစ် စံချိန်မှတ်တမ်းသစ် စိုက်ထူနိုင်ခဲ့သည်။

ပိုလန်အသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ပွဲချိန်ပြည့်ခါနီးတွင်ရရှိခဲ့ပြီး တိုက်စစ်မှူး လီဝမ်ဒေါ့စကီးက ပယ်နယ်တီမှတစ်ဆင့် သွင်းယူပေးနိုင်ခဲ့သည်။

ယခုပွဲစဉ်အနိုင်ရရှိခဲ့သော ပြင်သစ်အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် အင်္ဂလန်နှင့် ဆီနီဂေါအသင်းတို့ပွဲစဉ်မှ အနိုင်ရရှိမည့်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**



ပိုလန်အသင်းဘက်သို့ အဖွင့်ဂိုးသွင်းယူပြီးနောက် ပြင်သစ်အသင်း တိုက်စစ်မှူး ဂျီရုဒ် အောင်ပွဲခံစဉ်။

# မကွေးတိုင်းဒေသကြီး၌ MSME လုပ်ငန်းများ အောင်မြင်စေရန် တိုင်းဒေသကြီးအစိုးရ ပံ့ပိုးပေးလျက်ရှိ



မကွေး ဒီဇင်ဘာ ၄

**မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁၁/၂၀၂၂)ကို ဒီဇင်ဘာ ၂ ရက်က မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ MSME လုပ်ငန်းများအောင်မြင်ရေး အပါအဝင် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့သည်။**

အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မကွေးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ အောင်မြင်ရေးနှင့် ပတ်သက်ပြီး နိုင်ငံတော်အနေဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်ကာ လုပ်ငန်းရှင်များအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ထိုက်သင့်သည့် အတိုးနှုန်းများဖြင့် ချေးငွေများထုတ်ချေးပေးလျက်ရှိကြောင်း၊ နိုင်ငံတော်ချေးငွေများ ရှိသကဲ့သို့ ပုဂ္ဂလိက ချေးငွေများလည်းရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် ချေးငွေများ ထပ်မံထုတ်ချေးပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ MSMEs လုပ်ငန်းများအောင်မြင်စေရန် အခြေခံအချက်(၄)ချက်ဖြစ်သည့် ကုန်ကြမ်းပစ္စည်း၊ သွင်းအားစု၊ အရင်းအနှီး၊ နည်းပညာပိုင်းဆိုင်ရာများအတွက် သက်ဆိုင်ရာဌာနများမှ လိုအပ်သည့်အကူအညီများ ပံ့ပိုးကူညီဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီးသည် စိုက်ပျိုးရေးကို အဓိကထားသည့် တိုင်းဒေသကြီးဖြစ်ပြီး နိုင်ငံ၏ ဆီအိုးကြီးဖြစ်သော်လည်း နိုင်ငံတော်က သတ်မှတ်ထားသည့် ပန်းတိုင်ရည်မှန်းချက်အထွက်နှုန်းပြည့်မီမှု မရှိသည်ကို တွေ့ရှိရကြောင်း၊ ပြည်တွင်းဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့် တိုင်းဒေသကြီးတစ်ခုဖြစ်သည်အထိ ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း၊ အလားတူ ဝါစိုက်ပျိုးသည့် ဒေသတစ်ခုဖြစ်သည့်အတွက်လည်း ဝါစိုက်ပျိုးမှု လုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ကြရန်လိုကြောင်းလည်း တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောကြားသည်။ **(ယာပုံ)**

လာမည့် ပါတီစုံ အထွေထွေရွေးကောက်ပွဲတွင် တိုင်းဒေသကြီးအတွင်းမှ မဲဆန္ဒရှင်ပြည်သူများ ဥပဒေနှင့်အညီ မဲပေးနိုင်ရေးနှင့် ပတ်သက်၍လည်း မဲစာရင်းမှန်ကန်ရေးသည် အရေးကြီးသည့် လုပ်ငန်းစဉ်ဖြစ်၍ ဌာနဆိုင်ရာများအားလုံး ပူးပေါင်းဆောင်ရွက်ပေးရန်လိုကြောင်း၊ ထို့ပြင် လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးအတွက်လည်း သတိထားဆောင်ရွက်ကြရန်လိုကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူး ဦးမျိုးအောင်က အစည်းအဝေး (၁၀/၂၀၂၂) ဆုံးဖြတ်ချက်များကို ဆွေးနွေးတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာသည့် ဌာနဆိုင်ရာများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကာ ဆွေးနွေးတင်ပြမှုများအပေါ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်လင်း၊ စီးပွားရေးရာ ဝန်ကြီး ဦးအောင်ချိန်၊ သယံဇာတရေးရာဝန်ကြီး ဦးစိုင်းမြင့်အေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး လင်းထွဋ်၊ ဥပဒေချုပ် ဦးဝင်းမြင့်တို့က ကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးခဲ့ကြသည်။

**မောင်ညီညာ**

## စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် Shwe Pyithar Amenity အပန်းဖြေစခန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၄**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သာသာယာယာ ရွှေပြည်သာ (Shwe Pyithar Amenity) အပန်းဖြေစခန်းဖွင့်ပွဲကို ရွှေပြည်သာမြို့နယ် အမှတ်(၅)ရပ်ကွက် သီရိမင်္ဂလာပတ်လမ်း (မြို့နယ်)ခန်းမ အနောက်ဘက်ဝင်းအတွင်း၌ ဒီဇင်ဘာ ၂ ရက်က ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်၊ စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးဗိုလ်ဌေး၊ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဧည့်သည်တော်များက ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရ ဓာတ်ပုံရိုက်ကူးကြပြီး ဝင်းအတွင်း ကလေးငယ်များပျော်ရွှင်စွာ ရေကူးနေမှု၊ သရုပ်ပြ ဖူဆယ်ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကာ ကလေးငယ်များ၊ ဖူဆယ်ဘောလုံးအသင်းနှစ်သင်းမှ အားကစားသမားများ၊ ဒိုင်လူကြီးများအား ထောက်ပံ့ငွေများ ပေးအပ်၍ ဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ အပန်းဖြေစခန်းတွင် မော်တော်ယာဉ်ငယ် ၁၀၄ စီး ရပ်နားနိုင်သည့် ကားပါကင်၊ လူကြီးနှင့် ကလေးများအတွက် အပန်းဖြေရေကူးကန်၊ ဖူဆယ်အားကစားရုံနှင့် စားသောက်ဆိုင်ခန်းများ ပါဝင်ပြီး အများပြည်သူများ လာရောက်အပန်းဖြေ အနားယူနိုင်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

## သာယာလှပ ရန်ကုန်တန်ဆောင်တိုင် လပြည့်ည ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် ဒီဇင်ဘာ ၄**

ရန်ကုန်မြို့၏ တန်ဆောင်တိုင်အလှပေါ်လွင်သော နေရာများ၏ တန်ဆောင်တိုင်မီးထွန်းပွဲကျင်းပမှု အလှအပများကို ရိုက်ကူးယှဉ်ပြိုင်ရသည့် သာယာလှပ ရန်ကုန်တန်ဆောင်တိုင် လပြည့်ည ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၃ ရက်က ဗဟန်းမြို့နယ် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲတွင် ရန်ကုန်တန်ဆောင်တိုင်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီ၊ ဓာတ်ပုံပြိုင်ပွဲရွေးချယ်ရေးအဖွဲ့ ဦးဆောင်သူ ဦးစိုးမင်း (ရန်ကင်း-စိုးမင်း)က အမှာစကားပြောကြားပြီး ဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုနှင့် နှစ်သိမ့်ဆုရ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်ရုံးမှ ဦးအောင်မြင့်၊ ဒုတိယဆုရ ဦးသန့်ခင်၊ တတိယဆုနှင့် နှစ်သိမ့်ဆုရ ဦးဇော်မင်းထွေးတို့အား ရန်ကုန်တန်ဆောင်တိုင်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီဝင်များက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**အာကာလင်း**



## မိုင်းခတ်မြို့နယ်၌ ဒီဇင်ဘာလ လူထုအားကစားပြိုင်ပွဲများ ကျင်းပ

**မိုင်းခတ် ဒီဇင်ဘာ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့၌ ဒီဇင်ဘာအားကစားလ လူထုအားကစားလှုပ်ရှားမှု လျှပ်တစ်ပြက်အားကစားပြိုင်ပွဲများကို မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူး၍ ဒီဇင်ဘာ ၃ ရက်က ကျင်းပခဲ့သည်။

အဆိုပါ အားကစား ပြိုင်ပွဲများတွင် အမျိုးသား ပိုက်ကျော်ခြင်းအားကစားနှင့် အမျိုးသမီး ထုပ်ဆီးတိုးအားကစား ပြိုင်ပွဲများ ပါဝင်ပြီး ပြိုင်ပွဲများကို အပတ်စဉ် စနေနေ့တိုင်း လူထုစုပေါင်းလမ်းလျှောက်ပွဲ အပြီးတွင် မြို့နယ်အားကစားရုံ (စွပ်ပလောင်း) နှင့် အခြေခံပညာ အထက်တန်းကျောင်း (မိုင်းခတ်) ဘတ်စကက်ဘောကွင်းတို့၌ ကျင်းပမည်ဖြစ်ကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



## နတ်မောက်မြို့၌ ကလေးသူငယ်အခွင့်အရေးဆိုင်ရာများ ဆွေးနွေး

**နတ်မောက် ဒီဇင်ဘာ ၄**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ အစည်းအဝေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၃ ရက်က ပြုလုပ်သည်။

အစည်းအဝေးတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်စင်က အမှာစကားပြောကြားပြီး မြို့နယ်လူမှုဝန်ထမ်းရုံးမှ ဦးစီးမှူး ဒေါ်သွယ်သွယ်အေးက ကလေးသူငယ်အခွင့်အရေးများနှင့် ပတ်သက်၍ ပြောကြားရာတွင် ကလေးသူငယ်အခွင့်အရေးများ အပြည့်အဝရရှိရန်၊ ကလေးသူငယ်အခွင့်အရေး ပြဋ္ဌာန်းချက်များ၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများ၊ ကလေးသူငယ် အမှုအခင်းကိစ္စရပ်များ လူကုန်ကူးမှုကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဝင်များက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**ဖြိုးဖြိုး**

**လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ**

➤ လူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပန်ကာများကို ဆက်တိုက်ဖွင့်ထားခြင်းက မီတာခ ပိုကျစေပါ၍ အသုံးလိုမှ ဖွင့်ပါ။

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ (အလွတ်တန်း) မြန်မာ့သိုင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်တွင် ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ (အလွတ်တန်း) မြန်မာ့သိုင်းပြိုင်ပွဲ (စတုတ္ထနေ့) ကို ယနေ့ နံနက် ၉ နာရီခွဲက တောင်ဥက္ကလာပမြို့နယ် အမှတ် (၁၀) ရပ်ကွက် ပဒေသာ အားကစားခန်းမ၌ ကျင်းပသည်။



အဆိုပါ မြန်မာ့သိုင်းပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် ဗန်တိုအတိုက်ပြိုင်ပွဲ၊ ဓားသိုင်းအတိုက်ပြိုင်ပွဲ၊ လက်သိုင်း၊ ဓားနှစ်လက်သိုင်း၊ တုတ်ရှည်၊ လုံ့ရှည်ပညာတို့ ပါဝင်သည့် တစ်ကိုယ်တော် ပညာစဉ်ပြပြိုင်ပွဲစသည့် ပြိုင်ပွဲများအနက် ယနေ့စတုတ္ထမြောက်နေ့တွင် ဓားတစ်လက်အတိုက်ပြိုင်ပွဲနှင့် ဗန်တိုအတိုက်ပြိုင်ပွဲများကို ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲကို ဒီဇင်ဘာ ၅ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**စိုးဝဏ္ဏထွန်း(ပြန်/ဆက်)**

## MoU စနစ်ဖြင့် အလုပ်လုပ်ကိုင်ရန် ကော့သောင်းနယ်စပ်ဂိတ်မှတစ်ဆင့် မြန်မာအလုပ်သမားများ ထိုင်းနိုင်ငံသို့ ထွက်ခွာ

**ကော့သောင်း ဒီဇင်ဘာ ၄**

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် မြန်မာအလုပ်သမားများ စေလွှတ်ရေးလုပ်ငန်းစဉ်အရ ယမန်နေ့ မွန်းလွဲပိုင်းက ကော့သောင်းနယ်စပ်ဂိတ်မှတဆင့် မြန်မာအလုပ်သမား ၇၀ ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် အလုပ်လုပ်ကိုင်ရန် ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါ မြန်မာအလုပ်သမားများအား ပြည်ပအလုပ်အကိုင် အကျိုးဆောင် (ထိုင်း) လိုင်စင်ရ အေဂျင်စီတစ်ခုဖြစ်သည့် Htoo Thit Zae Co,Ltd မှ ထိုင်းနိုင်ငံရှိ Husker (Thailand)Co,Ltd သို့ အမျိုးသားအလုပ်သမား ၅၅ ဦးနှင့် အမျိုးသမီးအလုပ်သမား ၁၅ ဦး စုစုပေါင်းအလုပ်သမား ၇၀ ကို နှစ်နှစ်စာချုပ်ဖြင့် အလုပ်လုပ်ကိုင်နိုင်ရန် တာဝန်ယူဆောင်ရွက်ပေးခြင်းဖြစ်ကာ ရန်ကုန်မြို့မှတစ်ဆင့် ကော့သောင်းမြို့သို့ လေကြောင်းခရီးစဉ်ဖြင့် ခေါ်ယူခဲ့ပြီး ကော့သောင်း အပြည်ပြည်ဆိုင်ရာ နယ်စပ်ဂိတ်မှတစ်ဆင့် ရေလမ်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ပို့ဆောင်ပေးမည်ဖြစ်ရာ သွားရောက်အလုပ်လုပ်ကိုင်မည့် မြန်မာအလုပ်သမားများအား ကော့သောင်းခရိုင် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ကော့သောင်းခရိုင်ရုံး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့နှင့် တာဝန်ရှိအဖွဲ့အစည်းများက လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပေးခဲ့ကြပြီး အလုပ်အကိုင်ကုမ္ပဏီ တာဝန်ရှိသူများက ထိုင်းနိုင်ငံရှိ အလုပ်လုပ်ကိုင်မည့်ကုမ္ပဏီသို့ စနစ်တကျ ပို့ဆောင်ပေးခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး**
**(ကော့သောင်း)**



## အုတ်တွင်းမြို့နယ် ငှက်ပျောတောစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းက စုဆောင်းငွေပေါ်အတိုးနှင့် အစုပေါ်အမြတ်များ ထုတ်ပေး

**အုတ်တွင်း ဒီဇင်ဘာ ၄**

သမဝါယမကဏ္ဍက အသင်းသားပြည်သူများ လူမှုစီးပွားဘဝမြင့်မားတိုးတက်စေရန် ချေးငွေများ ထုတ်ချေးပေးခြင်းနှင့် သွင်းအားစုများပံ့ပိုးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး အသင်းသားပြည်သူများကလည်း ချေးငွေများ အတိုးအရင်းကို သတ်မှတ်ရက်အတွင်း ပြန်လည်ပေးဆပ်ခြင်းများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်ရှိ Exim Bank ချေးငွေ အကြေပေးဆပ်သည့် ငှက်ပျောတောစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းက အသင်းအမှုဆောင်များနှင့် အသင်းသားပြည်သူများအား စုဆောင်းငွေပေါ် အတိုး၊ အစုပေါ်အမြတ်၊ အမှုဆောင်ဆုနှင့် ခရီးစရိတ် စုစုပေါင်း ငွေကျပ် သိန်း ၂၀ ကျော်အား အသင်းသားများလက်ဝယ်အရောက် ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် ဒီဇင်ဘာ ၄**

မကွေးတိုင်းဒေသကြီး မကွေးမြို့ ရာဇမုနိတောင်ပေါ်ဘုန်းတော်ကြီးသင်ပညာရေး (မူလွန်) ကျောင်းတိုက်ပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တကေလာသ (မဟာသဒ္ဓမ္မဇောတိကဓဇ) မဟာထေရ်မြတ်ကြီးသည် သက်တော်(၉၇)နှစ် သိက္ခာတော်(၇၇)ဝါအရ ၁၃၈၄ ခုနှစ် နတ်တော်လဆန်း(၈) ရက် နိုဝင်ဘာ ၃၀ ရက် ဗုဒ္ဓဟူးနေ့ ည ၈ နာရီခွဲတွင်ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် အန္တိမအဂ္ဂိစျာပနအခမ်းအနားကို ၁၃၈၄ ခုနှစ် နတ်တော်လဆန်း (၁၄) ရက် (၆-၁၂-၂၀၂၂) အင်္ဂါနေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းသာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

### နိုင်ငံတော်ဩဝါဒါစရိယ
### မကွေးတိုင်းဒေသကြီး မကွေးမြို့ ရာဇမုနိတောင်ပေါ်ဘုန်းတော်ကြီးသင် ပညာရေး(မူလွန်)ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကေလာသ (မဟာသဒ္ဓမ္မဇောတိကဓဇ)၏ ထေရုပ္ပတ္တိအကျဉ်း

**ဖွားမြင်တော်မူခြင်း**



ဆရာတော် လောင်းလျာသည် မကွေးတိုင်းဒေသကြီး စမ်းမကြီးအုပ်စု စမ်းမကြီးကျေးရွာတွင် ခမည်းတော် ဦးတင်+မယ်တော် ဒေါ်အေးမယ်တို့မှ ၁၂၈၈ ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် ၃ ရက်၊ တနင်္လာနေ့တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော် လောင်းလျာသည် ၁၃၀၈ ခုနှစ် ပြာသိုလပြည့်ကျော် ၃ ရက်နေ့တွင် ဒဟပ်ကုန်းကျေးရွာ ရွာဦးကျောင်း ခဏ္ဍသိမ်၌ ဒဟပ်ကုန်းကျေးရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် တောင်တွင်းကြီးမြို့ နွယ်တော်စာသင်တိုက်ဆရာတော်၊ မကွေးမြို့ မဟာဝိသုတာရာမတိုက်ဆရာတော်၊ ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကြီးတိုက်ဆရာတော်၊ မုဒုံမြို့ ဂျုံးဂျုံးကျ တောရစာသင်တိုက်ဆရာတော်၊ ပြည်မြို့ ဇောတိကာရုံစာသင်တိုက် ဆရာတော် စသည့်ဆရာတော်များထံမှ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပြီး “သာသနဓဇဓမ္မာစရိယ” ဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

**သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် မြသလွန်စေတီ ဂေါပကအဖွဲ့၏ ဩဝါဒါစရိယအဖြစ်လည်းကောင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် ရပ်ကွက်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော်အဖြစ်လည်းကောင်း၊ မြို့နယ်သံဃနာယကအဖွဲ့၊ ဒုတိယဥက္ကဋ္ဌဆရာတော်အဖြစ်လည်းကောင်း ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်အဖြစ် သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော်အလှူခံ ရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနစုရာဝဟဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ သာသနဟိတစရဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ လဇ္ဇီပေသလ သိက္ခာ ကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော် အစိုးရက ဆရာတော်ကြီးအား ၁၃၆၆ ခုနှစ်တွင် “မဟာသဒ္ဓမ္မဇောတိကဓဇ” ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၉၇) နှစ်၊ သိက္ခာတော်(၇၇)ဝါအရ ၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း(၈) ရက်၊ (၃၀-၁၁-၂၀၂၂)၊ ဗုဒ္ဓဟူးနေ့၊ ည ၈ နာရီခွဲတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် အန္တိမအဂ္ဂိစျာပနအခမ်းအနားကို ၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း (၁၄) ရက်၊ (၆-၁၂-၂၀၂၂)၊ အင်္ဂါနေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိပါသည်။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၄

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

### အသိပေးသတင်းထုတ်ပြန်ခဲ့

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

### အမှုဖွင့်လှစ်အရေးယူခြင်း

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော် ပြည်ထောင်စုနယ်မြေ ပုဗ္ဗသီရိမြို့နယ် သုခဒီပရပ်ကွက်နေ မိုးဝင်းအောင်သည် ၎င်းအသုံးပြုသည့် “Moe Win Aung” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

### လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား အရေးယူမည်

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

❑ *ကျော်ဖုံးမှ*

ထိုသို့ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် အလယ်တောကျေးရွာအတွင်း၌ KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ဝင်ရောက်နေထိုင်၍ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း အကြမ်းဖက်မှုကို မလိုလားသည့် ကျေးရွာသားအချို့က လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်ဆက်သွယ် အကြောင်းကြား သတင်းပို့လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၂၈ ရက် ၉ နာရီ မိနစ် ၄၀ ခန့်တွင် အဆိုပါ ကျေးရွာများသို့ သွားရောက်၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်အဖွဲ့များသည် ကျေးရွာ၏ အနောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ၎င်းတို့ဆုတ်ခွာသွားစဉ် ကျေးရွာအတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သဖြင့် လူနေအိမ် ၂၅၀ မီးလောင်ဆုံးရှုံးခဲ့သည်။

### အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်

အလားတူ ထီးချိုင့်မြို့နယ် အင်းတိန်ကျေးရွာသို့ နိုဝင်ဘာ ၃၀ ရက် နံနက် ၉ နာရီ မိနစ် ၂၀ ခန့်တွင် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်အဖွဲ့များသည် ကျေးရွာ၏ အနောက်တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ၎င်းတို့ဆုတ်ခွာသွားစဉ် အင်းတိန်ကျေးရွာနှင့် လမ်းတစ်လျှောက်ရှိ လေသာကုန်းကျေးရွာရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သဖြင့် လူနေအိမ် ၁၀၈ လုံး မီးလောင်ဆုံးရှုံးခဲ့သည်။

### KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီး

KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုများကြောင့် ၂၀၂၂ ခုနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အိမ်ခြေ ၅၁၃ လုံး၊ မကွေးတိုင်းဒေသကြီးအတွင်း အိမ်ခြေ ၂၈ လုံး၊ ချင်းပြည်နယ်အတွင်း အိမ်ခြေ ၂၂၀ နှင့် ကချင်ပြည်နယ်အတွင်း အိမ်ခြေ ၃၀ ရှိပြီဖြစ်ကြောင်း သိရှိရသည်။

### နယ်မြေတည်ငြိမ်အေးချမ်းရေး လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

အဆိုပါ KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရသည့် မီးဘေးသင့် ပြည်သူများသည် ကျေးရွာဘုန်းတော်ကြီးကျောင်းနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဆွေမျိုးများ၏ နေအိမ်များ၌ နေထိုင်လျက်ရှိကြပြီး ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် ဒီဇင်ဘာ ၄

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက် ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၂၁၆၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ကျောင်းသား ကျောင်းသူ ၃၀၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

အိမ်ပြင်ပ၌ထွန်းသော မီးများကို
နေ့အလင်းရောင်ရှိချိန်တွင်
ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

## ဝင်းသိင်္ဂီထွန်း၊ ခင်မာလာထွန်းအပါအဝင် မြန်မာအမျိုးသမီး ဘောလုံးသမားများ ပြည်ပကလပ်များတွင် သွားရောက်ကစားရန် စီစဉ်

ရန်ကုန် ဒီဇင်ဘာ ၄




ထိုင်းကလပ် College of Asian Scholars အသင်းနှင့် လိဂ်ချန်ပီယံ ဆုရခဲ့သည့် ခင်မာလာထွန်း။

နာမည်ကြီး မြန်မာအမျိုးသမီး ဘောလုံးသမားများ ဖြစ်သည့် ခင်မာလာထွန်း၊ ဝင်းသိင်္ဂီထွန်း အပါအဝင် မြန်မာအမျိုးသမီး ဘောလုံးသမားများသည် ယခုနှစ် ကုန်ပိုင်းတွင် ပြည်ပကလပ်အသင်းများတွင် သွားရောက်ကစားရန် ကြိုးပမ်းလျက်ရှိသည်။

ဝင်းသိင်္ဂီထွန်းသည် မြန်မာအမျိုးသမီး ဘောလုံးသမားများတွင် ပထမဆုံး ပြည်ပထွက်ကစားသူအဖြစ် မှတ်တမ်းဝင်ထားပြီး ၂၀၂၁ ခုနှစ်တွင် အိန္ဒိယကလပ် ဂိုကူလမ်အသင်း၊ ၂၀၂၂ ခုနှစ်တွင် အိန္ဒိယကလပ် Lords FA အသင်းတွင် ကစားခဲ့ပြီး ယခင်အသင်းဟောင်းအပါအဝင် အိန္ဒိယကလပ်အသင်းအချို့က ကမ်းလှမ်းမှုများ ပြုလုပ်ထားသည်။ ဝင်းသိင်္ဂီထွန်းသည် ၎င်း၏အနာဂတ်ကို မကြာမီ ဆုံးဖြတ်မည်ဖြစ်ပြီး ယခုလအတွင်း အိန္ဒိယနိုင်ငံသို့ သွားရောက်ရန် စီစဉ်ထားသည်။ ဝင်းသိင်္ဂီထွန်းသည် ၎င်းအပြင် အခြားမြန်မာအမျိုးသမီးဘောလုံးသမား အချို့ကိုလည်း အိန္ဒိယကလပ်များတွင် ကစားနိုင်ရန် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းခေါင်းဆောင် ခင်မာလာထွန်းကိုလည်း ၎င်း၏အသင်းဟောင်းဖြစ်သည့် ထိုင်းကလပ် College of Asian Scholars အသင်းက ပြန်လည် ကမ်းလှမ်းထားပြီး မကြာမီ ဆုံးဖြတ်မည်ဖြစ်သည်။ ခင်မာလာထွန်းနှင့် ဝင်းသိင်္ဂီထွန်းတို့သည် သွားရောက်ကစားသည့် ကလပ်အသင်းများ၌ အောင်မြင်မှုများ ရယူနိုင်ခဲ့သည်။

ယခင်က မြန်မာအမျိုးသမီး ဘောလုံးသမားများ အနေဖြင့် ပြည်တွင်း၊ ပြည်ပပြိုင်ပွဲ နည်းပါးနေသော်လည်း လက်ရှိအချိန်တွင် အမျိုးသား ဘောလုံးသမားများကဲ့သို့ အခွင့်အရေးများ ရရှိလာပြီး အရေအတွက်များစွာ ပြည်ပထွက်ကစားနိုင်ရန်သာ လိုအပ်တော့သည်။ မြန်မာအမျိုးသမီး ဘောလုံးအသင်းများသည် အာဆီယံတွင် ထိပ်တန်းအဆင့် ရှိသောကြောင့် အရည်အသွေးရှိသည့် ကစားသမားကောင်းများစွာ ထွက်ပေါ်လာပါက မြန်မာအမျိုးသမီး ဘောလုံးလောကတိုးတက်ရေးကို အထောက်အကူပြုနိုင်မည် ဖြစ်သည်။ မြန်မာအမျိုးသမီး ဘောလုံးသမားများသည် ၂၀၂၁ ခုနှစ်တွင် ပြည်ပထွက်ကစားသည့် အခွင့်အရေး စတင်ရရှိလာပြီး လက်ရှိအချိန်အထိ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းနှင့် အသင်းခေါင်းဆောင် ခင်မာလာထွန်းတို့ ပြည်ပထွက်ကစားနိုင်ခဲ့သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MWL**

# ဗုဒ္ဓမြတ်စွယ်တော် သီပေါမြို့ပေါ်နှင့် ကျေးရွာများသို့ ကြွချီအပူဇော်ခံ

**သီပေါ ဒီဇင်ဘာ ၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် အောင်မင်္ဂလာ ဘိုးတော်ကျောင်း ပရိဝုဏ်အတွင်းရှိ ဗုဒ္ဓစွယ်တော်တိုက်တွင် ကိန်းဝပ်စံပယ်လျက်ရှိသော ရှေးနှစ်ပေါင်း ၁၃၀ ကျော်က သီပေါစော်ဘွားကြီး စောကြာခိုင် သီဟိုဠ်နိုင်ငံမှ ပင့်ဆောင်ခဲ့သည့် (၁၉) ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော် ပူဇော်ပွဲနှင့် ဒေသစာရီခရီးစဉ် လှည့်လည်ပူဇော်ခံရေး ပင့်ဆောင်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အောင်မင်္ဂလာ ဘိုးတော်ကျောင်းတိုက်ရှိ စွယ်တော်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အောင်မင်္ဂလာ ဘိုးတော်ကျောင်းတိုက် ပဓာနနာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမိလိန္ဒအရှင်သူမြတ်ထံမှ ဩဝါဒကထာနှင့် ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးထွန်း၊ မြတ်စွယ်တော်ပင့်ဆောင်ရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းစံတင့်နှင့် မြို့မိ မြို့ဖများ၊ မြို့နယ်ဥပတ္ထမ္ဘက ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် အဖွဲ့ဝင်များ ဂေါပကအဖွဲ့ဝင်များက ဒေသစာရီ လှည့်လည်ရေး မော်တော်ယာဉ်ပေါ်ရှိ မင်္ဂလာဆင်ဖြူတော်ပေါ်သို့ ပင့်ဆောင်ရန် ပင့်ဆောင်ရေး အတွင်းရေးမှူး ဦးမြသန်းနှင့် အဖွဲ့ထံ လွှဲပြောင်းပေးအပ်သည်။



ထို့နောက်သီပေါမြို့ အောင်မင်္ဂလာဘိုးတော် ကျောင်းတိုက် ဗုဒ္ဓမြတ်စွယ်တော်တိုက်မှ မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းမကြီး အတိုင်း ဒေသစာရီကြွချီပြီး မြို့ပေါ် ၁၁ ရပ်ကွက်နှင့် ကျေးရွာများသို့ လှည့်လည် အပူဇော်ခံကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# လယ်တီ မဟာသရဏဂုံတော်ကြီး (၂၉) ကြိမ်မြောက် ရွတ်ဖတ်ပူဇော်

**မုံရွာ ဒီဇင်ဘာ ၄**

မုံရွာမြို့ မဟာလယ်တီတိုက် ပဌမလယ်တီဆရာတော်ကြီး၏ (၁၁၂) ကြိမ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် နတ်တော်လဆန်း (၁၁ မှ ၁၃ အထိရက်) ဒီဇင်ဘာလ ၃ ရက်မှ ၅ ရက်အထိ (၂၉)ကြိမ်မြောက် လယ်တီမဟာသရဏဂုံတော်ကြီးကို ရွတ်ဖတ်လျက်ရှိကြောင်း သိရသည်။

"လယ်တီ ဆရာတော်ကြီးကိုယ်တိုင် အလုံနားက မဟာသရဏဂုံကုန်းတော်ကြီးမှာ မဟာသရဏဂုံတော်ကြီးကို အကြိမ်ရေများစွာ ရွတ်ဖတ်ခဲ့ပါတယ်။ အဲဒီကစပြီး ဆရာတော်ကြီးကို ပူဇော်သောအားဖြင့် သရဏဂုံတည်တဲ့ ပုဂ္ဂိုလ်တို့ဟာ အပါယ်တံခါးပိတ်တဲ့အတွက်နောင်လာနောက်သားလူအများတွေ အပါယ်တံခါးပိတ်ပြီး လူ့ပြည်နတ်ပြည်နဲ့ တကွ နိဗ္ဗာန်ရရှိပါစေသောအကျိုးငှာ မြတ်စွာဘုရားသာသနာအတွင်း ဗုဒ္ဓဘာသာအစဖြစ်တဲ့ သရဏဂုံတော်ကြီးကို နှလုံးသားမှာ တည်တံ့စေဖို့၊ သရဏဂုံကနေ သီလနဲ့သမာဓိကိုတက်ပြီး ဝိပဿနာတရားကို ပေါက်မြောက်အောင်အားထုတ်ပြီး နိဗ္ဗာန်ကို ပေါက်မြောက်အောင် လယ်တီဆရာတော်ကြီးက မေတ္တာကရုဏာအားကြီးစွာနဲ့ တီထွင်စီမံပြီးသနားချစ်ခင်မေတ္တာကြီးစွာနဲ့ ချီးမြှောက်ထားတာ ဖြစ်ပါတယ်။ အခုလည်း မဟာသရဏဂုံပွဲတော်ကြီးကို ဒကာ၊ ဒကာမတွေက အခြေအနေအရ မရွတ်ဖတ်နိုင်တဲ့အတွက် ရဟန်းသံဃာတွေ ကိုယ်တိုင် နှစ်စဉ်ဝတ်မပျက်ရွတ်နေတာ ဖြစ်ပါတယ်" ဟု မဟာလယ်တီကျောင်းတိုက်ဒုသမဆရာတော် အဂ္ဂမဟာ ပဏ္ဍိတဘဒ္ဒန္တကုလန္ဒဝံသက မိန့်ကြားသည်။

လယ်တီ မဟာသရဏဂုံတော်ကြီးကို ဒီဇင်ဘာ ၃ ရက် နံနက် ၇ နာရီမှစတင်၍ သံဃာတော် အဖွဲ့ငါးဖွဲ့က တစ်ဖွဲ့လျှင် တစ်နာရီကြာစီ အလှည့်ကျရွတ်ဖတ်လျက်ရှိရာ ဒီဇင်ဘာ ၅ ရက် ည ၇ နာရီတွင် ပြီးဆုံးမည်ဖြစ်ကြောင်း သိရသည်။

နတ်တော်လဆန်း ၁၃ ရက်နေ့တွင် ကျရောက်သော ပဌမလယ်တီဆရာတော်ကြီး မွေးနေ့အထိမ်းအမှတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်မှစတင်၍ ကိုဗစ်နှင့် နိုင်ငံရေးအခြေအနေကြောင့် မကျင်းပနိုင်ခဲ့ရာ ယခုနှစ်တွင်လည်း ကျင်းပမည်မဟုတ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# သထုံမြို့ သုဝဏ္ဏဘူမိပရိယတ္တိသာသနဟိတအသင်းကြီး ရာပြည့်ပူဇော်ပွဲကျင်းပ

**သထုံ ဒီဇင်ဘာ ၄**

မွန်ပြည်နယ် သထုံမြို့၌ ပိဋကတ္တရပါဂူဘွဲ့ စာမေးပွဲများကို နှစ်စဉ်ဦးဆောင်ကျင်းပပေးမြဲဖြစ်သည့် သုဝဏ္ဏဘူမိပရိယတ္တိသာသနဟိတအသင်းကြီး တည်ထောင်ခဲ့သည့် နှစ်ပေါင်းတစ်ရာပြည့် ပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြသပိတ်တောင်ခြေ သဒ္ဓမ္မဇောတိကာရာမကျောင်းတိုက်အတွင်းရှိ ပရိယတ္တိသာသနဟိတအသင်းကြီး ဘွဲ့နှင်းဓမ္မာရုံ၌ ကျင်းပသည်။

ပူဇော်ပွဲအခမ်းအနားတွင် ရှေးဦးစွာ ကြွရောက်တော်မူလာကြသည့် ဆရာတော်များနှင့် ဧည့်ပရိသတ်အပေါင်းတို့က နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ပေးခဲ့ပြီး သထုံမြို့ ဓမ္မမေဒနီပရိယတ္တိ စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ပိဋကတ္တယပါရဂူ၊ သာသနဓဇ သိရိပဝရဓမ္မာစရိယ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဉာဏောသူရိယာဘိဝံသနှင့် ဟသ်ာတမြို့ မိုးကောင်းကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ပိဋကတ္တရပါရဂူ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ သုဓမ္မာစာရာဘိဝံသ ထံမှ ဧည့်ပရိသတ်အပေါင်းတို့က ဩဝါဒခံယူကြသည်။

ဆက်လက်၍ သုဝဏ္ဏဘူမိပရိယတ္တိ သာသနဟိတအသင်း ဥက္ကဋ္ဌ ဦးတင်မြင့်က ရာပြည့်ပူဇော်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှိုင်ထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းနှင့် ဌာနဆိုင်ရာများ၊ သုဝဏ္ဏဘူမိပရိယတ္တိ သာသနဟိတအသင်းမှ တာဝန်ရှိသူများက ဆရာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ယင်းနောက် သုဝဏ္ဏဘူမိပရိယတ္တိ သာသနဟိတအသင်း ရာပြည့်ပူဇော်ပွဲအထိမ်းအမှတ်အဖြစ် တိပိဋကာလင်္ကာရ ပရိယတ္တိဆေက ဓမ္မာဓိပတိ ဘွဲ့တံဆိပ်တော်နှင့် အလံတော်တို့ကို သထုံမြို့ ဓမ္မမေဒနီပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော်နှင့် ဟသ်ာတမြို့ မိုးကောင်းကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော်တို့ကိုလည်းကောင်း၊ ပဥ္စနိကာယဏ္ဏဝ ပိဋကတ္တရပါရဂူ ဘွဲ့တံဆိပ်တော်နှင့် အလံတော်တို့ကို အနယ်နယ်အရပ်ရပ်မှ ဆရာတော် ၁၉ ပါး၊ သီလရှင်ဆရာကြီး တစ်ပါးနှင့် လူပုဂ္ဂိုလ် နှစ်ဦးတို့ကိုလည်းကောင်း အသင်းကြီး၏ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ဆက်ကပ်ပေးခဲ့ကြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့က ဟသ်ာတမြို့ မိုးကောင်းကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော်ထံမှ ရေစက်ချအနုမောဒနာ တရားများနာယူကြကာ ကြွရောက်တော်မူလာကြသည့် သံဃာတော်အပေါင်းတို့အား လှူဖွယ်ပစ္စည်းများ လောင်းလှူပူဇော်ခဲ့ကြသည်။

သုဝဏ္ဏဘူမိပရိယတ္တိသာသနဟိတအသင်းကြီးကို ၁၉၂၂ ခုနှစ်မှ စတင်တည်ထောင်ခဲ့ပြီး ပိဋကတ်သုံးပုံ အစုံစုံကိုဖြေဆိုရသည့် သုဝဏ္ဏဘူမိပရိယတ္တိစာမေးပွဲကြီးကို စတင်တည်ထောင်သည့်နှစ်မှစ၍ ကျင်းပလာခဲ့ရာ ကြားကာလ၌ အကြောင်းကြောင်းတို့ကြောင့် ၅ ကြိမ်ခန့် ကျင်းပနိုင်ခြင်းမရှိခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် နှစ် ၁၀၀ ပြည့်မြောက်သည်အထိ စာမေးပွဲစုစုပေါင်း ၉၅ ကြိမ် ကျင်းပနိုင်ခဲ့ပြီး ပိဋကတ္တရပါရဂူဘွဲ့ရ သံဃာတော် ၇၉ ပါး၊ သီလရှင် ၄ ပါးတို့ ပေါ်ထွန်းခဲ့ကာ အဆင့်အတန်းအသီးသီးအလိုက် အောင်မြင်ကြသည့် ပုဂ္ဂိုလ်အမြောက်အမြားလည်း ပေါ်ထွန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**နဒီ(ပြန်/ဆက်)**



# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၄**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်း များသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ မြို့မကျောင်းတိုက်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ဓမ္မရက္ခိတ ပရိယတ္တိ စာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ရှိ တိပိဋကမဟာဂန္ဓဝင် နိကာယ်ပရိယတ္တိစာသင်တိုက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ ဂုဏ်ရည်လွင်ပရိယတ္တိ စာသင်တိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ ကောင်းဆုဝေ ကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်ရှိ လိုတရဟသ်ာတကျောင်းတိုက် နှင့် သာကေတမြို့နယ်ရှိ ဓမ္မသုခဝိပဿနာကျောင်းတိုက် တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ အောင်မြေတံခွန် ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ မဟာဒီပဲယင်းကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်ရှိ စလင်းကျောင်းတိုက်နှင့် ဒလမြို့နယ်ရှိ အောင်တော်မူကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ကုန်းသာမြို့မကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ ဇမ္ဗူအေးစေတီတပ်ဦးကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် စားသောက်ကုန်၊ လျှပ်စစ်ပစ္စည်းများ၊ စက်မှုကုန်ကြမ်းပစ္စည်းများနှင့် မော်တော်ယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၄**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ တာဝန်ကျ စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ (ID)နှင့် ကိုက်ညီမှုမရှိသော အိမ်သုံးလျှပ်စစ်ပစ္စည်းများနှင့် လုပ်ငန်းသုံး ကိရိယာများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၂၀၅၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်**

အလားတူ ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်း စစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းစစ်ဆေးရေး အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသည့် ပိတ်လိပ် ၁၀ လိပ် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မန္တလေး-ပြင်ဦးလွင် ကားလမ်း မိုင်တိုင်အမှတ် (၂၁)မိုင်(၃)ဖာလုံ အနီး၌ လမ်းဘေးတွင် စုပုံထားသော အကောက်ခွန်မဲ့ SINGHA BEER ဖာ ၃၄၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၃၂၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**သိမ်းဆည်းရမိ**

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မုံရွာမြို့ ကျွဲရဲပူးပေါင်း စစ်ဆေးရေးဂိတ်၌ တာဝန်ကျ ပူးပေါင်း စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လိုင်စင်မဲ့ TOYOTA MARK II အမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)ကိုသိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်၊ သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၃ ရက်တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ငါးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၆၅၈၇၀၀၀၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**



မြန်မာစက်မှုဆိပ်ကမ်းကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိပစ္စည်းများ

# တာမွေနှင့် နောင်ချိုမြို့နယ်တို့၌ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၄**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂ ရက် ည ၈ နာရီတွင် တာမွေမြို့နယ် ကျောက်မြောင်း(အရှေ့) ရပ်ကွက် အောင်မင်္ဂလာပတ်လမ်းရှိ ထွန်းနိုင်ဦး(ခ)ကော်ကော်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ Ecstasy ဆေးပြား ၄၅၈ ပြားနှင့် ကတ်တမင်း ၁ ဒသမ ၁၅ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ဒီဇင်ဘာ ၃ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် နောင်ချိုမြို့ ပါဟတ်ရပ်ကွက်တွင် တိုးတက်အောင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်ထိုင်ခုံအောက်ရှိ ဘေးကာဘာအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၈၀၀ သိမ်းဆည်းရမိခဲ့ကြောင်း၊ အလားတူ ဒီဇင်ဘာ ၃ ရက် မွန်းလွဲ ၃ နာရီခွဲတွင် နောင်ချိုမြို့ ပါဟတ်ရပ်ကွက်တွင် ထွန်းထွန်းဦး မောင်းနှင်ပြီး နေရှိုင်းသူ(ခ)ကိုရှိုင်း လိုက်ပါလာသည့် FUSO အမျိုးအစား ၁၂ ဘီးမော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ Ammonium Nitrate ကီလို ၂၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၄ နာရီခွဲတွင် Ammonium Nitrate များ တင်ဆောင်ခိုင်းသူ မရှမ်းမ(ခ)ဌေးရီအား နောင်ချိုမြို့နယ် လုံရုံကျေးရွာအုပ်စု လယ်ကြီးတောကျေးရွာရှိ ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**


တိုးတက်အောင်၊ မရှမ်းမ(ခ)ဌေးရီ၊ နေရှိုင်းသူ(ခ)ကိုရှိုင်း နှင့် ထွန်းထွန်းဦး တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများ၊ Ammonium Nitrate များနှင့်အတူ တွေ့ရစဉ်။

# လမ်းမတော်မြို့နယ် အ.ထ.က(၂)၌ လူငယ်စကားဝိုင်း ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်၌ လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ဒီဇင်ဘာ ၂ ရက် မွန်းလွဲ ၂ နာရီက အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးဆန်းဝင်းက လူငယ်စကားဝိုင်းကို ကျင်းပရခြင်းအကြောင်း ပြောကြားပြီး အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း တာဝန်ခံပညာရေးမှူး ဆရာမကြီးဒေါ်နီလာမော်က ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကျင်းပရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာမိုး၊ တွဲဖက်ဦးဆောင်ဆွေးနွေးသူအဖြစ် အ-ထ-က(၂) ကျောင်းမှ ဆရာမ ဒေါ်ဝင်းဝင်းနွယ်တို့က ဦးဆောင်ဆွေးနွေးကာ ကျောင်းသား ကျောင်းသူ ခြောက်ဦးတို့က လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်နည်းပညာအစရှိသည့် ခေါင်းစဉ်ပါအကြောင်းအရာများကို ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက မိမိတို့သိရှိလိုသည်များ မေးမြန်းဆွေးနွေးရာ သက်ဆိုင်ရာခေါင်းစဉ်အလိုက် ပြန်လည်ဆွေးနွေးကြကြောင်း သိရသည်။

**ကျော်ဆန်းမြင့်(ပြန်/ဆက်)**

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“တရားမဝင်ကုန်သွယ်မှုသတင်းများ”**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၃ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၄၀၄၃၃၉၉၆၉ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၆ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeinfo@gmail.com |

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“ကုန်သွယ်မှုဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ”**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၁ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၆၉၉၆၁၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeoffice@gmail.com |




## မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

၁။ ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့တွင် ရောက်ရှိမည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "တူယှဉ်နွဲပျော် ဂီတပွဲတော် Season-2" တေးသီချင်း သီဆိုမှုပြိုင်ပွဲနှင့် ဖျော်ဖြေပွဲကို ပြည်သူများ လွတ်လပ်ရေး၏ အနှစ်သာရကို တန်ဖိုးထားလေးစားစိတ်၊ မိမိတို့၏ အချုပ်အခြာအာဏာကို ကိုယ်တိုင်ထိန်းသိမ်းရမည်ဆိုသော ထက်သန်သည့်စိတ်တို့ ဖြစ်ပေါ်လာစေရန်၊ မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာစေရန်၊ ပြည်သူများ၏ စိတ်အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက (၂-၉-၂၀၂၂)ရက်နေ့မှစ၍ အပတ်စဉ် သောကြာနေ့ညတိုင်း တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်ပြသလျက်ရှိရာ ယင်းဖျော်ဖြေပွဲများကို(၃၀-၁၂-၂၀၂၂) ရက်နေ့အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ဒုတိယအဆင့် Level-2 ပွဲစဉ် (၁၁ ၊ ၁၂)တွင် ပြိုင်ပွဲဝင်(၁၀)ဦးတို့မှ ပြဋ္ဌာန်းတစ်ပတ် စိတ်ကြိုက်တစ်ပတ် သီဆိုယှဉ်ပြိုင်ခဲ့ကြပြီး ပွဲစဉ်(၁၃) Result Show တွင် ပရိသတ် Voting (၇၀ %) နှင့် ဒိုင်အကဲဖြတ် အမှတ် (၃၀%) ရမှတ်များဖြင့် ထွက်ပေါ်လာသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်(၇)ဦးဖြင့် ပြုလုပ်မည့် ပွဲစဉ်(၁၅) တွင် ပြိုင်ပွဲဝင်များရွေးချယ်ထားသည့် အောက်ပါစိတ်ကြိုက်တေးသီချင်း(၇)ပုဒ်ကို အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေး အကြောင်းကြားပါသည်-

| စဉ် | သီချင်းအမည် | တိုင်း/ပြည်နယ် | ပွဲစဉ် |
|---|---|---|---|
| ၁ | ချစ်သူ့နယ်မြေ | ချင်းပြည်နယ် | (၉-၁၂-၂၀၂၂)ရက်နေ့ Level-2 ပွဲစဉ်(၁၅) |
| ၂ | ကယ်တင်ခြင်း | ရန်ကုန်တိုင်းဒေသကြီး | |
| ၃ | မပြီးသည့်မိုး | ပဲခူးတိုင်းဒေသကြီး | |
| ၄ | အလွမ်းနွေကို စမ်းရေထဲမှာ မျှောလိုက်မည် | ကရင်ပြည်နယ် | |
| ၅ | ဆေး | ကချင်ပြည်နယ် | |
| ၆ | ချစ်အားငယ်ရသူမယ် | နေပြည်တော် | |
| ၇ | တက္ကသိုလ်ကျောင်းသူတစ်ဦး | ရောဝတီတိုင်းဒေသကြီး | |

## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါ တို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက် ကယ်ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**မြန်မာ့သစ်လုပ်ငန်း**
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

မြန်မာ့သစ်လုပ်ငန်းမှ အောက်ဖော်ပြပါ စက်သုံးဆီများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ(Open Tender)ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | High Speed Diesel | (၁၉၄,၁၁၀) ဂါလန် |
| ၂။ | Premium Diesel | (၁၁,၂၀၀) ဂါလန် |

တင်ဒါရောင်းချမည့်ရက် - ၆.၁၂.၂၀၂၂/ နံနက် ၁၀:၀၀ နာရီ
တင်ဒါပိတ်မည့်ရက် - ၂၀.၁၂.၂၀၂၂/ နေ့လည် ၁၅:၀၀ နာရီ
တင်ဒါရောင်းချမည့်နေရာ - အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အမှတ်၇၄/၇၆၊ ရွှေတိဂုံဘုရားလမ်း ၊ ရန်ကုန်မြို့၊**
**ဖုန်း ၀၁-၈၂၅၄၁၉၁၊ ၀၉၅၁၄၄၉၈၀**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၈) ရပ်ကွက်၊ နရပတိစည်သူလမ်း၊ ကျန်စစ်မင်းအိမ်ရာအပိုင်း(၁)ရှိ တိုက်အမှတ် (၇၂/၃၀၁)၊ အကျယ်အဝန်း (၆၅၀)စတုရန်းပေရှိ (၄)ခန်းတွဲ (၅)ထပ်တိုက်၏ တတိယထပ်၊ စတုတ္ထလွှာ(ညာဘက်အစွန်)တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိတရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးပိုင်ဇင်ဘို ၁၂/လသယ(နိုင်) ဝ၆၁၂၃၆ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်သူဇာခိုင် ၁၄/ဒဒရ(နိုင်) ၁၄၇၄၀၆က နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ဖြင့် တရားဝင်အပြီးအပိုင် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်နိုင်ဝင်း(LL.B) အထက်တန်းရှေ့နေ(စဉ်-၃၇၁၄၀)**
**အမှတ်(၇၀၅)၊ မာန်ပြေ(၁)လမ်း အရှေ့၊ ၂/တောင်ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၂၅၃၈၉၇၁၇၅**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ မေတ္တာလမ်း၊အိမ်အမှတ်(၈၈၁)၊တိုက်အလွှာ(၇)၊ကန်ထရိုက်ရရှိထားသော တိုက် မျက်နှာမူလျှင် ဘယ်ဘက်အခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ဆိုင်၍ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ကန်ထရိုက်တာ ဦးမင်းတင်မျိုးလတ် ၁၂/တမန(နိုင်)၀၇၄၈၆၇ ထံမှ ကျွန်မ ဒေါ်မီမီဇာခြည်ဝင့် ၁၂/မဂဒ(နိုင်) ၁၂၂၀၉၃ က ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကျွန်ုပ်ထံစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မီမီဇာခြည်ဝင့်**
**ဖုန်း-၀၉-၄၃၀၄၉၉၉၇၊ ၀၉-၉၆၅၁၅၀၁၉၀**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်တင်မျိုးကျော် ၈/စလန(နိုင်)၂၀၇၅၃၀ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၈၈၆၆၆၂၆**

## ပတ်စ်ပို့ပျောက်

ကျွန်မ မပြည့်သဇ္ဇာဦး ၈/မဘန(နိုင်)၁၁၁၆၂၀ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၈၈၆၆၆၂၆**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ကျော်ရဲအောင် ၈/တတက(နိုင်)၁၉၄၂၈၆ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၈၈၆၆၆၂၆**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ထွန်းနန္ဒာအောင် ၈/မကန(နိုင်)၂၃၈၄၀၄ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၈၈၆၆၆၂၆**

**ဇီဝမျိုးစုံ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

## အမည်မှန်

ပေါက်တောမြို့၊ ဘဝမ်းချောင်းဝစုနေ (ဘ)ဦးမောင်ထွန်းမြင့် ၁၁/ပတန(နိုင်)၀၂၅၂၆၀ ၏သား မောင်မင်းထွန်းဟိန်း၏ အမည်မှန်မှာ မောင်မင်းထွဋ်ဟိန်း ၁၁/ပတန(နိုင်) ၁၃၆၁၀၈ ဖြစ်ပါကြောင်း။

**မောင်မင်းထွဋ်ဟိန်း**

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ**

## ပခုက္ကူမြို့ သာသနစက္ကပ္ပဝတ္တက အသင်းကြီး ကြေညာချက်

ပခုက္ကူမြို့ သာသနစက္ကပ္ပဝတ္တက အသင်းကြီး၏ သာသနလင်္ကာရအကျော် စာမေးပွဲကို ၁၃၈၄-ခုနှစ်(ယခုနှစ်)တွင် ကျင်းပနိုင်မည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

## Aye Su Su Aung Facebook Account ပိုင်ရှင်၊ Min Khant Hlaing နှင့် Tipsy Kg Ly Facebook Account ပိုင်ရှင် ဦးမင်းခန့်လှိုင်တို့နှင့် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(၅၀၃)၊ ဦးပွားဂုံးကျော် အနောက်ဘက်အဆင်း၊ စစ်ကိုင်းလမ်းခွဲရှိ "ဖွဲ့သီဟ"ခေါက်ဆွဲနှင့် အအေးဆိုင်ပိုင်ရှင် ဦးဝမ်းကြည်နှင့် ဒေါ်သက်သက်ဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

Aye Su Su Aung Facebook Account၊ Min Khant Hlaing Account နှင့် Tipsy Kg Ly Facebook Account တို့မှ ၃၀-၁၁-၂၀၂၂ ရက်က ကျွန်ုပ်အမှုသည်များဖြစ်သော "ဖွဲ့သီဟ"ခေါက်ဆွဲဆိုင် Page မှ အမည်ကို ကူးယူဖော်ပြ၍ နစ်နာစေအောင် တမင်ရည်ရွယ်ပြီး ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြုကာ ယင်း Facebook Account များနှင့် လူမှုကွန်ရက်စာမျက်နှာတို့တွင် မမှန်မကန်ဖော်ပြကာ ကျွန်ုပ်အမှုသည် လင်မယားအား ဂုဏ်သရေညှိုးနွမ်းစေပြီး အသရေပျက်စေအောင် ပို့စ်တင်ထားခဲ့သည်ကို တွေ့ခဲ့ရပါသည်။ "ဖွဲ့သီဟ" ခေါက်ဆွဲဆိုင်လုပ်ငန်းသည် မန္တလေးမြို့တွင် နှစ်ပေါင်း(၃၀)ကျော် ကောင်းသတင်းဖြင့် အောင်မြင်စွာ လုပ်ကိုင်နေသော လုပ်ငန်းဖြစ်ပြီး ငွေကြေးပြည့်စုံသည့်အပြင် အရှုပ်အရှင်း တစ်စုံတစ်ရာမျှမရှိသော လုပ်ငန်းဖြစ်ပါသည်။ Aye Su Su Aung Facebook Account ပိုင်ရှင်အပါအဝင် ဦးမင်းခန့်လှိုင်တို့နှင့်ပတ်သက်ပြီး ကျွန်ုပ်အမှုသည် "ဖွဲ့သီဟ"ခေါက်ဆွဲပိုင်ရှင် ဦးဝမ်းကြည်နှင့် ဒေါ်သက်သက်ဝင်းတို့ လင်မယားနှစ်ဦးမှာ မည်သို့မျှ ပတ်သက်ဆက်စပ်မှုမရှိဘဲ "ကလိမ်ကကျစ် လင်မယားပါ ဖွဲ့သီဟဆိုတဲ့ ခေါက်ဆွဲဆိုင်လည်းဖွင့်ထားပါတယ်"ဟူသောရေးသား ဖော်ပြခြင်းမျိုးဖြင့် ဖွဲ့သီဟခေါက်ဆွဲဆိုင်၏ အမည်ကောင်းသတင်းဖြင့် ရောင်းဝယ်ဖောက်ကား လုပ်ကိုင်နေခြင်းကို ထိခိုက်နစ်နာစေအောင် တမင်ရည်ရွယ်ပြီး လူမှုကွန်ရက် စာမျက်နှာတွင် မမှန်မကန်ဖော်ပြကာ အများပြည်သူ အထင်အမြင်သေးသိမ်စေရန်နှင့် အသရေပျက်စေအောင်တမင်ရည်ရွယ်ပြီး ဆောင်ရွက်ထားခြင်းကို လူမှုကွန်ရက်တွင် လူသိရှင်ကြား ဝန်ချတောင်းပန်ပြီး တင်ထားသော ပို့စ်အား ဖျက်သိမ်းဖယ်ရှားပေးရန်နှင့် ခုနစ်ရက်အတွင်း တောင်းပန်ဖျက်သိမ်း ဖယ်ရှားခြင်းမရှိပါက မြန်မာနိုင်ငံ တည်ဆဲဥပဒေများနှင့်အညီ ရာဇဝတ်ကြောင်းအရ လည်းကောင်း၊ တရားမကြောင်းအရလည်းကောင်း မလွှဲမရှောင်သာ တရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း အထက်ဖော်ပြပါ Facebook Account ပိုင်ရှင်များနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည်များ၏ သမီးပျိုဖြစ်သူ Zarni Bhone Myat Account ပိုင်ရှင် မလဲ့မွန်သက်အား မငြိမ်းဆုလာဘ်နှင့် ပတ်သက်သိကျွမ်းပြီး လူကြီးမင်း ဦးမင်းခန့်လှိုင်၏လုပ်ငန်းတွင် တရားမဝင်ကြားခံအဖြစ် လုပ်ကိုင်ဆောင်ရွက်စေကြောင်းသိရပြီး မိဘများဖြစ်သော ကျွန်ုပ်အမှုသည်များအား ထိခိုက်နစ်နာစေအောင် ရည်ရွယ်ဆောင်ရွက်ခြင်းမျိုးကို မပြုလုပ်ရန်နှင့် နောက်နောင်တွင် လူကြီးမင်း ဦးမင်းခန့်လှိုင်၏ တရားမဝင် လုပ်ငန်းများတွင် မလဲ့မွန်သက်အား ခိုင်းစေခြင်းမပြုပါရန် ထပ်မံအသိပေး ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဦးဝမ်းကြည်၊ ဒေါ်သက်သက်ဝင်း** | **ဦးအောင်ဇော်သန်း** |
| **"ဖွဲ့သီဟ"** | **တရားလွှတ်တော်ရှေ့နေ** |
| **ခေါက်ဆွဲဆိုင်ပိုင်ရှင်** | **(စဉ်-၈၈၃၈)** |
| | **တိုက်အမှတ်(W-4)၊** |
| | **လမ်း ၇၀၊ ၂၉x၃၀ ကြား၊** |
| | **ချမ်းအေးသာစံမြို့နယ်၊** |
| | **မန္တလေးမြို့၊** |
| | **ဖုန်း-၀၉-၄၀၂၆၃၄၂၃၃** |

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂၁/တိုးချဲ့မိုးကြိုးကွက်သစ်)နေ ဦးသိန်းမောင် (ဘ)ဦးဖိုးခင် ၉/မမန(နိုင်) ၂၀၀၆၉၃မှ (၂-၈-၂၀၁၁)ရက်တွင် ပြင်ဦးလွင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၌ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၉၇၂/ ၂၀၁၁) ဖြင့် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ ၄၅-မြဲမာလာရပ်နေ ဒေါ်လီလန်ရှမ်း(ဘ) ဦးလီကျန်ဖာ ၁၃/ကမန(နိုင်) ၀၆၃၆၇၃အား အသိသက်သေများ ရှေ့မှောက်တွင် လွှဲအပ်ပေးထားခဲ့ပါသည်။ အဆိုပါ အထူးကိုယ်စားလှယ်လွှဲစာ လက်ခံရရှိသူ ဒေါ်လီလန်ရှမ်းသည် (၂၇-၉-၂၀၂၁)ရက်တွင် ကွယ်လွန်သွားခဲ့ပြီဖြစ်သောကြောင့် ဆက်လက်ထားရှိရန် မလိုတော့ပါသဖြင့် အထူးကိုယ်စားလှယ်လွှဲစာကို ယနေ့မှစ၍ အပြီးအပိုင်တဖက်သတ် ပြန်လည်ပယ်ဖျက်ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးသိန်းမောင် ၉/မမန(နိုင်) ၂၀၀၆၉၃**
**တိုးချဲ့မိုးကြိုးကွက်သစ်၊ ရပ်ကွက်ကြီး(၂၁)၊ ပြင်ဦးလွင်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## နယ်စပ်ရေးရာဝန်ကြီးဌာန
## ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန
## နည်းပြ/သရုပ်ပြရာထူးလျှောက်လွှာခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ စစ်ကိုင်းနှင့် ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီ ကောလိပ် ရန်ကုန်/စစ်ကိုင်းတို့တွင် အောက်ပါဘာသာရပ်များအတွက် နည်းပြသရုပ်ပြ (လစာနှုန်း ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူးများ လစ်လပ်လျက်ရှိပါသဖြင့် လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံအား www.moba.gov.mm တွင် Download ရယူပြီး မိမိတာဝန် ထမ်းဆောင်လိုသော သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်များသို့ ပေးပို့လျှောက်ထားနိုင်ပါသည်-

| စဉ် | တက္ကသိုလ်/ ဒီဂရီကောလိပ်များ | လျှောက်ထားနိုင်သည့်ဘာသာရပ်များ |
|---|---|---|
| ၁။ | ဖွံ့ဖြိုးရေးတက္ကသိုလ်၊ စစ်ကိုင်း | ၁။ မြန်မာစာ ၂ နေရာ ၂။ အင်္ဂလိပ်စာ ၂ နေရာ<br>၃။ သမိုင်း ၁ နေရာ ၄။ စီးပွားရေးပညာ ၁ နေရာ |
| ၂။ | ဒီဂရီကောလိပ်၊ ရန်ကုန် | ၁။ မြန်မာစာ ၂ နေရာ ၂။ အင်္ဂလိပ်စာ ၂ နေရာ<br>၃။ သင်္ချာ ၁ နေရာ ၄။ သမိုင်း ၂ နေရာ<br>၅။ ပထဝီဝင် ၁ နေရာ ၆။ ဓာတုဗေဒ ၁ နေရာ<br>၇။ ရူပဗေဒ ၁ နေရာ ၈။ ကွန်ပျူတာသိပ္ပံ ၁ နေရာ<br>၉။ စက်မှုအင်ဂျင်နီယာ ၁ နေရာ<br>၁၀။ အလုပ်ရုံဌာန ၁ နေရာ |
| ၃။ | ဒီဂရီကောလိပ်၊ စစ်ကိုင်း | ၁။ အင်္ဂလိပ်စာ ၂ နေရာ ၂။ သင်္ချာ ၂ နေရာ<br>၃။ သမိုင်း ၃ နေရာ ၄။ ဓာတုဗေဒ ၂ နေရာ<br>၅။ ရူပဗေဒ ၁ နေရာ ၆။ စိတ်ပညာ ၁ နေရာ<br>၇။ ကွန်ပျူတာသိပ္ပံ ၃ နေရာ<br>၈။ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ ၁ နေရာ<br>၉။ စက်မှုအင်ဂျင်နီယာ ၃ နေရာ |

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ဂုဏ်ထူးတန်းဘွဲ့ (Honors)/မဟာတန်းတက်ရောက်ရန် အရည်အချင်းပြည့်မီသူ(Qualified) ဖြစ်ရမည်။(မဟာဘွဲ့ရရှိသူကို ဦးစားပေးမည်)။

(ဂ) ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ ရန်ကုန်/စစ်ကိုင်း အင်ဂျင်နီယာဌာနများအတွက် B.E/ M.E ဘွဲ့ ၊ ဒီဂရီကောလိပ်၊ ရန်ကုန်အလုပ်ရုံဌာနအတွက် B.E(Civil) ဘွဲ့ ရရှိရမည်။

(ဃ) ၁-၁၂-၂၀၂၂ ရက်တွင် အသက် (၃၀)နှစ်ထက် မကျော်လွန်သူ၊ ပါရဂူဘွဲ့ရရှိပြီးသူဖြစ်ပါက အသက် (၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(င) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူ ဖြစ်ရမည်။

(စ) လျှောက်ထားသည့် တက္ကသိုလ်/ဒီဂရီကောလိပ်တွင် အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြုလက်မှတ်ရေးထိုးရမည်။

(ဆ) ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေး ၂ ကြိမ် ထိုးနှံပြီးသူဖြစ်ရမည်။

(ဇ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း (Removal) ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ အသေးစိတ်အချက်အလက်များအား နယ်စပ်ရေးရာဝန်ကြီးဌာန website www.moba.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ်(၇၄၅)၊ ဧရိယာ ၀ဒသမ ၀၉၆ဧက၊ ၂၀-၅/၁၉၉၃-၉၄(စီ)ဖြင့် ဦးကျော်တင့်မှ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်အား ၎င်း၏ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်အိသန္တာကျော် ၅/မမတ(နိုင်)၀၉၃၂၃၆မှ ရောင်းဝယ်စာချုပ် ၄၂၉ I/၂၀၂၂ ဖြင့် ဦးအောင်ကျော်နိုင် ၅/ရဥန(နိုင်)၀၉၂၃၄၀ ထံ ရောင်းချပေးပြီးဖြစ်၍ အမည်ပြောင်းအသစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း(၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန၊**
**လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ်(၉၃)၊ ဧရိယာ ၀ ဒသမ ၉၁၈ဧက၊ ၁၈၉-၅/၂၀၁၅-၁၆(A)ဖြင့် ဦးသိန်းလွင်မှ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်အား ဦးသိန်းလွင်မှ ရောင်း/ဝယ်စာချုပ်(၃၅၃I/၂၀၂၂) ဖြင့် Denko TradingCo;ltd၊ ဥက္ကဋ္ဌဦးချစ်ခိုင် ၁၂/အစန(နိုင်)၀၇၈၂၆၃ထံ ရောင်းချပေးပြီးဖြစ်၍ Denko Trading Co;ltd ဥက္ကဋ္ဌ ဦးချစ်ခိုင်၏ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးလှမင်းသိမ်း ၁၂/မရက(နိုင်)၁၂၆၆၄၆ မှ အမည်ပြောင်း ထပ်မံအသစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း(၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန၊**
**လားရှိုးမြို့**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ တံတားဦးမြို့နယ်၊ ငွေးဆောင်အုပ်စု၊ သပြေငူကျေးရွာနေ ဦးစိန်အောင် ၉/တတဥ(နိုင်)၀၀၂၄၂၄ နှင့် သားဖြစ်သည့် ဦးခင်မောင်ဝေ ၉/တတဥ(နိုင်)၀၀၂၄၁၈တို့မှ အများသိစေရန်အတွက် ကြေညာအပ်ပါသည်။

